www.burmeseclassic.com



# ငြိမ်းချမ်းရေးစည်တော်ကြီးကို မည်သူတွေ တီးခတ်ကြမည်နည်း

နှင့်

## ပညာရေးဆိုင်ရာဆောင်းပါးများ

ဒေါက်တာအရှင်ဓမ္မပိယ(ပါဠိမဟာဂ္ဂ)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းချမ်းရေးစည်တော်ကြီးကို မည်သူတွေ တီးခတ်ကြမည်နည်း

ဒေါက်တာမမ္မပိယ (IBTMU)

မြကြာငုံစာအုပ်တိုက်
အမှတ် (၅၄)၊ ဆူဝင်လမ်း၊
မဟာနိုးမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၃၈၄၅၅၀၈

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀၊ ၂၀၁၂-ခု၊ နိုဝင်ဘာလ

မျက်နှာဖုံးဒီဇိုင်း * ဗဂျီလင်းဝဏ္ဏ

စီစဉ်သူ * ဒေါ်နှင်းငွေရည်

ထုတ်ဝေသူ * ဒေါ်သင်းသင်းမွန်
သင်းစာပေ
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
ကမာရွတ်။

ပုံနှိပ်သူ * ကာလာဓံ ပုံနှိပ်တိုက်။

ဖြန့်ချိရေး * မြကြာငံ့စာအုပ်တိုက်
အမှတ် (၅၄)၊ အုတ်လမ်း၊
ရွှေစံတိဂုံဘုရား အရှေ့ဖက်
မုခ်ဦး၊ ရန်ကုန်မြို့။

စာအုပ်ချုပ် * အလှင်းအိမ်

တန်ဖိုး * ၇၀၀ ကျပ်

၂၆၄.၃

ဓမ္မပီယ၊ ဒေါက်တာ အရှင်
ငြိမ်းချမ်းရေး စည်တော်ကြီးကို မည်သူတွေ တီးခတ်ကြမည်နည်း / ဒေါက်တာအရှင်ဓမ္မပီယ။ - ရန်ကုန်၊ သင်းစာပေ၊ ၂၀၁၂။
စာ - ၁၄၄၊ ၁၀ . ၄၁ x ၁၇ . ၁၅ စင်တီ။
(၁) ငြိမ်းချမ်းရေးစည်တော်ကြီးကို မည်သူတွေ တီးခတ်ကြမည်နည်း

# မာတိကာ


| | | |
|---|---|---|
| ၁။ | တက္ကသိုလ်ပညာရေးကို ဘယ်လို ပြုပြင်ပြောင်းလဲကြမလဲ | ၁ |
| ၂။ | ငြိမ်းချမ်းရေး စည်တော်ကြီးကို မည်သူတွေ တီးခတ်ကြမည်နည်း | ၁၅ |
| ၃။ | ပညာရေး မူဝါဒကို ပြန်လည် ပြုပြင်ပေးမည်ဆိုလျှင် | ၂၉ |
| ၄။ | ပညာရဲရင့် ပွဲလယ်တင့်နိုင်ဖို့ဆိုတာ | ၄၄ |
| ၅။ | ပညာမြင့်မှ လူမျိုးတင့်မည်ဆိုလျှင် | ၅၈ |
| ၆။ | လမ်းဆုံးမရှိတဲ့ ဒီခရီး | ၇၂ |
| ၇။ | ဗုဒ္ဓဝါဒီ ရှုမြင်တဲ့ ဒီမိုကရေစီနိုင်ငံဆိုတာ | ၈၆ |
| ၈။ | ဗုဒ္ဓဝါဒီနှင့် ဒီမိုကရေစီ နိုင်ငံတော် | ၁၀၂ |
| ၉။ | လူ့စည်းကမ်း လမ်းစည်းကမ်း | [illegible] |
| ၁၀။ | လွတ်လပ်စွာ ကိုးကွယ်ခွင့်မူကို မည်သူတွေက ပြဋ္ဌာန်းပေးသနည်း | ၁၃၃ |


www.burmeseclassic.com

www.burmeseclassic.com

# ဒေါက်တာစမ္မဝိယ

## ထုတ်ဝေပြီး စာအုပ်များ



## တက္ကသိုလ်ပညာရေးကို ဘယ်လို ပြုပြင်ပြောင်းလဲကြမလဲ

ယနေ့ မြန်မာနိုင်ငံရဲ့အခြေအနေ…။ လူပြောသူပြောများနေတဲ့သတင်းက ပညာရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေး သတင်းများပါ။ ``ပေါက်ပင် ဘာကြောင့်ကိုင်းခဲ့ရတယ်'' ဆိုတဲ့ အမေးကို အဖြေဖော်ထုတ်နိုင်ရေးအတွက် နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများပူးပေါင်းပြီး အဖြေကို ရှာဖွေညှိနှိုင်းနေကြခြင်းပါ။ အထူးသဖြင့် ပညာရေးမူဝါဒများ ပြုပြင်ပြောင်းလဲနိုင်ဖို့ပါ။ လွန်ခဲ့တဲ့သုံးရက်ခန့်က ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ နည်းပညာတက္ကသိုလ်ကြီးနှစ်ခုကို အဆင့်မြင့် တက္ကသိုလ်ကြီးများ ဖြစ်လာနိုင်စေရန် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဆိုတဲ့ သတင်းကို ရေဒီယိုမှတဆင့် ကြားသိရ၍ ဝမ်းသာကြည်နူးဖြစ်မိခြင်းပါ။ ပညာရေးသတင်းမို့ အထူးစိတ်ဝင်စားမိခြင်းပါ။

မိုးကြာနံ့စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲတော့မည်ဆိုလျှင် အဘယ်သို့ ပြုပြင်ပြောင်းလဲကြမည်နည်း။ အဖြေရှာနိုင်ဖို့ပါ။ စဉ်းစားရမယ့်အချက်တွေ များစွာရှိနေသော်လည်း အရေးကြီးတဲ့အချက်ကို အဓိကထားပြီး စဉ်းစားနိုင်ကြဖို့ပါ။ ဘာကြောင့် ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲချင်ကြတာလဲ။ ဘယ်လို ပြုပြင်ပြောင်းလဲမှာလဲ။ ဘယ်နေရာတွေမှာ အဓိကထားပြီး ပြုပြင်ပြောင်းလဲမှာလဲ။ ဘယ်အချိန်မှာ ပြုပြင်ပြောင်းလဲကြမှာလဲ။

## အနှောင်အဖွဲ့ကင်းတဲ့ မူဝါဒ

ပညာရေးမူဝါဒများကို ရေးဆွဲတဲ့အခါမှာ အနှောင်အဖွဲ့များ ကင်းရှင်းပြီး လွတ်လွတ်လပ်လပ် ရေးဆွဲနိုင်ဖို့ပါ။ ထိုသို့ရေးဆွဲရာ၌ လွှတ်တော်နှစ်ရပ်မှာ ပါဝင်နေတဲ့ပညာရှင်များသာမက ပြည်သူထဲမှာ ခေတ်အမြင်လည်းရှိ၊ နိုင်ငံတကာပညာရေးအတွေ့အကြုံများလည်းရှိတဲ့ ရဟန်းပညာရှိ၊ လူပညာရှိပုဂ္ဂိုလ်များပါ ပါဝင်နိုင်ဖို့ပါ။ သို့မဟုတ် ထိုပုဂ္ဂိုလ်များ၏ အကြံဉာဏ်ကောင်းများကိုပါ ရယူနိုင်ဖို့ပါ။ ဒါမှသာ ပညာရေး ပြုပြင်ပြောင်းလဲရေးကဏ္ဍ၌ ပိုမိုအသက်ဝင်လာနိုင်မှာပါ။ ပညာရေးမူဝါဒများကို ရေးဆွဲပြဋ္ဌာန်းပေးရာမှာ လူကောင်းသော်လည်း မူမကောင်းခဲ့လျှင် (သို့မဟုတ်)





မူကောင်းသော်လည်း လူမကောင်းခဲ့လျှင် မြန်မာနိုင်ငံရဲ့ ပညာရေးဟာ ကမ္ဘာ့အဆင့်မီ ပညာရေးမျိုး ဖြစ်လာနိုင်မည် မဟုတ်ပါ။ ခေတ်နှင့်လည်း လျော်ညီပြီး၊ စနစ်နှင့်လည်း လျော်ညီနိုင်တဲ့ ပညာရေးမူဝါဒများကို ပညာရှင်များ ပါဝင်ညှိနှိုင်း၍ ပြဋ္ဌာန်းပေးနိုင်ဖို့ပါ။ ပညာရေးကောင်းမွန်လျှင် လူကောင်း၊ လူတော်များလည်း ပေါ်ထွန်းလာမှာပါ။

ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲရာမှာ ခေတ်အမြင်နည်းပါးတဲ့၊ နိုင်ငံတကာ ပညာရေး အတွေ့အကြုံများ နည်းပါးတဲ့ ရှေးရိုးဝါဒီ ပညာရှင်ကြီးများအား ပြုပြင်ပြောင်းလဲရေးတာဝန်ကို လုံးဝဥဿုံကြီး ပုံမအပ်မိကြဖို့ပါ။ နိုင်ငံနှင့်လူမျိုးအတွက် မလိုအပ်ဘဲ ရှေးရိုးသင်ကြားနည်းစနစ်များကို ဖက်တွယ်ထားဦးမည်ဆိုလျှင် သမိုင်းကောင်းတို့ သမိုင်းပြောင်းသွားနိုင်လို့ပါ။ သမိုင်းထဲက အဖြစ်အပျက်လေး တစ်ခုပါ။

သာကီဝင်မင်းတို့နှင့် ဆွေမျိုးတော်စပ်ချင်လွန်းလို့ သာကီဝင်မင်းမျိုးထဲမှ အမျိုးကောင်းသမီးဖြစ်တဲ့ သာကီဝင်မင်းသမီးလေးတစ်ယောက်ကို ထိမ်းမြားလက်ထပ်ရန် တောင်းခံလာတဲ့ ကောသလဘုရင်ကို ဇာတိဂုဏ်မောက်လှတဲ့ သာကီဝင်မင်းမျိုးတွေဟာ သူတို့ သမီးများနဲ့ မတူမတန်ရာလို့ အထင်ရောက်ကာ ကျွန်မတစ်ယောက်ကို မင်းသမီးအသွင်



www.burmeseclassic.com

www.burmeseclassic.com



စံတင်၍ ပေးအပ်လိုက်တဲ့ကိစ္စ။ ထိုစံတင်ထားတဲ့မင်းသမီးမှ မွေးဖွားလာတဲ့မင်းသားလေးက ဝိဋူဋဘ။ ဆွေမျိုးတွေကို တွေ့ချင်လွန်းလို့ ဆွေမျိုးတွေရှိရာ သာကီဝင်မင်းတို့ရဲ့ နိုင်ငံကို အလာ ကျွန်မတစ်ယောက်ရဲ့သားအသွင်နဲ့ ဆက်ဆံခံရတာကို သိရှိသွားတဲ့အခါ ဝိဋူဋဘ မင်းသားလေးဟာ စိတ်ထဲမှာ နာကျည်းလွန်းလို့ သာကီဝင်မင်းမျိုးတွေကို မျိုးတုံးသုတ်သင် သတ်ပစ်ခဲ့ခြင်းပါ။

ဇာတိသွေး၊ ဇာတိမာန်တို့ဆိုတာ မလိုအပ်တဲ့နေရာမျိုးမှာ အသုံးချခဲ့ရင် သမိုင်းပျောက်လို့မရနိုင်တဲ့ အဖြစ်အပျက်တွေ ရာဇဝင်တွေထဲမှာ၊ သမိုင်းတွေထဲမှာ သင်ခန်းစာအဖြစ် ယူနိုင်ကြဖို့ပါ။ ပညာတုံးရင် လူမျိုးပါအညွန့်တုံးတတ်တာမို့ သတိများလည်း ထားနိုင်ကြဖို့ပါ။

## တက္ကသိုလ်ကြီးများကို ပြန်လည်အသက်သွင်းပေးကြပါ

"ပညာရေးမှာလည်း အပျက်ရှိရင် အဖြစ်ရှိနိုင်တာပဲ မဟုတ်လား" လို့ တစ်စုံတစ်ယောက်က မေးကောင်း မေးလာနိုင်ခြင်းပါ။ ထိုစကားဟာ အခါအားလျော်စွာ မှန်နိုင်ပေမယ့် အခါခပ်သိမ်း မမှန်နိုင်ပါ။ ပြောချင်တာက အပျက်တွေချည်း ဆက်ဖြစ်နေတာမျိုးတွေလည်း ရှိနေတတ်တာမို့ သတိတရားနဲ့ ဆင်ခြင်နိုင်ဖို့ပါ။ သို့သော် လောကသဘာဝက





အရာရာတိုင်းမှာ အကြောင်းရှိရင် အကျိုးသက်ရောက်မှုမျိုး ရှိနေတယ် ဆိုတာကို လက်ခံထားပြီးသားပါ။ အဖြစ်မှာလည်း အကျိုးသက်ရောက်မှု ရှိသလို၊ အပျက်မှာလည်း အကျိုးသက်ရောက်မှုမျိုး ရှိနိုင်ခြင်းပါ။ အကျိုးသက်ရောက်မှုမျိုး ဆိုတာ သူနေရာသူရှိနေမှ ပိုမိုထင်ပေါ်စေနိုင်တာပါ။ ဥပမာ၊ စစ်သည်တို့ရဲ့စွမ်းရည်ဟာ စစ်မြေပြင်ရောက်မှ ထွန်းပြောင်နိုင်သလို၊ ပညာရှင်တို့ရဲ့စွမ်းရည်ဟာ အနှောင်အဖွဲ့ကင်းတဲ့ နေရာမျိုးမှာ ပိုမိုထွန်းလင်း တောက်ပနိုင်တာပါ။ မြန်မာနိုင်ငံမှာ ကမ္ဘာ့အဆင့်မီတဲ့ တက္ကသိုလ်ကြီးများ တစ်ချိန်တစ်ခါက ရှိခဲ့ဖူးပြီးသားပါ။ ဆိုလိုတာက ပညာရှင်များရဲ့ ပြဋ္ဌာန်းပေးခဲ့တဲ့ ပညာရေးမူဝါဒများဟာ ပညာရေးသမိုင်းဟာ တစ်ချိန်တစ်ခါ က အောင်အောင်မြင်မြင် ရှိခဲ့ဖူးပြီးသားပါ။ ဥပမာ၊ နာမည်ကြီးလှတဲ့ (RIT) သို့မဟုတ် ရန်ကုန် စက်မှုတက္ကသိုလ်ကြီးမျိုးပါ။

ထိုရန်ကုန်စက်မှုတက္ကသိုလ်ကြီးကို ၁၉၂၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းပါ။ ထိုတက္ကသိုလ်ကြီးရဲ့ မူလနာမည်က RIT (Rangoon Institute of Technology) ဆိုတဲ့အမည်နဲ့ တည်ရှိခဲ့တာပါ။ ၁၉၉၀ ခုနှစ်မှာ RIT ကနေ YIT (Yangon Institute of Technology) သို့ အမည်နာမသစ်ကို မွေးဖွားပေးလိုက်ကြခြင်းပါ။ ၁၉၉၁-



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်တွင် မန္တလေးမြို့မှာ စက်မှုတက္ကသိုလ်ကျောင်းတော်ကြီး တစ်ခု၊ MIT (Mandalay Institute of Technology) ဆိုတဲ့အမည်ကို ပိုင်ဆိုင်ထားခဲ့ကြတာပါ။ သို့သော် မမှန်မကန်ဖြစ်လာတဲ့ ပညာရေးမူဝါဒများကြောင့် ထိုတက္ကသိုလ်ကြီးများရဲ့ ပညာရေးအဆင့်အတန်းများဟာ တဖြည်းဖြည်းနှင့် နိမ့်ကျသွားခဲ့ခြင်းပါ။

၁၉၉၈ ခုနှစ်မှာတော့ စင်္ကာပူနိုင်ငံမှာရှိတဲ့ နန်ယန်းယူနီဗာစီတီ (Nanyang Technological University) (NTU) နှင့် တန်းတူအဆင့်ပြုသောအားဖြင့် YIT ကနေ YTU (Yangon Technological University) ဆိုတဲ့ အမည်နာမသစ် ဖြစ်ပေါ်လာခြင်းပါ။ သို့သော် ၁၉၉၉-ခုနှစ်နှင့် ၂၀၀၀ ခုနှစ် စာသင်နှစ်လွန် နှစ်များ နောက်ပိုင်းမှာတော့ YTU ဆိုတဲ့ အမည်နာမဟာ တဖြည်းဖြည်းချင်း မှေးမှိန်ပျောက်ကွယ်သွားခြင်းပါ။ ကမ္ဘာ့အဆင့်မှီတဲ့ RIT စက်မှုတက္ကသိုလ်ကြီးဟာ သဘာ်ရသဘောတရားကို မလွန်ဆန်နိုင်လို့လား၊ သို့မဟုတ် ညံ့ဖျင်းတဲ့ ပညာရေးပေါ်လစီများကြောင့်လားဆိုတာ ဘယ်သူမှ သဲသဲကွဲကွဲ ဖော်ပြနိုင်စွမ်း ရှိမည်မဟုတ်ပါ။ ဒီလိုဖြစ်သွားရတာ ဘာကြောင့်လဲ။ စဉ်းစားဝေဖန်နိုင်ဖို့ပါ။

ထို့ကြောင့် ဖြစ်နိုင်မယ်ဆိုလျှင် နိုင်ငံတော်ခေါင်းဆောင်များဟာ ကျောင်းပရဝုန်များမှအစ ကြက်သရေရှိလှတဲ့





စက်မှုတက္ကသိုလ်ကျောင်းတော်ကြီးကို တိုင်းပြည်နှင့်လူမျိုးအတွက် ပြန်လည်အသက်သွင်းပေးဖို့ အကြံပြုလိုခြင်းပါ။

**အပြောလျော့ပြီး အလုပ်နဲ့ သက်သေပြကြဖို့။**

ခေတ်နှင့်လျော်ညီတဲ့ ပညာရေးမူဝါဒများကို ဘာကြောင့် ပြန်လည်ပြုပြင်လိုကြသနည်း။ အကြောင်းရင်းကို ရှာကြည့်တဲ့အခါ မြန်မာနိုင်ငံ၌ ယခုလက်ရှိကျင့်သုံးနေတဲ့ ပညာရေးစနစ်များဟာ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးများကို မမှီတော့တဲ့ နိမ့်ကျနေတဲ့ ပညာရေးစနစ်များနှင့် လည်ပတ်နေလို့ပါ။ ဒီလိုဆိုလျှင် ပညာရေးစနစ်များ ကောင်းမွန်လာနိုင်ဖို့ ရပ်ကွက်ရှင်လူ ပညာရှင်များပါ ပူးပေါင်းပါဝင်လာနိုင်ဖို့ အကြံပြု ဆွေးနွေးလာနိုင်ဖို့ ပြုလုပ်ပေးနိုင်ကြဖို့ပါ။ ဒီလိုလုပ်ပေးနိုင်မယ်ဆိုရင်တော့ ပညာရေးပြုပြင်ပြောင်းလဲရေးမှာ ပိုမိုအဓိပ္ပါယ် ရှိလာနိုင်မှာပါ။ ပညာရေးနှင့်ပတ်သက်ပြီး ဂရိဖီလိုဆိုဖာကြီး ဆိုကရီးတီးစ် အကြံပြုထားတာကတော့ -

"ကျွန်ုပ်တို့ကို သဘာဝတရားကြီးက နားနှစ်ဖက်၊ မျက်စိနှစ်လုံးကို ပေးအပ်ခဲ့တယ်။ ဒါပေမယ့် လျှာကိုတော့ တစ်ခုတည်းပဲ ပေးအပ်ခဲ့တယ်။ ဒါကြောင့် ကျွန်ုပ်တို့တွေဟာ ဘဝရဲ့နောက်ဆုံး ထွက်သက်ဖြစ်တဲ့ အချိန်မျိုးအထိ ကျွန်ုပ်တို့ပါးစပ်ကချည်း ပြောနေတာမျိုးထက် မျက်လုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာတို့၊ နားတွေနဲ့နားထောင်ပေးတာမျိုးကို ပိုပြီး ပြုလုပ်သင့်တယ်'' လို့ အဆိုပြုထားခဲ့ခြင်းပါ။ စိတ်အထင်နဲ့ ထင်ရာတွေကို ပါးစပ်က တတွတ်တွတ် ပြောဆိုနေခြင်းမျိုးထက် အမြင်၊ အကြားတို့မှ ရရှိလာတဲ့ ဗဟုသုတများဖြင့် အမှန်တရားကို ရှာဖွေနိုင်ဖို့ တိုက်တွန်းထားခြင်းပါ။

ပညာရေးနဲ့ပတ်သက်ပြီး အပြောကို လျှော့ပြီး စေတနာ၊ ကရုဏာများနှင့် အလုပ်ကို ပီပီပြင်ပြင် လုပ်နိုင်ကြဖို့ပါ။ တစ်ခါက အမေရိကန်နိုင်ငံ၊ အာရီဇိုးနာပြည်နယ် တက္ကသိုလ်တစ်ခုမှ ပညာသင်ပြီး မြန်မာပြည်ကို ပြန်လာတဲ့ သိပ္ပံဘာသာရပ်နှင့် ဒေါက်တာဘွဲ့ရ ကျောင်းသူတစ်ဦးက ပြောဖူးတယ်။

သူကတော့ မြန်မာပြည်က တက္ကသိုလ်တွေမှာ အလုပ်ဝင်မလုပ်နိုင်ဘူးတဲ့။ ဘာကြောင့်လဲဆိုရင် မြန်မာပြည်က တက္ကသိုလ်တွေမှာ သင်ကြားရေးအပိုင်းမှာသာ အထူးပြုပြီး၊ သုတေသနပြုတဲ့အပိုင်းမှာ အတော်ကို အားနည်းနေတယ်တဲ့။ တက္ကသိုလ်အများစုမှာ သုတေသနဌာနဆိုတာ အမည်သာရှိပေမဲ့ သုတေသနလုပ်ငန်းကို ဘာမှမလုပ်နိုင်ကြဘူးတဲ့။ အဲဒီတက္ကသိုလ်တွေမှာ သူအလုပ်ဝင်လုပ်ခဲ့မိရင် သူသင်ထားတဲ့ ပညာရပ်တွေ မတိုးတက်တဲ့အပြင် ဆုတ်ယုတ်သွားမှာကို စိုးလို့ပါတဲ့။ မြန်မာနိုင်ငံရှိ တက္ကသိုလ်များမှာ အလုပ်လုပ်နေကြတဲ့ ပညာရှင်များ စဉ်းစားနိုင်ဖို့ မျှဝေပေးခြင်းပါ။





## သုတေသနဖြင့် သင်ကြားခြင်း

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကျင့်သုံးနေတဲ့ ပညာရေးမူဝါဒများကို ဉာဏ်မီသမျှ ဆွေးနွေးတင်ပြပါရစေ။ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ကျောင်းများသို့ ရောက်လာကြပြီဆိုရင် တက်ရောက်သင်ကြားနေသော တက္ကသိုလ်များ၌ သင်ယူရသောဘာသာရပ်များကို ကျက်မှတ်စေခြင်းထက် သဘောဉာဏ် သက်ရောက်အောင် ဆွေးနွေးခြင်းများကိုပြု၍ သင်ကြားပေးခြင်း၊ ပရောဂျက်များကို ပြုလုပ်စေ၍ သင်ကြားပေးခြင်း၊ စုပေါင်းဆွေးနွေးခြင်းများကို ပြုလုပ်စေ၍ သင်ကြားပေးခြင်း။ သုတေသနပြုလုပ်စေ၍ သင်ကြားပေးခြင်း စတဲ့ ဤသင်ကြားနည်းများကို အသုံးပြုတဲ့စနစ်နဲ့ သင်ကြားပေးခြင်းပါ။

သုံးနှစ်၊ လေးနှစ်ကြာလို့ B.A, B.Sc စတဲ့ အခြေခံဘွဲ့များ ရရှိပြီးလို့ ဘွဲ့လွန်ဖြစ်တဲ့ M.A, M.Sc အဆင့်ရောက်လာတဲ့ ကျောင်းသား၊ ကျောင်းသူများကိုတော့ မိမိကြိုက်နှစ်သက်ရာ ဘာသာရပ် (Major) တစ်ခုကို ရွေးချယ်စေ၍ ထိုဘာသာရပ်ကို နက်နက်နဲနဲ ထိုးထိုးထွင်းထွင်း ရှုမြင်သုံးသပ်တတ်အောင် သင်ကြားပို့ချပေးခြင်းမျိုးပါ။

ဥပမာ၊ အတန်းသားအချင်းချင်း ပြဋ္ဌာန်း စာအုပ်များကိုဖြစ်စေ၊ ဆရာသင်ပေးသော သင်ခန်းစာများကိုဖြစ်စေ ဆွေးနွေးစေ၍ အမြင်ခြင်း ဖလှယ်စေခြင်းများ၊ စာရေး



www.burmeseclassic.com

www.burmeseclassic.com



သူများရဲ့ အာဘော်ကို ကျောင်းသား၊ ကျောင်းသူများမှ သဘောတူညီမှုများရှိ၊ မရှိ၊ မရှိခဲ့လျှင် ဘယ်အကြောင်းကြောင့် ဘယ်အချက်မှာ သဘော တူညီမှုမရှိကြောင်း အနှောင်အဖွဲ့လွတ် ဆွေးနွေး၍ အမြင်ခြင်း ဖလှယ်ခြင်းများ၊ စာကြည့်တိုက်များသို့ မကြာမကြာ သွားရောက်၍ သက်ဆိုင်ရာဘာသာအတွက် Research ခေါ် သုတေသနများကို ပြုလုပ်ခြင်းများ၊ ဘာသာရပ်ဆိုင်ရာများ၌ Field Trip ခေါ် ကွင်းဆင်းလေ့လာခြင်းများ၊ Intership ခေါ် Job training များအဖြစ် ရုံးများ၊ စက်ရုံများ၊ လုပ်ငန်းခွင်ဌာနများသို့ သွားရောက်၍ ဘာသာရပ်ဆိုင်ရာများကို ကိုယ်တိုင်ကိုယ်ကျ လေ့လာ၊ သင်ကြားရခြင်းများ၊ ဤကဲ့သို့ ခေတ်နှင့်လျှော်ညီတဲ့ ပညာရေးစနစ်များ ပါဝင်နေခြင်းပါ။

ထို့ကြောင့် ထိုတက္ကသိုလ်ကြီးများမှ ဘွဲ့ရလာကြသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းတက်နေစဉ်ကပင် လုပ်ငန်းခွင်ဆိုင်ရာ အရည်အချင်းများကို ရရှိထားပြီးဖြစ်၍ ဘွဲ့ရပြီးတဲ့အခါ လုပ်ငန်းခွင်မှာ အခက်အခဲမရှိ တာဝန်များကို လုပ်ဆောင်နိုင်ခြင်းမျိုးပါ။

အဆင့်မြင့်ပညာရေးကို ထိုက်ထိုက်တန်တန်မြင့်တင်ပေးပါ

အချို့ M.A (မဟာဝိဇ္ဇာ) ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများသည် Ph.D ခေါ် ဒေါက်တာဘွဲ့ကို ရယူ





နိုင်ရန် ပညာကို ဆက်လက်သင်ယူကြခြင်းပါ။ Ph.D လယ်ဗယ်၌ ဘာသာရပ်ဆိုင်ရာများကို ပိုမိုနက်ရှိုင်းစွာ သင်ယူကြရခြင်း၊ စာတမ်းတင်ရန် ရွေးချယ်ထားသော ဘာသာရပ်အတွက် သုတေသနလုပ်ငန်းကို ပီပီပြင်ပြင် လုပ်ဆောင်ရခြင်း၊ နက်နဲသော သီအိုရီများကို နည်းအမျိုးမျိုးဖြင့် အဓိပ္ပာယ်များ ဖွင့်ဆိုပြရခြင်း၊ စာကြည့်တိုက်များ၊ လုပ်ငန်းခွင်များမှ သို့မဟုတ် ကွင်းဆင်းလေ့လာခြင်းများမှ ရှာဖွေသိမြင်လာတဲ့ သီအိုရီများ၊ သို့မဟုတ် သုတေသနလုပ်ငန်း အတွေ့အကြုံများကို အခြေခံ၍ ကိုယ်ပိုင်သီအိုရီများကို တင်ပြရခြင်း၊ ဆွေးနွေးရခြင်း စသည်များကို ပါရဂူဘွဲ့နှင့်ထိုက်တန်အောင် သုတေသနများကို ပြုလုပ်ရခြင်းမျိုးပါ။

ထို့ကြောင့် ထိုတက္ကသိုလ်ကြီး များမှ ထွက်ရှိလာသော စာအုပ်စာတမ်းများ၊ သုတေသန ဆိုင်ရာလုပ်ငန်းများ၊ သီအိုရီများသည် နောင်လာနောက်သား ကျောင်းသား၊ ကျောင်းသူများအတွက် (သို့မဟုတ်) အများ ပြည်သူများအတွက် တစ်ကြောင်းမဟုတ် တစ်ကြောင်း ကြောင်းဖြင့် ကျေးဇူးပြုပေးနေခြင်းပါ။ ထို့ကြောင့် ပညာရေး စနစ်များ ကောင်းမွန်တဲ့နိုင်ငံများ၌ ပညာ၏အကျိုးကျေးဇူး များကို ကောင်းစွာသိရှိထားကြ၍ ပညာများကို တစ်ဘွဲ့ပြီး တစ်ဘွဲ့ မပျင်းမရိ ဆက်လက်သင်ယူနေကြခြင်းမှာ အံ့ဖွယ်ရာအကြောင်း မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပညာရေးမူဝါဒများနှင့်ပတ်သက်၍ အနှစ်ချုပ်ကို တင်ပြရလျှင် - နိုင်ငံတကာတက္ကသိုလ်များ၏ ပညာရေးအဆင့်အတန်းများ မြန်မာနိုင်ငံတက္ကသိုလ်များ၏ ပညာရေးမူဝါဒများ၌ ပြဋ္ဌာန်းပေးထားခြင်းမျိုး ရှိ၊ မရှိ စိစစ်နိုင်ကြဖို့ပါ။ အကျဉ်းချုပ်တင်ပြရသော် -

(၁) အကယ်၍သာ မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၏ ပညာရေးမူဝါဒများသည် တက္ကသိုလ်အဆင့်သို့ ရောက်ရှိလာကြသော ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အားလုံးအတွက် (ယခင်အတိုင်း) အလွတ် ကျက်မှတ် သင်ယူနေရဆဲ ဖြစ်နေဦးမည်ဆိုလျှင်၊

(၂) ဘာသာရပ်အားလုံးအတွက် ကျူရှင်များကို (ယခင်အတိုင်း) ဆက်လက် ယူနေကြရဦးမည်ဆိုလျှင်၊

(၃) ကျောင်းသား၊ ကျောင်းသူတိုင်းသည် ဘာသာရပ်ဆိုင်ရာ အဆိုင်းမင့်(Assignment) (အိမ်စာ)များအတွက် စာကြည့်တိုက်သို့ သွားရောက်၍ စာအုပ်စာပေများ ရှာဖွေအသုံးပြုခြင်းကို ကိုယ်တိုင် မလုပ်နိုင်ကြသေးဘူးဆိုလျှင်၊

(၄) ဘာသာရပ်ဆိုင်ရာ အဆိုင်းမင့်များအတွက် လိုအပ်သော ဒေတာများ (အချက်အလက်များ)ကို





အွန်လိုင်းမှလည်းကောင်း၊ စာကြည့်တိုက်များရှိ ကက်တလောက်များ၊ ကွန်ပျူတာများမှလည်းကောင်း သုတေသနစာတမ်း ပြုစုခြင်းမျိုးကို ပြုလုပ်ခြင်းငှာ ကိုယ်တိုင်မစွမ်းနိုင်ကြသေးဘူးဆိုလျှင်၊

(၅) ဖီးလ်ထရစ်ပ် (Field Trip) ခေါ် ကွင်းဆင်းလေ့လာရသော အဆိုင်းမင့်များအတွက် အကြောင်းအချက်အလက်များ စုဆောင်းနိုင်ခြင်း၊ လေ့လာနိုင်ခြင်း၊ သုတေသနပြုနိုင်ခြင်းတို့ကို ကိုယ်တိုင် မပြုလုပ်နိုင်ကြသေးဘူးဆိုလျှင်၊

(၆) အုပ်စုနှင့်ပြုလုပ်ရသော ပရောဂျက်များအတွက် အတန်းသားများနှင့်လည်းကောင်း၊ ခန်းမတွင်းသို့ ရောက်ရှိနေကြသော ဆရာ၊ဆရာမများ၊ ကျောင်းသား မိဘများနှင့်လည်းကောင်း မိမိဘာသာစကားဖြင့် ဖြစ်စေ၊ (အထူးသဖြင့်) အင်္ဂလိပ်ဘာသာစကားဖြင့်ဖြစ်စေ တင်ပြဆွေးနွေးခြင်းများကို ရဲရဲဝံ့ဝံ့ မပြုလုပ်နိုင်ကြသေးဘူးဆိုလျှင်၊

(၇) ပညာရေးမူဝါဒများကို တက္ကသိုလ်အဆင့်အတွက်သာ ပြင်ဆင်ထားခြင်းမျိုးမဟုတ်ဘဲ အခြေခံပညာရေးဖြစ်တဲ့ အလယ်တန်း၊ အထက်တန်းအဆင့်များ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ပြင်ဆင်ထားခြင်းမျိုးကို ကြိုတင်
ပြုလုပ်ပေးထားခြင်းမျိုးကို မပြုလုပ်နိုင်ကြသေးဘူး
ဆိုလျှင်၊

မြန်မာနိုင်ငံတက္ကသိုလ်များ၌ ကျင့်သုံးနေသော ပညာရေးမူဝါဒများသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပညာရေးအဆင့်ရှိသော တက္ကသိုလ်များနှင့် အဆင့်တူထား၍ သတ်မှတ်ပေးနိုင်မည် မဟုတ်ဟု ထင်မြင်မိပါကြောင်း ပညာရေးမူဝါဒများကို ရေးဆွဲအကောင်အထည်ဖော်နေကြတဲ့ ပညာရှင်များအား သိစေခြင်းပါ။

ပညာမြင့်မှ လူမျိုးတင့်နိုင်မှာမို့ လူမျိုးရဲ့ပညာရေးအဆင့်အတန်းများ မြှင့်တင်ပေးနိုင်ရန် ပညာရေးမူဝါဒများကို ကမ္ဘာ့အဆင့်မီ ပညာရေးမျိုးဖြစ်နိုင်အောင် ပီပီပြင်ပြင် ရေးဆွဲနိုင်ကြဖို့ပါ။ တစ်ချိန်တည်းမှာပင် ကျောင်းသား၊ ကျောင်းသူများကို အခွင့်သင့်တိုင်း ပညာရေးလှုံ့ဆော်မှုများကို ပြုလုပ်ပေးနိုင်ကြဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။ ။

(မြန်မာပို့စ် အတွဲ ၄၊ အမှတ် ၃၂။ ဗုဒ္ဓဟူးနေ့၊
ဩဂုတ်လ ၂၂ ရက်၊ ၂၀၁၂ ခုနှစ်)



## ငြိမ်းချမ်းရေးစည်တော်ကြီးကို မည်သူတွေ တီးခတ်ကြမည်နည်း

မပြောမပြီး မတီးမမည် ··· တဲ့။

ဒီစကားအသုံးအနှုန်းလေးကို ဟိုငယ်စဉ်ကတည်းက သဘောကျနေမိခဲ့တာ။ စကားအသုံးအနှုန်းကလေးက တိုပေမဲ့ အဓိပ္ပာယ်က ခန့်ညားထယ်ဝါနေတာကို တွေ့ရလို့ပါ။ ကိုင်တွယ် ဖြေရှင်းရန် ခက်ခဲနေတဲ့ အကြောင်းအရာတစ်ခု၊ သို့မဟုတ် ပြဿနာတစ်ခုကို ဆွေးနွေးပြောဆိုလိုတဲ့အခါမှာ ဒီစကားအသုံးအနှုန်းလေးကို သုံးတတ်ကြလို့ပါ။ အခုလည်း ``မပြောမပြီး မတီးမမည်'' တဲ့ အကြောင်းကိစ္စတစ်ခုအတွက် ဒီစကားအသုံးအနှုန်းလေးကို ပြန်လည်အသုံးပြုလိုက်ခြင်းပါ။ ဆိုလိုရင်းကတော့ မငြိမ်းမချမ်းဖြစ်နေတဲ့ ရခိုင်ပြည်နယ်အတွက် ငြိမ်းချမ်းရေးစည်တော်ကြီးကို မည်သူတွေက တီးခတ်ကြမလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီဆောင်းပါးကို



www.burmeseclassic.com

www.burmeseclassic.com



ရေးသားလိုက်ခြင်းပါ။ ငြိမ်းချမ်းရေးလိုလားသူတိုင်းကို ထာဝရ ကြိုဆိုနေလျှက်ပါ။

ယနေ့ မြန်မာနိုင်ငံတော်ဟာ ဒီမိုကရေစီစနစ်ဆီသို ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနေဆဲကာလဖြစ်လို့ တိုင်းပြည်အတွက် အရေးကြီးတဲ့ အချိန်ကာလလို့ဆိုရမှာပါ။ ဒီကြားထဲ မထင်မှတ်ပဲ ရခိုင်ပြည်နယ် အရေးခင်းကြီးဖြစ်လာတော့ နိုင်ငံခေါင်းဆောင်များအတွက် တာဝန်တစ်ခု ပိုလာခြင်းပါ။ ဒီအရေးအခင်း စတင်ဖြစ်ပွားခဲ့တာက ဇလပိုင်း၊ (၃)ရက်နေ့ကဆိုတော့ နှစ်လကျော်ကျော်ပင် ရှိသွားပြီ။ ပြဿနာက လူမျိုးရေး၊ ဘာသာရေးအသွင်မျိုးဖြစ်နေတော့ သိမ်မွေ့နက်ရှိုင်းတဲ့ နိုင်ငံရေး အသွင်မျိုးပါဖြစ်နေတာမို့ နိုင်ငံတကာအရေး ဖြစ်မှန်းမသိ ဖြစ်သွားခဲ့ရခြင်းပါ။

မနေ့က (၂၀၁၂-ခု၊ ဇူလိုင်လ ၃၁-ရက်နေ့က) ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ သောမတ်စ် အိုဟား ကင်တားနား အခင်းဖြစ်ပွားရာ မောင်တောမြို့သို့ သွားရောက်ခွင့်ပေးရတဲ့အထိ ဖြစ်သွားခဲ့ရခြင်းပါ။

မစ္စတာ ကင်တားနား မောင်တောမြို့မှာရှိနေစဉ် ရခိုင်လူမျိုး ၂၀၀ လောက်က နိုင်ငံတော် အလံတွေ၊ ပိုစတာတွေကို ကိုင်ဆောင်ပြီး လမ်းဘေးမှာ ငြိမ်းချမ်းစွာ စီတန်းရပ်လျှက် သူတို့ဆန္ဒများကို ထုတ်ဖော်ခဲ့ကြခြင်းပါ။





'နိုင်ငံတော် သမ္မတကြီးရဲ့ ဆုံးဖြတ်ချက်ကို လေးစားပါ၊ အချုပ်အခြာ အာဏာကို လေးစားပါ၊ တိုင်းရင်းသားတို့ရဲ့ လူ့အခွင့်အရေးများကို လေးစားပါ၊ မှုမှုတတ ဆက်ဆံပါ' ဆိုတဲ့ ကြွေးကြော်သံတွေကို ကြားရတော့ ရခိုင်တိုင်းရင်းသားတွေအတွက် ရင်ထဲမှာ ဝမ်းနည်းမိသလိုလို ခံစားမိခြင်းပါ။

## သံသယစိတ်တွေ ဖြစ်နေမိ

ရခိုင်အရေးအခင်းရဲ့ မူလအခြေအမြစ်က ရခိုင်မိန်းမပျိုလေးတစ်ယောက်ကို အစ္စလာမ် ဘာသာဝင် သုံးယောက်က အကြမ်းဖက်၍ အဓမ္မပြုကျင့်ခဲ့တဲ့ဖြစ်ရပ်က စတင်ဖြစ်ပွားလာခြင်းပါ။ ပုဂ္ဂိုလ်ရေး စော်ကားမှုကအစ ဒီပြဿနာကို အစပျိုးခဲ့ခြင်းပါ။ တရားဥပဒေနှင့် ဖြေရှင်းလို့ရနိုင်သော်လည်း ဒေါသအဟုန်နှင့် အချင်းချင်း တုန့်ပြန်ခဲ့ကြတာဆိုတော့ ပြဿနာက မကြီးထွားသင့်ဘဲ ကြီးထွားလာခြင်းပါ။

ဒီမိုကရေစီစနစ်ဆီသို့ အသွင် ကူးပြောင်းဆဲကာလမှာ တိုင်းပြည်ငြိမ်းချမ်းရေးကို မလိုလားနိုင်သူတွေက လူမှုရေးပြဿနာကို တိုင်းရေး၊ ပြည်ရေး ပြဿနာအသွင်၊ လူမျိုးရေးပြဿနာအသွင်၊ ဘာသာရေးပြဿနာအသွင် ကူးပြောင်းသွားအောင် ပညာသားပါပါဖြင့် ဖန်တီးလိုက်ကြခြင်းပါ။ အခြေခံပြောရမယ်ဆိုရင်တော့ တိုင်းပြည်တစ်ခုရဲ့ တည်ငြိမ်အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



ရေးကို ကိုယ်ကျိုးစီးပွား (ကိုယ့်လူမျိုးရဲ့အကျိုးစီးပွားများ) ရလိုမှုအတွက် ခြေတစ်လှမ်း ပြင်လိုက်ခြင်းလို့ ဆိုရမှာပါ။ ဒီအတွက် သံသယစိတ်တွေများစွာ ဖြစ်ပွားနေမိခြင်းပါ။

တကယ်တော့ တိုင်းပြည်တွင်းမှာ ဖြစ်ပေါ်လာတဲ့ ဘယ်လိုပြဿနာမျိုးမဆို ... ။ လူမျိုးရေးပြဿနာပဲဖြစ်ဖြစ်၊ ဘာသာရေးပြဿနာပဲဖြစ်ဖြစ်၊ တိုင်းရေး၊ ပြည်ရေးပြဿနာမျိုးပဲဖြစ်ဖြစ်၊ တိုင်းပြည်တွင်းမှာ နေသူများနှင့်သာ သက်ဆိုင်နေခြင်းဖြစ်လို့ လူမျိုးရေးဆိုင်ရာခေါင်းဆောင်များ၊ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များ၊ အာဏာပိုင်အဖွဲ့အစည်းများပါ ပူးပေါင်းပြီး၊ အတူတကွ ညှိနှိုင်းဆွေးနွေးနိုင်ကြဖို့ပါ။ ငြိမ်းငြိမ်းချမ်းချမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်ကြဖို့ပါ။

တကယ်ဆိုရင် ဘယ်နိုင်ငံ၊ ဘယ်ဥပဒေမျိုးနှင့် စံထား စံထား ဖြစ်သင့်တာကတော့ နိုင်ငံတကာရှိ လူမျိုးစုများက ဘာသာရေးအသွင်နှင့် ပါဝင်ပတ်သက်နေခြင်းမျိုး မရှိသင့်ပါ။ သူ့နိုင်ငံမှာနေရင် သူ့နိုင်ငံရဲ့ တရားဥပဒေအတိုင်း နေကြရမှာပါ။

နောက်ခံအထောက်အပံ့ကောင်းလို့ အတင့်ရဲတာ၊ မထေ့မဲ့မြင် ပြုလုပ်တာ၊ မီဒီယာများကို ငွေကြေးဓနဖြင့် စည်းရုံး၍ အမှားကိုအမှန်၊ အမှန်ကိုအမှားပြုလုပ်တာမျိုးဟာ လူ့အခွင့်အရေးကို လေးစားလိုက်နာသူတို့ ပြုမှုတဲ့ အပြုအမူမျိုး





မဟုတ်ပါ။ ထိုသို့ပြုမှုခြင်းများဟာ ထိုသူများ ကိုယ်တိုင် လူ့အခွင့်အရေးများကို အင်အားသုံး၍ ချိုးဖောက်နေကြခြင်းပါ။

## ဘက်ပေါင်းစုံက ပါဝင်ပတ်သက်လာကြခြင်း

ပြည်တွင်းမှာဖြစ်ပေါ်လာတဲ့ ပြဿနာတစ်ရပ်အပေါ်မှာ ပြည်တွင်းမှာပဲ အချင်းချင်း ညှိနှိုင်းဆွေးနွေးရမဲ့ကိစ္စကို နိုင်ငံတကာမှ အသွင်တူတဲ့လူမျိုးစုများ ပါဝင်ပတ်သက်လာခြင်း၊ ဘာသာတူတဲ့ ဘာသာရေးအဖွဲ့အစည်းများ ပါဝင်ပတ်သက်လာခြင်း၊ နိုင်ငံခြားမှ တဖက်စောင်းနင်းရှိတဲ့ သတင်းမီဒီယာများ ပါဝင်ပတ်သက်လာခြင်းများဟာ တိုင်းပြည်တစ်ပြည်ရဲ့ ငြိမ်းချမ်းရေးကို ဖေးမကူညီရာမရောက်ဘဲ သတ်ထိုး၍ အသွင်တစ်မျိုးဖြင့် ငြိမ်းချမ်းရေးကို ဖျက်ဆီးနေခြင်းမျိုးပါ။ နိုင်ငံကြီးမှာနေသူများ နိုင်ငံကြီးသားစိတ်များ မွေးမြူနိုင်ကြဖို့ပါ။

ရခိုင်ပြည်နယ်အရေးအခင်းနှင့်ပတ်သက်၍ ပြောစရာတွေကတော့ တစ်ပုံတစ်ပင်ပါ။ ဒါပေမဲ့ အဓိက ပြောလိုတဲ့ အချက်ကတော့ ရခိုင်အရေးခင်းမှာ တကယ်ဒုက္ခရောက်သွားသူ အများစုက ရခိုင်ပြည်နယ်ဖွား ရခိုင်တိုင်းရင်းသားများပါ။ ဟိန္ဒူဘာသာဝင်ဖြစ်တဲ့ ဘင်္ဂါလီလူမျိုးများ၊ အစ္စလာမ်ဘာသာဝင်ဖြစ်တဲ့ ဘင်္ဂါလီလူမျိုးများလည်း ပါတော့ပါဝင်နေပေမယ့် အနည်းစုပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအရေးအခင်းကို အခွင့်သင့်၊ အခါသင့် ယူ၍ ဘာသာရေးအဓိကရုဏ်းအသွင် တမင်ဖန်တီးပြီး ကမ္ဘာ့ပြည်သူများကို မျက်စိလည်သွားအောင် ပြုလုပ်ပြလိုက်နိုင်ခြင်းပါ။ အစ္စလမ်ဘာသာဝင် ဘင်္ဂါလီလူမျိုးများဟာ ရိုဟင်ဂျာဆိုတဲ့ အသုံးအနှုန်းကို တွင်တွင်သုံးသုံးပြီး၊ ရိုဟင်ဂျာလူမျိုးများကို ဒေသခံတိုင်းရင်းသားများအသွင် ကမ္ဘာ့စင်မြင့်ပေါ်တွင် အသံကောင်းများ ဟစ်တင်၍ အယ်လ်ကေဒါများနှင့် ပူးပေါင်းပြီး နိုင်ငံတကာမှာ အယ်လ်ကေဒါများ ကျင့်သုံးတဲ့ အကြမ်းဖက်မှုဝါဒများကို ကျင့်သုံးလျှက် ရခိုင်ပြည်နယ်ကအစ တိုင်းပြည်ကြီးကိုပါ သိမ်းပိုက်နိုင်ရန် ခြေလှမ်းများ တွင်တွင်လှမ်းလာခြင်းမျိုးများ ဖြစ်နေမလားလို့ သံသယစိတ်များပင် ဖြစ်ပေါ်နေမိခြင်းပါ။

ပါကစ္စတန်နိုင်ငံသမိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမိုင်းများကို ပြန်လှန်သုံးသပ်မိရင်း တွေးဆမိခြင်းပါ။ အမျိုးသားရေး စိတ်ဓာတ်ရှိကြတဲ့ ရဟန်းရှင်လူများ ပညာသတိဖြင့် ညှိနှိုင်းကြည့်နိုင်ကြဖို့ပါ။

## ဥပဒေထဲက တိုင်းရင်းသားအဓိပ္ပါယ်

ရိုဟင်ဂျာဆိုတဲ့ ဝေါဟာရအသုံးအနှုန်းဟာ Rohingya ဆိုတဲ့ အာရပ်စကားမှ ဆင်းသက်လာပြီး၊ သနားကရုဏာ





ရှိခြင်း သို့မဟုတ် ခွင့်လွှတ်တတ်ခြင်းဆိုတဲ့ အဓိပ္ပါယ်ရှိတယ်လို့ပဲပြောပြော၊ ရိုဟင်ဂျာဆိုတာ မူလက ရုဟာဆိုတဲ့ လူမျိုးနွယ်စု (အာဖဂန်နစ္စတန်)မှ ဆင်းသက် လာတယ်ပဲပြောပြော ရခိုင်တိုင်းရင်းသားအစစ် မဟုတ်တာ တော့ အထူးရှင်းပြဖွယ်လိုမည်မထင်ပါ။

မြန်မာပြည်မှာ အနေကြာသည်ဖြစ်စေ၊ အနေမကြာသည်ဖြစ်စေ။ တရားဥပဒေဖြင့် ပြဋ္ဌာန်းပေးထားခြင်းမျိုး မရှိသေးသမျှ ကာလပတ်လုံး မြို့နယ်ခွဲထူထောင်ဖို့ဆိုတာမျိုး၊ ပြည်နယ်ခွဲထူထောင်ဖို့ ဆိုတာမျိုးတွေဟာ ဥပဒေမဲ့တွေးခေါ်ထားတဲ့ အတွေးအခေါ်များ ဖြစ်နေခြင်းပါ။

နိုင်ငံတစ်ငံရဲ့ဥပဒေဆိုတာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ထိုနိုင်ငံတွင်းမှာ နေသူများ လိုက်နာကြရမှာပါ။ ဥပမာ၊ မလေးရှားနိုင်ငံမှာ လွတ်လပ်ရေး မရခင် (၁၉၅၇-ခုနှစ်တွင် လွတ်လပ်ရေး ရခဲ့သည်) နှစ်ပေါင်းများစွာကတည်းက မလေးရှားနိုင်ငံမှာ အခြေချနေနိုင်ကြတဲ့ တရုပ်လူမျိုးများ ယခုအချိန်အထိ ဘူမိပုတြ စာရင်း၌ ထည့်သွင်းဖော်ပြခံရခြင်း မရှိသေးသည်ကို ထောက်ထား၍ လည်းကောင်း၊ ဆယ်စုနှစ်များ နှစ်ခါကျော်နေထိုင်၍ အမေရိကန်နိုင်ငံသားများအဖြစ် ခံယူထားကြသူများပင် ဖြစ်နေကြသော်လည်း မြန်မာဆိုတဲ့ အမည်နာမလေးတစ်ခုကို ဟရားဝင်



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုမပေးသေးတာ (ဥပမာ၊ မြန်မာလူမျိုးစုအတွက် မြန်မာဘာသာဖြင့် ကားမောင်းလိုင်စင် ဖြေခွင့်မရှိခြင်း စသည်မျိုး၊ လျှောက်ပုံစံများတွင် အာရှမျိုးနွယ်စု၌ မြန်မာဆိုတဲ့ သီးခြားနာမည်ကို ဖော်ပြပေးခြင်း မရှိသေးတာမျိုး)ကို လူ့အခွင့်အရေးများ ဆုံးရှုံးနေပါတယ်လို့ ပြောလို့မရနိုင်ပါ။

ထိုနည်းတူစွာပင် ရိုဟင်ဂျာဆိုတဲ့ အမည်နာမတစ်ခုကို နိုင်ငံတော်မှ တရားဝင် အသိအမှတ် ပြုမပေးသေးတာကို လူ့အခွင့်အရေးများ ဆုံးရှုံးနေပါတယ်လို့ ဇွတ်အတင်းကြီး ပြောဆိုနေမည်ဆိုလျှင် ယထာဘူတ ကျ၊ မကျ သမိုင်းသုတေသီများ၊ ဘာသာရေး အစွန်းရောက်နေသူများ၊ တဖက်စောင်းနင်းရှိတဲ့ သတင်းမီဒီယာများ စဉ်းစားနိုင်ကြဖို့ပါ။

သမိုင်းမှာ သမိုင်းကြောင်းမကောင်းသူများကို တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ရှိသူများက စောင့်ကြည့်နိုင်ဖို့၊ လိုအပ်လာလျှင် တိုင်းရင်းသားများ (ငြိမ်းချမ်းစွာနေတဲ့ တိုင်းရင်းသားများအားလုံး) ကို ကာကွယ်စောင့်ရှောက်နိုင်ကြဖို့ပါ။

ငြိမ်းချမ်းရေးကို လိုလားသူများဆိုတာ ရဟန်းပဲဖြစ်ဖြစ်၊ ရှင်ပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ ဘာသာဝင်ပဲဖြစ်ဖြစ်၊ ဘာသာမဲ့ပဲဖြစ်ဖြစ် တစ်ဦးကိုတစ်ဦး ချစ်ကြည်ရှိသေလျှက်





အချင်းချင်း ညီညီညွတ်ညွတ်နှင့် တိုင်းပြည်အတွင်းမှာ ငြိမ်းချမ်းစွာ နေထိုင်ကြဖို့ပါ။ အမှန်တကယ်တော့ မြန်မာနိုင်ငံတော်၏ တရားဥပဒေနှင့်အညီ လဝကရုံးများ၌ တရားဝင်မွေးစာရင်းများ ရှိနေမည်ဆိုလျှင် ပြည်တွင်းမှာ မွေးဖွားတဲ့ တိုင်းရင်းသားများအားလုံးဟာ ငြိမ်းချမ်းစွာ တရားဝင်နေထိုင်ခွင့်နှင့် တိုင်းရင်းသားအခွင့်အရေးများကို ရပိုင်ခွင့်မျိုးဆိုတာ မလွဲမသွေ ရှိကြရမှာပါ။

သို့သော် ခြွင်းချက်ထား၍ ပြောရမည်ဆိုလျှင်တော့ မြန်မာနိုင်ငံသား မှတ်ပုံတင်မရှိသူများ၊ သို့မဟုတ် နိုင်ငံသားမှတ်ပုံတင်အတုမျိုးကို ကိုင်ဆောင်ထားသူများ ဖြစ်နေခဲ့မည်ဆိုလျှင်တော့ တိုင်းရင်းသား အခွင့်အရေးများကို မရရှိနိုင်သည့်အပြင် တရားဥပဒေအရ အရေးယူမှုများကိုပါ မလွဲမသွေ ခံကြရမှာပါ။

တိုင်းရင်းသားဆိုတာ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်နိုင်ကြပြီး ပြည်တွင်းမှာ ဖြစ်ပေါ်လာတဲ့ ငြိမ်းချမ်းရေးရဲ့ အဟန့်အတားများဖြစ်တဲ့ ပြဿနာများကို အတူတကွ ဖြေရှင်းကြရမှာပါ။ အားကိုးရှိလို့ ထစ်ခနဲဆို မိုက်ပြတာမျိုး၊ တိုင်းရင်းသားအချင်းချင်း အင်အားသုံး၍ တိုက်ခိုက်ပြတာမျိုးကို ဘယ်နိုင်ငံ၊ ဘယ်အစိုးရကမှ ခွင့်လွှတ်နိုင်မည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဒါက ဘယ်လို အမိကရုဏ်းမျိုးလဲ

မြန်မာပြည်ဖွား တိုင်းရင်းသားများဖြစ်ခဲ့လျှင် ဘယ်တိုင်းရင်းသားမျိုးမဆို နိုင်ငံတော်မှ ဥပဒေနှင့်အညီ ကာကွယ်ပေးကြရမှာပါ။ ရခိုင်အရေးခင်းနှင့် ပတ်သက်၍ မည်သူများတယ်၊ မည်သူ မှန်တယ်ဆိုတဲ့ အမေးကို အဖြေပေးဖို့ ခက်ခဲတဲ့ အနေအထားမျိုးမှာ ရှိနေဆဲပါ။

သို့သော် ဘယ်လိုပင် ရခိုင်အရေးအခင်းကို ဘာသာရေး အမိကရုဏ်းအသွင်ရောက်အောင် ကြိုးစား၍ ဖန်တီးကြသော်လည်းပဲ ဘာသာရေးအမိကရုဏ်း မဟုတ်ဘူးဆိုတာကတော့ ထင်သာ၊ မြင်သာရှိနေခြင်းပါ။ ဘာကြောင့်လဲဆိုရင် မြန်မာရဟန်းတော်များ ပါဝင်လာမှု မရှိခြင်း၊ ဗလီကျောင်းများကို မဖျက်ဆီးခြင်းစတဲ့ ဘာသာရေးအမိကရုဏ်းရဲ့ သင်္ကေတများ အရိပ်အရောင်မျှ မတွေ့ရလို့ပါ။

ရခိုင်တိုင်းရင်းသူဖြစ်တဲ့ အမျိုးသမီးများ အစည်းအရုံး ဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းက မြန်မာနိုင်ငံကို ရောက်ရှိနေတဲ့ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာ သောမတ်စ် ကင်တားနားကို တောင်းဆိုထားတာက -

"တချို့ အပြည်ပြည်ဆိုင်ရာ သတင်းတွေထဲမှာ သတင်းတွေ ပြောတဲ့နေရာတွေမှာ ဆိုလို့ရှိရင် အရမ်းကို တဘက်စောင်းနင်း ဖြစ်ပြီးတော့မှ ရခိုင်ပြည်နယ်အတွင်းမှာ





တကယ့်ကို ဒုက္ခခံစားနေရတဲ့ ရခိုင်တွေ အကြောင်းကို လုံးဝဖော်ပြမထားတဲ့ အချက်တွေကိုလည်း ကျွန်မတို့အနေနဲ့ အင်မတန်မှ စိတ်မကောင်းဖြစ်ရပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်မအနေနဲ့ မစ္စတာ ကင်တားနားကို အထူး မေတ္တာရပ်ခံချင်တာက ရခိုင်ပြည်မှာ ဒီဒုက္ခသည် ဖြစ်ပေါ်လာဖို့ရာအတွက် ဘယ်သူတွေက ဒီပြဿနာတွေကို အရင်ဆုံး ဖန်တီးခဲ့သလဲ။ အသေအချာ စီစစ်ပြီးမှ အပြည်ပြည်ဆိုင်ရာက လူတွေသိအောင် သေချာမှန်ကန်တဲ့ Report တစ်ခုထုတ်ဖို့ ကျွန်မ မေတ္တာရပ်ခံထားခြင်းပါ" တဲ့။

နောက်ပြီး သူမက ဆက်လက်တောင်းဆိုထားတာက - "ဒါ့အပြင် ရသေ့တောင်၊ မောင်တောနဲ့ ဘူးသီးတောင် နယ်စပ်မြို့သုံးမြို့မှာ ရခိုင်တိုင်းရင်းသား ဦးရေနည်းပါးလာနေတာတွေ၊ တခြားလူမျိုးများစွာ အတူနေထိုင်ကြပေမဲ့ ရိုဟင်ဂျာ လူမျိုးများနဲ့သာ အမိကရုဏ်း ဖြစ်ပွားရတာတွေကို သေချာစွာ စစ်ဆေးပေးဖို့လည်း ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာကို ရခိုင်အမျိုးသမီးများ အစည်းအရုံးက မေတ္တာရပ်ခံလိုက်ပါတယ်" လို့ ထပ်မံတောင်းဆိုထားခြင်းပါ။

## ပေါက်ပင်ဘာကြောင့် ကိုင်းရသလဲ

ဒီနေရာမှာ ရခိုင်အရေးအခင်းနှင့်ပတ်သက်၍ "ပေါက်ပင် ဘာကြောင့် ကိုင်းရတယ်" ဆိုတဲ့ အဖြေကို



www.burmeseclassic.com

www.burmeseclassic.com



ရာဖို့ထက် ရခိုင်ပြည်နယ်ဖွား တိုင်းရင်းသားများအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေးက ပို၍အရေးကြီးတဲ့ အရေးဖြစ်လာခြင်းပါ။ တိုင်းရင်းသား မဟုတ်သူများ၊ တိုင်းရင်းသား မှတ်ပုံတင်အတုများကို ကိုင်ဆောင်ထားသူများကို တရားဥပဒေနှင့်အညီ အရေးယူပေးမယ်ဆိုလျှင် အမြန်နှင့်အမဲ မကြာခင်ပဲ သဲသဲကွဲကွဲ ဖြစ်လာမှာပါ။ ငြိမ်းချမ်းရေးကို မျှော်လင့်သူနှင့် ငြိမ်းချမ်းရေးကို ဖျက်ဆီးသူများအကြား တရားဥပဒေနှင့်အညီ ခွဲခြားဆုံးဖြတ်လာနိုင်မှာပါ။ မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီစနစ်နှင့်အညီ တရားဥပဒေ စိုးမိုးနိုင်ရေးအတွက် ပြည်သူ၊ ပြည်သားများ အတူပါဝင်ကြဖို့ပါ။ တိုင်းရင်းသား၊ တိုင်းရင်းသူများလည်း ပူးပေါင်းဝင်ကြဖို့ပါ။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် တိုင်းပြည်သို့ ပြောကြားခဲ့တဲ့ မိန့်ခွန်းစကား၊ ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာနဲ့ နိုင်ငံခြားရေးဝန်ကြီးတို့ရဲ့ စကားတွေဟာလည်း ငြိမ်းချမ်းရေးအတွက် တန်ဖိုးရှိတဲ့ စကားတွေပါ။ လွန်ခဲ့တဲ့ ငါးရက်ခန့်က ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်ဝန်ကြီးများ၏ ပြောဆိုချက်အရ ဘူးသီးတောင်၊ မောင်တောဒေသများ၌ မူလဒေသခံ ရခိုင်လူမျိုးများဟာ မူလနေထိုင်ရာများ၌ ဆက်လက်နေထိုင်ဖို့ အန္တရာယ်များ၊





အခက်အခဲများ ရှိလာတာကြောင့် ပြောင်းရွှေ့သွားကြလို့ ယခုအခါ ရခိုင်တိုင်းရင်းသားများမှာ ဘူးသီးတောင်၊ မောင်တောဒေသများ၌ ခြောက်ရာခိုင်နှုန်းသာ ကျန်တော့တဲ့အကြောင်း ကြားသိရ၍ စိတ်မကောင်းဖြစ်မိခြင်းပါ။ ပေါက်ပင်ဘာကြောင့်ကိုင်းရတဲ့အဖြေမှာ ဗျိုင်းနားလို့ ကိုင်းရခြင်းမျိုးမဟုတ်တော့ပဲ လူဆွဲလို့ ကိုင်းရခြင်းဖြစ်ကြောင်း ထင်သာမြင်သာ ရှိလာခြင်းပါ။

## ငြိမ်းချမ်းရေးကို ကြိုဆိုပါ

ထို့ကြောင့် တရားမျှတပြီး၊ ငြိမ်းချမ်းစွာ အတူတကွနေထိုင်နိုင်ဖို့ ပထမဦးစားပေးအနေနှင့် ရခိုင်တိုင်းရင်းသားများ (ငြိမ်းချမ်းစွာ နေထိုင်လိုသော အားလုံးသော တိုင်းရင်းသားများ)တို့ရဲ့ လုံခြုံရေးအတွက် ရဲစခန်းများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ လုံခြုံရေးတပ်များ တိုးမြှင့်ချထားပေးခြင်းများကို နိုင်ငံတော်မှ မလွဲမသွေ အလျှင်အမြန် ပြုလုပ်ပေးကြဖို့ပါ။ သားအဖွန္တရာယ်များအကြား ရောက်ရှိနေတဲ့ ရခိုင်တိုင်းရင်းသားများ ရှိရာသို့ အလျှင်အမြန် သွားရောက်၍ ရိက္ခာများ ထောက်ပံ့ပေးခြင်း၊ နောက်ထပ် တစ်ဖန် တိုင်းရင်းသားများ အသေအပျောက် မရှိရအောင် အစောင့်အရှောက်များ ထပ်မံ တိုးချခြင်းများကို အလျှင်အမြန် ပြုလုပ်ပေးကြဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အထူးတိုက်တွန်းလိုသည်မှာ တိုင်းပြည်ကြီးလည်း ငြိမ်းချမ်းနိုင်ဖို့၊ တိုင်းရင်းသားများလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ကြဖို့အတွက် တိုင်းရင်းသားအချင်းချင်း အာဃာတတရားများကို မေတ္တာစိတ်များဖြင့် ဖယ်ရှားပေးကြဖို့ပါ။ အမုန်းတရားများကို နားလည်ခွင့်လွှတ်နိုင်တဲ့ စိတ်ထားများဖြင့် ကျေအေးပေးကြဖို့ပါ။ နိုင်ငံအတွင်းမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ကြဖို့ပါ။

ပြောလိုရင်းကတော့ ငြိမ်းချမ်းရေးစည်တော်ကြီးကို မည်သူမဆို တီးခတ်နိုင်တာမို့ ငြိမ်းချမ်းရေးကို လိုလားသူတိုင်း ငြိမ်းချမ်းရေးစည်တော်ကြီးကို မရပ်မနား တီးခတ်ပေးကြဖို့။ အမျိုးဘာသာ သာသနာအတွက် ဘာသာသာသနာစိတ်ရှိသူတိုင်း၊ မျိုးချစ်စိတ်ရှိသူတိုင်း ငြိမ်းချမ်းရေးစည်တော်ကြီးကို ငြိမ်းငြိမ်ချမ်းချမ်းဖြင့် ထာဝရ တီးခတ်နေနိုင်ကြဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

(မြန်မာပို့စ် အတွဲ ၄၊ အမှတ် ၃၀။ ဗုဒ္ဓဟူးနေ့၊
ဩဂုတ်လ ၈ ရက်၊ ၂၀၁၂ ခုနှစ်)



## ပညာရေးမူဝါဒကို ပြန်လည်ပြုပြင်ပေးမည်ဆိုလျှင်

“ပညာရဲရင့် ပွဲလယ်တင့်”တဲ့။ မြန်မာတို့ရဲ့ ဆိုရိုးစကားပါ။ ဒီစကားနှင့်စပ်ပြီး စဉ်းစားစရာတွေက အများကြီး။ ပညာရဲရင့်လျှင် (သို့မဟုတ်) ပညာရှင်တစ်ယောက်ဖြစ်ခဲ့မည်ဆိုလျှင် ပွဲလယ်တင့်မည်လို့ ဆိုရိုးပြုထားတဲ့ စကားပါ။ ဒါပေမဲ့ မြန်မာလူမျိုးများ ကမ္ဘာ့အလယ်မှာ မတင့်တယ်နိုင်သေးတဲ့အဖြစ်၊ မဝင့်ထယ်နိုင်သေးတဲ့အဖြစ်ပါ။ ပညာအရည်အချင်းများ နည်းပါးနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများမှာ အလုပ်သမားဘဝနဲ့ (များသောအားဖြင့်) ကျင်လည်နေကြရဆဲပါ။

ဒီလိုဖြစ်နေရတဲ့အကြောင်းရင်းကို ရှာကြည့်တော့ သင်ကြားပို့ချပေးတဲ့ ပညာရေးစနစ်ကပဲ စနစ်မမှန်လို့လား။ ပြဋ္ဌာန်းပေးထားတဲ့ ဘာသာရပ်တွေကပဲ လွဲချော်နေလို့လား။



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် သင်ကြား ပို့ချပေးသူများကပဲ သင်ကြားနည်းစနစ်များ မမှန်လို့လား။ တစ်ခုခုတော့ လွဲမှားနေလို့ဖြစ်မှာပါ။ ဒါဆိုရင် ပညာရေးစနစ်ကို ပြန်လည်ပြုပြင်ဖို့ (Education Reform လုပ်ဖို့) ဘယ်သူမှာ တာဝန်ရှိသလဲ။ အဖြေကတော့ ရှင်းနေတာပါ။ နိုင်ငံသားတိုင်းမှာ တာဝန်ရှိနေတာပါ။

သို့သော် နိုင်ငံတော်က ပညာရေးစနစ်ကို ခေတ်နှင့် တန်းဝင်အောင် (သို့မဟုတ်) ခေတ်စနစ်နှင့် ညီအောင် ပြန်လည်ပြင်ဆင်ပေးခြင်းမျိုးကို ဥပဒေပြဋ္ဌာန်းပြီး ပြုလုပ်မပေးနိုင်သေးဘူးဆိုလျှင် "တောကြောင်တွေ လက်ခမောင်းခတ်" ဖို့ အခွင့်အရေးမျိုးသာ ဖြစ်နေဦးမှာပါ။ ဥပဒေနဲ့ပြဋ္ဌာန်းပေးထားတာမျိုးမဟုတ်သေးဘူးဆိုလျှင် ပြည်သူတွေဖက်ကလည်း ဘာမှကူညီပေးနိုင်ဦးမည်မဟုတ်ပါ။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ထောင်နိုင်ရန် ပညာရေးအခန်းကဏ္ဍ၏ အရေးပါမှုကို နိုင်ငံတော်မှ လေးလေးနက်နက် စဉ်းစားနိုင်ဖို့ပါ။

## ပညာရေးများ နိမ့်ကျနေလို့လား

မြန်မာလူမျိုးများရဲ့ ပညာရေးအဆင့်အတန်းများ ဘယ်လောက်များ နိမ့်ကျနေလို့လည်းလို့ မျိုးချစ်ဝါဒီများက ပြန်လည်ချေပကောင်း ချေပကြမှာပါ။ ရှည်ရှည်ဝေးဝေး





မပြောလိုပါ။ မြန်မာနိုင်ငံမှ အခြေခံပညာ အထက်တန်း စာမေးပွဲကို အောင်မြင်ထားသူတစ်ယောက်က နိုင်ငံခြား တက္ကသိုလ်တစ်ခုခုသို့ တက်ရောက်ပညာသင်ကြားလိုလျှင် (ဘယ်ဝင်ခွင့်စာမေးပွဲကိုမှ မဖြေရပဲ) လက်ခံနိုင်တဲ့ တက္ကသိုလ် ဘယ်နိုင်ငံမှာရှိသလဲ ပြောကြားဖို့ပါ။

ခြွင်းချက်ထား၍ ပြောရမည်ဆိုလျှင်တော့ စင်္ကာပူ နိုင်ငံမှာရှိတဲ့ တက္ကသိုလ်အချို့က ပညာရေး ထူးချွန်သော မြန်မာနိုင်ငံမှ ကျောင်းသားတစ်ယောက်စ၊ နှစ်ယောက်စကို (ဝင်ခွင့်မဖြေရပဲ) လက်ခံတယ်ဆိုတာကိုတော့ ကြားဖူးပါရဲ့။ ဒါမျိုးကတော့ အဆန်းမဟုတ်ပါ။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဆယ်တန်းစာမေးပွဲတွင် တော့ပ်တင်း (top ten)ဝင်ထားတဲ့ ကျောင်းသားမျိုး၊ ငါးဘာသာ၊ ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသားမျိုးကို ရွေးကောက်ခေါ်ယူထားတာဖြစ်လို့ မဆန်းဘူးလို့ ပြောလိုက်ခြင်းပါ။ ဒီအချက်ကိုလည်း သိထားဖို့ပါ။

ပညာရေးဆိုတာ တစ်ဦးတစ်ယောက်တည်းဆိုင်တဲ့ ကိစ္စ၊ မိသားစုတစ်စုတည်းဆိုင်တဲ့ကိစ္စမျိုး မဟုတ်ပါ။ ပညာရေးဆိုတာ နိုင်ငံသားအားလုံးအတွက်ပါ။ သို့သော် ပညာဆိုတာ ယူတတ်သူမှ ရတာပါ။ ရောင်းလို့ ဝယ်လို့ရတဲ့ ရောင်းကုန်မျိုးမဟုတ်လေတော့ ပညာတန်ဖိုးကို အဖိုးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ မလွယ်ပါ။ ဒီလိုဆိုရင် ဘာ့ကြောင့် မြန်မာပြည်မှာ လူအချို့က ''ပညာကို ငွေနဲ့ဝယ်မှ ရနိုင်တယ်'' လို့ ပြောနေကြတာလဲ။ ပြောစရာပါ။ သူတို့စကားက ဘာကို ပြောချင်တာလဲ။ စဉ်းစားနိုင်ဖို့ပါ။ အဖြေကတော့ ရိုးရိုးစင်းစင်းလေး။ ပညာရေးမှာ ပြဌာန်းထားတဲ့စနစ် မှုမမှန်လို့ပါ။

ဂရိခေတ်က ပညာရေးစနစ်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါ ဆိုကရေးတီးစ်က ပညာကို အရောင်းအဝယ်မျိုး မဖြစ်ရအောင် ကျောင်းသားများကို ပညာဒါနပြုပြီး ပညာကို စေတနာနဲ့ သင်ပေးခဲ့သူပါ။ ဒီတော့ အခကြေးငွေယူပြီး ပညာသင်ပေးတဲ့ ဆရာများအုပ်စုက ဆိုကရေးတီးစ်ဟာ ကျောင်းသားများအား ဘုရားသခင်အပေါ်မှာ ယုံကြည်မှုတွေကို ဖျက်ဆီးနေသူ၊ ကျောင်းသားများရဲ့ စိတ်ဓာတ်များကို ဖျက်ဆီးနေသူရယ်လို့ စွဲချက်တင်ပြီး ရုံးတော်မှာ အစစ်ဆေးခံရတဲ့အထိဖြစ်ခဲ့တာ။ ရုံးတော်ရဲ့ဆုံးဖြတ်ချက်အရ နောက်ဆုံးပြစ်ဒဏ်က တိုင်းပြည်က ထွက်ခွာသွားချင်ရင်လည်းသွား၊ သို့မဟုတ် အဆိပ်သောက်၍ သေနိုင်ရင်လည်းသေ။ အဖြေက ဒီနှစ်မျိုးပါ။

ဖေါက်ပြန်ရေးသမားမဟုတ်တဲ့ ဆိုကရေးတီးစ်က သူလုပ်နေတဲ့အလုပ်ဟာ အမှားမဟုတ်ဘူးဆိုတာ ယုံကြည်ထားတာဖြစ်လို့ သူ့ရဲ့စေတနာ၊ သူ့ရဲ့သစ္စာကို တိုင်းသူ၊





ပြည်သားတွေ တစ်နေ့နေ့တော့ သိလာမှာပါလို့ သက်သေထူပြထားခဲ့ချင်တဲ့အတွက် အဆိပ်သောက်ပြီး သေသွားခဲ့သူပါ။

ပညာရေးစနစ်နှင့်ပတ်သက်ပြီး ဆွေးနွေးပြောဆိုရမည်ဆိုလျှင် ပညာရေးစနစ်များ မှန်ကန်လျှင် ကျောင်းသား၊ ကျောင်းသူများ ကျူရှင်တက်ရန်မလိုပါ။ ကျောင်းသင်ခန်းစာ၊ အိမ်စာများနဲ့ပင် လုံလောက်ပြီး ကျူရှင်မလိုတဲ့စနစ်မျိုးပါ။

ဥပမာ၊ ပညာရေးစနစ်များ မှန်ကန်စွာ ကျင့်သုံးတဲ့ အနောက်တိုင်းနိုင်ငံများ၌ (အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ စသည့်နိုင်ငံများ၌) အခြေခံ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဘာသာရပ်များ၊ တက္ကသိုလ်ဘာသာရပ်များ အတွက် ကျူရှင်တက်ဖို့ မလိုပါ။

## ကျူရှင်မလိုတဲ့ ပညာရေး

သင်္ချာဘာသာရပ်တို့လို၊ သိပ္ပံဘာသာရပ်တို့လို၊ အင်္ဂလိပ်စာဘာသာရပ်တို့လို ဘာသာရပ်မျိုး၌ နားမလည်ရင် မေးမြန်းနိုင်ရန် ကျူတာများကို ထားပေးခြင်းပါ။ သို့သော် ထိုကျူတာများကို စာသင်ပြ ပေးတဲ့အတွက် ကျူရှင်ဖိုးကို ကျောင်းသားက ပေးရန်မလိုပါ (ကျောင်းများ၊ တက္ကသိုလ်များက ပေးသည်)။ မြန်မာနိုင်ငံမှာတော့ ပညာရေးမှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com



(မူလတန်းပညာရေးကအစ) ကျူရှင်ခများကို ပေးနေရခြင်းပါ။ အစိုးရပိုင်ကျောင်းများမှာလည်း ဘာခ၊ ညာခနဲ့ ပိုက်ဆံပေးရ၊ ပညာရေးဝန်ထမ်းများကိုလည်း ဟိုအတွက်၊ ဒီအတွက်နဲ့ ပိုက်ဆံပေးရ၊ ကျူရှင်တွေမှာလည်း ကျူရှင်ခတွေ ပေးရမို့ မိဘများအတွက် ချောင်လည်လှသည်တော့ မဟုတ်ပါ။ မိဘချင်း ကိုယ်ချင်းစာနာနိုင်ဖို့ပါ။

ပိုက်ဆံမတတ်နိုင်သူ ဆင်းရဲသားမိသားစုများမှ ပေါက်ဖွားလာရသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာကို အခမဲ့သင်ပေးသော ဘကကျောင်း (ဘုန်းတော်ကြီးသင်ပညာရေးကျောင်း)များလို ပညာဒါနပေးတဲ့ ကျောင်းများ (အနည်းငယ်) ရှိနေသေးသည့်အတွက် တော်ပါသေးရဲ့ဟု နှလုံးသွင်းလျှက် စိတ်သက်သာရာ ရမိခြင်းပါ။ သို့သော် ဘကကျောင်းများမှာ ဆိုကရေးတီး ကိန်းများ ဆိုက်နေ၍လားမသိ အခက်အခဲများစွာနှင့် ကြုံတွေ့နေရခြင်းပါ။

ပိုက်ဆံမတတ်နိုင်၍ ဘုန်းတော်ကြီးသင်ကျောင်းများ၌ တက်ရောက်ပညာသင်ကြားနေရသော ကိုးတန်း၊ ဆယ်တန်း ကျောင်းသား၊ ကျောင်းသူများအား နှစ်ကျမဟုတ်ခဲ့လျှင် ပညာရေးမှူးများမှ အပြင်ဖြေခွင့်ကို ခွင့်ပြုမပေးနိုင်တာမျိုးတို့ပါ။ (သို့သော် အချို့မြို့နယ်များ၌ ဖြေခွင့်ပြုပြီး၊ အချို့မြို့နယ်များ၌ ဖြေခွင့်မပြုနိုင်တာမျိုးပါ။) ဘာကြောင့်





နည်း။ အဖြေက ပညာရေးစနစ် မမှန်ကန်လို့ပါ။ ဒီအဖြေပဲ ထွက်တာပါ။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို နိုင်ငံတော်အစိုးရမှ အထက်တန်းကျောင်းများ အဆင့်သို့ တိုးမြှင့်ပေးရတာမျိုးကို ဘာ့ကြောင့် တာဝန်တွေ ကြီးလေးနေရသလဲဆိုတဲ့အချက်။ နိုင်ငံပိုင်ကျောင်းများ၌လည်း ထ-တွဲများ တွဲပေးမည်ဆိုလျှင် တွဲပေးနိုင်ပါလျက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအား ထ-တွဲ ကျောင်းများ ပြုလုပ်မပေးရဲတဲ့အချက်။ ဒီအချက်တွေကြောင့် နိုင်ငံနဲ့လူမျိုးအတွက် အများကြီးနစ်နာ နေတာပါ။ ဒါတွေကို နိုင်ငံတော်က သတိမူနိုင်မည်မဟုတ်ပါ။

ပညာလိုချင်ပါလျှက် ပညာရရေးအတွက် စာမေးပွဲများကို အပြင်ဖြေဆိုခွင့် မရရှာကြသော ကျောင်းသား၊ ကျောင်းသူများအတွက် နစ်နာနေခြင်းပါ။ ကျောင်းသား၊ ကျောင်းသူများ နစ်နာနေခြင်းအတွက် တိုင်းပြည်မှာလည်း နစ်နာနေခြင်းပါ။ ထို့ကြောင့် နိုင်ငံတော်မှ ပညာရေးအတွက် ဥပဒေများကို ပြန်လည်ပြင်ဆင်ပေးမည်ဆိုလျှင် အပြင်ဖြေ ကျောင်းသား၊ ကျောင်းသူများ မနစ်နာစေရေးနှင့် ဘက ကျောင်းများကို အထက်တန်းကျောင်းများ (သို့မဟုတ်)



www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျောင်းခွဲများ ဖွင့်လှစ်ပေးနိုင်ရေးကိုပါ စဉ်းစား ပေးနိုင်ကြဖို့ပါ။

**ပညာရေးအားနည်းလို့ အကြမ်းဖက်သူတွေ အားကောင်း နေတာ**

ယနေ့ မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေတဲ့ ပြည်နယ်များမှ ငြိမ်းချမ်းရေး တောင်းဆိုမှုတွေ၊ ဆူပူ အကြမ်းဖက်မှုတွေဟာ မဖြစ်သင့်တင့်အရာတွေပါ။ လူမျိုးစုအတွက် တိုက်ပွဲဝင်နေခြင်းပါလို့ အကြောင်းပြပြီး၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ လူမှုရေးတွေကို ဖျက်ဆီးနေခြင်းပါ။ ဆူပူ အကြမ်းဖက်မှုတွေကို ဖန်တီးနေခြင်းပါ။ ငြိမ်းချမ်းစွာနေလိုသူ တွေကို တိုက်ခိုက်နေခြင်းပါ။ ဒီဖြစ်ရပ်တွေကို ကောက်ချက်ချ ကြည့်ရင် အဓိကအကြောင်းရင်းက ပညာရေးအားနည်းခြင်း ကြောင့် ဖြစ်နေရခြင်းပါ။ သူ့အခွင့်အရေးလား၊ ကိုယ့်အခွင့် အရေးလားဆိုတာ နားမလည်နိုင်တာပါ။ မှန်မှန်ကန်ကန် မတွေးတောနိုင်တာပါ။ အကျိုးအကြောင်း ဆီလျော်အောင် မစဉ်းစားနိုင်တာပါ။ ဒါတွေဟာ ပညာရေးအားနည်းခြင်းရဲ့ အဓိက အကြောင်းရင်းတွေလို့ ဆိုရမှာပါ။

တစ်ချိန်တစ်ခါတုံးက ပြည်သူ၊ ပြည်သားတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတွေကို အကာအကွယ် မပေး





နိုင်တဲ့ အစိုးရမျိုးမို့ တစ်တိုင်းပြည်လုံးအုံကြွပြီး ဒီမိုကရေစီ အတွက် တိုက်ပွဲဝင်ခဲ့ကြတာ။ ဒီမိုကရေစနစ်ကို တိုင်းပြည်မှာ ကျင့်သုံးနိုင်ဖို့ စုပေါင်းတောင်းဆိုခဲ့ကြတာ။ ဒါတွေကို ပြည်သူ တွေ သိထားပြီးသားပါ။

သို့သော် အခုအချိန်မှာ ပြည်သူ၊ ပြည်သားတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတွေကို အကာအကွယ်ပေး နိုင်တဲ့ ဒီမိုကရေစီအစိုးရဆိုတာ ရှိလာပြီ။ ဒီမိုကရေစီစနစ်နဲ့ တိုင်းပြည်ကို အုပ်ချုပ်နိုင်ဖို့ ပြည်သူ၊ ပြည်သားတွေကိုပါ ပါဝင် ကူညီကြပါလို့ တိုင်းသိ၊ ပြည်သိ အတင်းအလင်း ထုတ်ဖော် ပြောဆိုထားပြီးပြီ။ ဒီတော့ ပြည်သူ၊ ပြည်သားတွေအားလုံး၊ ပြည်နယ်အသီးသီးရှိ လူမျိုးစုများ အားလုံးကပါ ပူးပေါင်း ပါဝင်ကြဖို့ပါ။ ငြိမ်းချမ်းစွာ နေလိုတဲ့ပြည်သူ၊ ပြည်သားတွေကို ကိုယ်တိုင်က ငြိမ်းချမ်းစွာ နေခြင်းဖြင့် ပါဝင်ကူညီ စောင့်ရှောက် နိုင်ကြဖို့ပါ။

"မိမိကိုယ်ကို ချစ်လျှင် (ဆူပူမှု၊ အကြမ်းဖက်မှု အကုသိုလ်တရားတွေ မဖြစ်ရအောင်၊ စိတ်မှာ ငြိမ်းချမ်းစွာဖြင့် ကုသိုလ်တရားတွေ တိုးပွားခွင့်ရအောင်) မိမိကိုယ်ကို ကောင်း စွာ စောင့်ရှောက်ရာ၏" တဲ့။ (ဓမ္မပဒ ၁၅၇) ဘုရားဟော တရားတစ်ပုဒ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်တဲ့အဓိပ္ပါယ်ကို အနည်းငယ် ရှင်းပြပါရစေ။ စောင့်ရှောက်ခြင်းဆိုသည်မှာ - သီလဖြင့် စောင့်ရှောက်ခြင်း၊ သမာဓိဖြင့်စောင့်ရှောက်ခြင်း၊ ပညာအသိဖြင့် စောင့်ရှောက်ခြင်းရယ်လို့ စောင့်ရှောက်ခြင်း သုံးမျိုးရှိနေခြင်းပါ။ ဘ၀တန်ဖိုးကို သိထားတဲ့သူတွေဟာ လူသားတို့ရဲ့ ဂုဏ်သိက္ခာ တန်ဖိုးတွေကို ပျက်စီးစေနိုင်တဲ့ အကုသိုလ် ဒုစရိုက်တွေကို ပြုရမှာ ကြောက်ကြတာ။ ပညာတတ် ပေါများတဲ့ နိုင်ငံများမှာ မှုခင်းတွေ နည်းပါးတယ်ဆိုတာ ဒီသဘောပါ။

ဗုဒ္ဓဘာသာကျင့်စဉ်အရ သမာဓိအလေ့အကျင့်က စိတ်ကို ငြိမ်းချမ်းစေခြင်းပါ။ ပညာအလေ့အကျင့်က ဆူပူအကြမ်းဖက်မှုတွေကို ဖြစ်ခွင့်မရအောင် အသိပညာနှင့် ကာကွယ်ပေးခြင်းပါ။ တိုင်းပြည်ကို မငြိမ်မသက်မှုတွေ ဖြစ်အောင် ဆူပူမှုတွေဖြစ်အောင် လှုံ့ဆော်ပေးခြင်းမျိုးဟာ ဒီမိုကရေစီကျင့်ထုံးတွေ မဟုတ်ဘူးဆိုတာ ပြည်သူတွေ သိကြဖို့ပါ။ ထိုသို့ပြုလုပ်နေခြင်းဟာ များသောအားဖြင့် ပညာရေး အားနည်းသူတွေဖြစ်ပြီး နိုင်ငံတော်ရဲ့ ငြိမ်းချမ်းသာယာ အသွင်ကူးပြောင်းရေးမှာ အသိတရားတွေ လွဲချော်နေခြင်းပါ။





ဘကတွေကို အားပေးပါ

မြန်မာနိုင်ငံ၌ မွေးဖွားသော ကျောင်းသား၊ ကျောင်းသူတိုင်း အထက်တန်းပညာများကို မသင်မနေရ ပညာရေးမျိုး အဆင့်ထိရောက်အောင် ပြည်သူများကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့ပါ။ မူလွန်များကို အလယ်တန်းကျောင်း အဆင့်ဖြစ်အောင်၊ အလယ်တန်းကျောင်းများကို အထက်တန်းကျောင်းများဖြစ်အောင် တိုးမြှင့်ပေးကြရမှာပါ။ နိုင်ငံနှင့်လူမျိုး ပညာရေးအဆင့်အတန်းများ နိမ့်ကျမသွားရအောင် သမိုင်းတစ်လျှောက်လုံး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အခန်းကဏ္ဍများကိုလည်း ပြန်လည်သုံးသပ်နိုင်ကြဖို့ပါ။ ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက် ပြည်သူများနှင့်အတူ အမျိုးသားပညာရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့သော ဘုန်းတော် ကြီးသင်ပညာရေး(ဘက)ကျောင်းများကိုပါ တိုးမြှင့်ပေးဖို့ပါ။ မူလတန်းကျောင်းများကို အလယ်တန်းကျောင်းအဆင့်၊ မူလွန်ကျောင်းများကို အထက်တန်းကျောင်းများအဆင့် တိုးမြှင့်ပေးနိုင်ကြဖို့ပါ။

ဘကကျောင်းများ၏ အနေအထားများမှာ အစိုးရထံမှ အထောက်အပံ့မယူဘဲ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဘကကျောင်းများကို ဖွင့်လှစ်ထားရခြင်းပါ။ ဆင်းရဲသော ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းပညာများကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်သင်ယူနိုင်ရန် ပညာဒါနပြုပေးသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုသာ အားကိုးပြု၍ ကျောင်းတက်နေကြရသူတွေပါ။ ထို့ကြောင့် (အထောက်အပံ့ကောင်းသော) ဘာကကျောင်းများကို အလယ်တန်းကျောင်းများအဆင့်၊ အထက်တန်းကျောင်းများအဆင့်သို့ တရားဝင်တိုးမြှင့်ပေးခြင်းဖြင့် နွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကို အားပေးကူညီရာ ရောက်နိုင်မှာပါ။ ‘‘ပညာမြင့်မှ လူမျိုးတင့်မည်’’ဆိုလျှင် ဘယ်နည်းနှင့်ပဲမြင့်မြင့် မြင့်ဖို့က အဓိကမဟုတ်ပါလား။

## မူလတန်း၊ အလယ်တန်း၊ အထက်တန်းများ သီးခြားကျောင်းထားသင့်

နောက်တစ်ခု အကြံပြု ပြောကြားလိုသည်မှာ အမေရိကန်နိုင်ငံစသော တိုးတက်ပြီးသော တိုင်းပြည်များ၌ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများကို အတန်းပေါင်းစုံ စုပေါင်းထားတဲ့စနစ်ကို မကျင့်သုံးပဲ သီးသီးသန့်သန့် ထားတဲ့စနစ်ကို ကျင့်သုံးကြခြင်းပါ။ ဥပမာ၊ မူလတန်းကျောင်းကို အလယ်တန်း၊ အထက်တန်းတို့နှင့် ရောမထားပဲ မူလတန်းသက်သက် (မူလတန်းမှ ခြောက်တန်းအထိ)။ အလယ်တန်းကျောင်းဆိုလည်း အလယ်





တန်းသက်သက် (၇-တန်းမှ ၈-တန်းအထိ)၊ အထက်ကျောင်းဆိုလည်း အထက်တန်းကျောင်းသက်သက် (၉-တန်းမှ ၁၂-တန်းအထိ) ထားတဲ့စနစ်မျိုးပါ။ အကျိုးတရားအနေနဲ့ ကျောင်းသား၊ ကျောင်းသူများ အရွယ်ညီ၍ ထိန်းသိမ်းရာ၌ လွယ်ကူခြင်း၊ သင်ကြားပေးသောဆရာ၊ ဆရာမများအတွက် ကျောင်းသင်ခန်းစာများကို သင်ကြားရာ၌ အရွယ်ရောက်နေကြပြီဖြစ်သော ကျောင်းသား၊ ကျောင်းသူများကိုဆိုက်ကို (စိတ်ပညာ)သုံး၍လည်းကောင်း၊ ပညာပေးသင်ခန်းစာများကို သုံး၍လည်းကောင်း၊ ဘဝရည်မှန်းချက်များ ခိုင်မာလာအောင် အားပေးတိုက်တွန်း၍လည်းကောင်း ပညာသင်ကြားရေးစနစ်ကို တိုးမြှင့်ပေးနိုင်၍ အကျိုးကျေးဇူး များစွာရှိကြောင်း သုတေသီတို့က အဆိုပြုထားကြခြင်းပါ။

## ပညာရေးသည် ငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်

စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ဖို့ ပညာရေးဟာ မရှိမဖြစ်လိုအပ်တဲ့ ငြိမ်းချမ်းရေး ရောင်ခြည်ပါ။ လွန်ခဲ့ရက်အနည်းငယ်ခန့်က သမ္မတကြီးကိုယ်တိုင် တိုင်းပြည်ကို ပြောကြားသွားတဲ့ မိန့်ခွန်းထဲမှာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်များ လုံလောက်စွာ ရရှိနိုင်ရေးကအစ မြေပေါ်မြေအောက် သယံဇာတများကို စနစ်တကျ ခွဲဝေသုံးစွဲ



www.burmeseclassic.com

www.burmeseclassic.com



ရေးများအထိ တိုင်းသိ၊ ပြည်သိ မိန့်ခွန်းပြောကြားခြင်းကို ကြားသိလိုက်ရ၍ တိုင်းပြည်အတွက် အားတက်နေမိခြင်းပါ။

သမ္မတကြီး တင်ပြသွားတဲ့ အချက်အလက်များကို စနစ်တကျ အကောင်အထည်ဖော်နိုင်ဖို့ ကျောင်းသင်ခန်းစာများနှင့် ဆက်နွယ်နေသော ပညာရေး (Academic Education) မျိုးနှင့် နိုင်ငံတော်မှ ဥပဒေပြုပြဌာန်းပေးထားတဲ့ ပြည်သူ့ရေးရာမူဝါဒများကို နိုင်ငံသားကောင်းတို့ သိသင့်၊ သိထိုက်ပြီး၊ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းဥပဒေများကို သင်ကြားပို့ချပေးခြင်း၊ အဆင့်ဆင့် ပညာပေးခြင်းစတဲ့ စီဗစ်ခ် အက်ကျူကေးရှင်း(Civic Education) မျိုးကို တိုင်းသူပြည်သူများအား သိစေဖို့ပါ။ သင်ကြားပေးနိုင်ကြဖို့ပါ။

ပညာတတ်တွေ ပေါ်များလာအောင် အစိုးရကျောင်းတွေ၊ နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကကျောင်းတွေ (ပုဂ္ဂလိက ကောလိပ်ကျောင်းများနှင့် တက္ကသိုလ်ကျောင်းများ)ကို ဖွင့်လှစ်ပေးနိုင်ဖို့ပါ။ လူငယ်လူရွယ်တိုင်းကို ကျောင်းသင်ခန်းစာများနှင့် ပျော်ပိုက်နိုင်အောင် ဆွဲဆောင်ခြင်း၊ ပညာသင်ကြား၍ ရရှိလာသော တက္ကသိုလ်ဒီဂရီများအတွက် ဂုဏ်ပြု အသိအမှတ်ပြုခြင်း (Credit ပေးခြင်း)၊ အလုပ်ခွင်၌ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ လစာကို တိုးမြှင့်ပေးထားခြင်း- စတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် အာမခံချက်





အချို့ကို ပေးနိုင်တဲ့ အစီအစဉ်များကို ရေးဆွဲပေးနိုင်ဖို့ပါ။ ထိုသို့ပြုလုပ်ပေးမည်ဆိုလျှင် ကမ္ဘာ့အလယ်၌ မြန်မာလူမျိုးများ၏ ပညာရေးသည် ‘‘ပညာရဲရင့် ပွဲလယ်တင့်’’ နိုင်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြရခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

(မြန်မာပို့စ် အတွဲ ၄၊ အမှတ် ၂၆။ ဗုဒ္ဓဟူးနေ့၊
ဇူလိုင်လ ၁၁ ရက်၊ ၂၀၁၂ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

## ပညာရဲရင့်
## ပွဲလယ်တင့်နိုင်ဖို့ဆိုတာ

ယနေ့ မြန်မာနိုင်ငံတော်ကို နိုင်ငံတကာက လူအတော်များများ စိတ်ဝင်စားလာနေခြင်းပါ။ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံခေါင်းဆောင်များနှင့် နောက်လာနောက်ပါများ၊ စီးပွားရေးပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံလိုသူများ၊ ကမ္ဘာ့အဆင့်မီ ပညာရေးကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာနေသူများပါ မြန်မာနိုင်ငံသို့ ဝင်လာမစဲ တဖွဲဖွဲရှိနေခြင်းပါ။ ထူးထူးခြားခြား နိုင်ငံတကာမှ လူမျိုးတွေ မြန်မာနိုင်ငံမှာ စုံညီနေတဲ့အချိန်လို့ ပြောရမှာပါ။ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံလိုသူများ မြန်မာနိုင်ငံသို့ လာရောက်ကြခြင်းဟာ ကောင်းသောလာခြင်းလို့ ဆိုရမှာပါ။ သို့သော် ဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနေဆဲ ကာလဖြစ်လို့ သတိများလည်း ထားကြရမဲ့အချိန်အခါပါ။ ပြည်သူ၊





ပြည်သားများရဲ့ မျိုးချစ်စိတ်၊ ဘာသာ၊ သာသနာမြတ်နိုးစိတ်များကို ဆက်လက်ရှင်သန်ခိုင်မာရေးဟာ နိုင်ငံတိုးတက်လာသည့်နှင့်အမျှ အရေးတစ်ရေး ဖြစ်လာကြောင်းကို သတိပြုနိုင်ကြဖို့ပါ။ ထိုအရေးအတွက် အရေးတကြီး ပြုလုပ်ရန် လိုအပ်လာတဲ့ အရေးတစ်ခုမှာ ပညာရေးစနစ်ကို ပြန်လည်ဆန်းစစ်ကြဖို့ပါ။

ပညာရေးနှင့် စီးပွားရေး၊ ပညာရေးနှင့် နိုင်ငံရေး၊ ပညာရေးနှင့် လူမှုရေး၊ ဒီအရေးတွေဟာ ဘယ်လိုများဆက်စပ်နေပါလိမ့်။ စီးပွားရေးရှိရင် အခြားအရေးတွေဟာ ဘယ်လောက်များ အရေးကြီးနိုင်တော့မှာလဲလို့ အထင်ရှိနေသူတွေလည်း ရှိကောင်းရှိနေမှာပါ။

### အမျိုးသားရေးစိတ်ဓာတ်

အမျိုးသားရေးစိတ်ဓာတ်ဆိုတာ "ကိုယ့်လူမျိုးမှ ကိုယ့်လူမျိုး" ဆိုတဲ့ စိတ်ထားလေးဝင်နေရုံမျှနဲ့ လုံလောက်နိုင်တဲ့အရာမျိုးမဟုတ်ပါ။ လူမျိုးကြီးပွားစေချင်ရင် ထိုလူမျိုးရဲ့ ဘာသာ၊ သာသနာယဉ်ကျေးမှု၊ အမျိုးသားယဉ်ကျေးမှုတွေကို အားနည်းမသွားရအောင် ကာကွယ်စောင့်ရှောက်နိုင်သည်ထိ ပြုလုပ်ပေးကြရမှာ။ သို့မဟုတ် စောင့်ရှောက်နိုင်စွမ်းရှိအောင် စိတ်ဓာတ်တွေကို မွေးမြူပေးထားကြရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားစိတ်ဓာတ်တော့ ရှိပါရဲ့။ လူမျိုးက ပညာမတတ်၊ ဥစ္စာမရှိ ဖြစ်နေခဲ့ရင်၊ သို့မဟုတ် ပညာတတ်တွေဖြစ်အောင် ပညာရေးကို စနစ်တကျ သင်ပေးထားတာမျိုး မရှိခဲ့ဘူးဆိုရင် ``ခုတ်ရာတစ်ခြား၊ ပြတ်ရာတစ်ခြား'' ဖြစ်သွားနိုင်ခြင်းပါ။ ပညာမတတ်တဲ့လူမျိုးဟာ လမ်းမှားပေါ်ကို ရောက်ဖို့ လွယ်ကူနိုင်သလို၊ ပညာကို မတောက် တစ်ခေါက်မျှသာ တတ်ထားတဲ့လူမျိုးဟာလည်း ကူးသန်းရောင်းဝယ်ရေးနှင့်စပ်တဲ့ ကမ္ဘာနှင့်နွှယ်တဲ့ စီးပွားရေးကဏ္ဍမျိုးတွေမှာ ကောက်သင်းကောက်ဘဝမျိုးကိုသာ ပိုင်ဆိုင်ကြရမှာပါ။

ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီး တိုးတက်လာခဲ့ပြီဆိုရင် စီးပွားရေးဖက်မှာလည်း ရင်းနှီးမြှုပ်နှံစွမ်း အားနည်းတဲ့လူမျိုး၊ ပညာရေးဖက်မှာလည်း နိုင်ငံတကာအဆင့်မှီ ပညာရေးအဆင့်အတန်းများ အားနည်းနေသေးတဲ့ လူမျိုးကို အလုပ်အကိုင်အခွင့်လမ်းများ ပွင့်လန်းလာခဲ့ပြီဆိုရင် ဘယ်နေရာမျိုးမှာ နေရာပေးနိုင်ကြမလဲဆိုတာ ကြိုတင်စဉ်းစားနိုင်ကြဖို့ပါ။

## ပညာရေးစနစ်များ ပြန်လည်ဆန်းစစ်ဖို့လို

ခေတ်စနစ်နှင့်အညီ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ကြီးပွားစေချင်ရင် မြန်မာနိုင်ငံ၌ ကျင့်သုံးနေသော ပညာရေးစနစ်ကို ပြန်လည်ဆန်းစစ်ကြဖို့ပါ။ မြန်မာနိုင်ငံ၌ ကျင့်သုံးနေသော ပညာရေးစနစ်ဟာ အလွတ်ကျက်မှတ်ရသောနည်း





စနစ်မျိုးဖြစ်၍ စာသဘောကို ဉာဏ်သဘောနှင့်သက်ဝင်နိုင်ဖို့ထက် အရကျက်မှတ်ရတဲ့ နည်းကို အလေးထားပြီး ကျင့်သုံးနေခြင်းပါ။ စာပိုဒ်တစ်ပိုဒ်မှာပါတဲ့ စာသားအားလုံးကို ``၏'' ``သည်'' မလွဲ ကျက်မှတ်နေရတဲ့နည်းပါ။ ``အာဂုံရမှ အာဂလူ'' ဆိုတဲ့ ဆိုရိုးစကားဟာ မြန်မာနိုင်ငံရဲ့မူပိုင် ဆိုရိုးစကားတစ်ခုလို့ ဆိုရမှာပါ။ အကျိုးသက်ရောက်မှုမှာ ရှိသင့်သလောက်ရှိသော်လည်း ကျက်မှတ်ရတာနဲ့စာလျှင် အကျိုးရတာက အလွန်နည်းပြီး ကလေးတစ်ယောက်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးများကို ပိုမိုထုံထိုင်းစေခြင်းပါ။

အနှစ်ချုပ်ပြောရလျှင် စဉ်းစားတွေးခေါ်နိုင်တဲ့ ဉာဏ်များကို နည်းပါးစေတဲ့ပညာရေးစနစ်မျိုးပါ။ ကျောင်းသားတစ်ယောက်ဟာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများကို စာမေးပွဲဖြေဆိုဖို့အတွက် အလွတ် ကျက်မှတ်ကြရမှာ - ``ယိုးဒယားနိုင်ငံသည် မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင် တည်ရှိပါသည်'' ဟု ကျက်မှတ်ပြီး စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသော်လည်း စာကျက်မှတ်ခဲ့သော ထိုကလေးကိုပင် သုံးလေးလကြာတဲ့အခါ ယိုးဒယားနိုင်ငံ ဘယ်မှာရှိလဲ-လို့ မေးခဲ့ရင် ``ယိုးဒယားနိုင်ငံ'' ဘယ်အရပ်မှာရှိကြောင်း မသိတော့ခြင်းပါ။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ယခုလက်ရှိကျင့်သုံးနေသော ပညာရေးစနစ်ကို ပြန်လည်ဆန်းစစ်နိုင်ကြဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## စဉ်းစားဆင်ခြင်တတ်ခြင်းသည့် ပညာဆိုသည်မှာ

ခေတ်သစ်နိုင်ငံများ၌ စာသင်ကြားနည်းစနစ်တွေများစွာရှိကောင်းရှိနိုင်သော်လည်း ပညာရေးအဆင့်အတန်းများ တိုးမြှင့်နိုင်ရန် အရေးကြီးသော အချက်တစ်ခုမှာ "စဉ်းစားတွေးခေါ်နိုင်ခြင်း အတတ်ပညာ (သို့မဟုတ်) ခရက်တီကယ် သင့်ကင်း (Critical Thinking)" ကို ဗဟိုမဏ္ဍိုင်ပြုတဲ့ ပညာရေးစနစ်မျိုးကို တည်ဆောက်နိုင်ဖို့ပါ။

ခရက်တီကယ် သင့်ကင်းဆိုတာ ကြောင်းကျိုးဆက်စပ်ပြီး စဉ်းစားဆင်ခြင်ခြင်းမျိုးပါ။ အကြောင်းအကျိုးဆီလျော်အောင် မှုမှုတတ တွေးခေါ်စဉ်စားခြင်း (သို့မဟုတ်) ဘာသာရပ်အမျိုးမျိုး၊ ပြဿနာအမျိုးမျိုးတွေကို စနစ်တကျစဉ်းစားတွေးခေါ်ခြင်းနှင့် စဉ်းစားသူရဲ့ အတွေးအခေါ်များကို တိုးတက်စေတဲ့ စဉ်းစားနည်းတစ်မျိုးပါ။ (Critical thinking is that mode of thinking – about any subject, content, or problem – in which the thinker improves the quality of his or her thinking.)

အနောက်တိုင်းနိုင်ငံများမှာ ခရက်တီကယ်လ်သင့်ကင်းကို ကျောင်းသင်ခန်းစာများနှင့် ပညာရေး နယ်ပယ်များမှာ ဗဟိုမဏ္ဍိုင်ထားပြီး အသုံးပြုကြတဲ့အတွက် ကလေးငယ်များဟာ ငယ်ရွယ်စဉ်ကတည်းက မေးတတ်၊ မြန်းတတ်





တွေးခေါ်တတ်တဲ့ အလေ့အကျင့်ကောင်းတွေ ရရှိနေခြင်းပါ။ မြန်မာနိုင်ငံမှာကော ကျောင်းသင်ခန်းစာများနှင့် ပညာရေး နယ်ပယ်များမှာ ကလေးငယ်များကို ငယ်ရွယ်စဉ်ကတည်းက မေးတတ်၊ မြန်းတတ်အောင် အလေ့အကျင့်ကောင်းများ ရရှိနိုင်ရန် သင်ကြားပေးထားခြင်းမျိုး ရှိနေပါပြီလား။

ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင့်သုံးနေသော ခေတ်သစ်ပညာသင်ကြားနည်းစနစ်များကို လေ့လာကြည့်လျှင် စနစ်အမျိုးမျိုးကို တွေ့ရမှာပါ။ ၎င်းတို့မှာ - (၁) အပြန်အလှန်မေးခွန်းထုတ်စေ၍ သင်ကြားခြင်း၊ (၂) ပရိုဂျက်များ (Project) ပြုလုပ်ခိုင်း၍ သင်ကြားခြင်း၊ (၃) အကြောင်းအရာ အချက်အလက်များကို ဒစ်စကတ်ရှင်း (Discussion) ပြုလုပ်၍ သင်ကြားခြင်း (၄) ဆီမီနာများ ပြုလုပ်၍ သင်ကြားခြင်း (၅) လိုအပ်သော ဘာသာရပ်များအတွက် ခရီးထွက်၍ဖြစ်စေ၊ လုပ်ငန်းခွင်များသို့ သွားရောက်၍ဖြစ်စေ သင်ကြားလေ့လာခြင်း-စတဲ့ နည်းစနစ်များ ပါဝင်နေတဲ့ သင်ကြားနည်းမျိုးပါ။

ထိုစနစ်များကို ဆန်းစစ်ကြည့်လျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံများ၌ ပညာသင်ကြားနေတဲ့ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားရေးစနစ်ကို လေ့လာကြည့်ရှုတဲ့အခါ "၏" "သည်" မလွဲအလွတ်



www.burmeseclassic.com

ကျက်မှတ်ရသောနည်းကို အသုံးမပြုပဲ ကလေးများအား စာကိုပျော်ပျော်ပါးပါး သင်ကြားရတဲ့ နည်းစနစ်မျိုးကို ကျင့်သုံးနေခြင်းပါ။

ဥပမာ၊ သူငယ်တန်းအရွယ် ကလေးငယ်များအား ရုပ်ပုံလေးများကို ပေးထားပြီး၊ ထိုရုပ်ပုံ၌ပါရှိသော သတ္တဝါကောင်နှင့် လိုက်ဖက်ညီသောအရောင်ကို ဆေးချယ်စေခြင်း၊ ပုံကိုကြည့်၍ သတ္တဝါကောင်၏ အမျိုးအမည်များကို သင်ကြားပေးခြင်းစတဲ့ နည်းစနစ်မျိုးပါ။ မူလတန်းအရွယ် ကျောင်းသား၊ ကျောင်းသူငယ်များကိုမူ အချင်းအချင်း အပြန်အလှန် မေးခွန်းထုတ်စေ၍ သင်ကြားခြင်းမျိုးပါ။ ဥပမာ၊ အာရှမြေပုံ၊ သို့မဟုတ် ကမ္ဘာ့မြေပုံကို စာပွဲမှာချ၍ "တရုပ်နိုင်ငံ ဘယ်မှာရှိလဲ" "အမေရိကန်နိုင်ငံ ဘယ်မှာလဲ" စသည်ဖြင့် မြေပုံကို ကြည့်၍ အဖြေကို ရှာစေခြင်းကို အသုံးပြုတဲ့ ပညာသင်ကြားနည်းမျိုးပါ။ ကလေးများဟာ မြေပုံနှင့် ဆော့ကစားရင်း ကမ္ဘာ့ပထဝီအနေအထားများကို သင်ကြားတတ်မြောက်သွားခြင်းပါ။ စာလုံးပေါင်းသတ်ပုံ အပြန်အလှန်မေးခြင်း၊ သင်္ချာတွက်ကစားခြင်း - စသည်နည်းများဖြင့်လည်း သင်ကြားနည်းစနစ်ကို ဖြည့်စွက်ထားခြင်းပါ။





**စီမံကိန်းနည်းဖြင့် သင်ကြားခြင်း**

အလယ်တန်းအရွယ် ကျောင်းသား၊ ကျောင်းသူများကို ငယ်ရွယ်စဉ်ကတည်းက ခေါင်းဆောင်စိတ်ဓာတ်တွေ တိုးပွားလာအောင် အုပ်စုဖွဲ့၍ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးစသည့် စီမံကိန်းများ သို့မဟုတ် ပရိုဂျက်များ (Project ဆိုတာ အုပ်စုဖွဲ့၍ ကန့်သတ်ထားသော အချိန်အတွင်း ပြီးမြောက်အောင် ပြုလုပ်ရခြင်းမျိုးပါ) ပြုလုပ်ပေး၍ အုပ်စုဖြင့် စုပေါင်းပြုလုပ်ခြင်းမျိုးပါ။ ပရိုဂျက်ပြီးဆုံးတဲ့အခါ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေး အတွေ့အကြုံများကို အဖွဲ့လိုက် သို့မဟုတ် အဖွဲ့ရဲ့ကိုယ်စား တစ်ဦးတစ်ယောက်က အတန်းရှေ့သို့ ထွက်ပြီး အတန်းသားများအား မိမိတို့၏ အတွေ့အကြုံများကို ရဲရဲရင့်ရင့် ရှင်းလင်းတင်ပြရခြင်းပါ။

**သုတေသနနည်းဖြင့် သင်ကြားခြင်း**

နောက်တစ်မျိုး သင်ကြားနည်းကား သုတေသနနှင့်ဆိုင်သော ပရိုဂျက်များ ပြုလုပ်စေ၍ သင်ကြားခြင်းမျိုးပါ။ ဥပမာ၊ တောင်နှင့် မြောက် အမေရိကန်ပြည်တွင်းစစ် စတင်ဖြစ်ပွားရာ ပြည်နယ်၊ (မြေပုံနှင့်တကွ ရှင်းလင်းတင်ပြခြင်း)။ ပြည်တွင်းစစ်ကြီး၌ အဓိကပါဝင်သော ခေါင်းဆောင်များနှင့် ပြည်တွင်း စစ်ကြီးပြီးဆုံးသွားပုံ၊ (အကြောင်းအချက်အလက်



www.burmeseclassic.com

www.burmeseclassic.com



များနှင့်တကွ ရှင်းလင်းတင်ပြခြင်း)၊ စစ်ပွဲကြီးအပြီး အမေရိကန်နိုင်ငံရဲ့ အခြေအနေဆိုးများကို သုတေသနပြုလုပ်၍ သမိုင်းပညာရပ်ကို အုပ်စုဖွဲ့၍ တပျော်တပါး သင်ကြားနည်းမျိုးပါ။ ဤကဲ့သို့သော ခေတ်သစ်ပညာသင်ကြားနည်း စနစ်များသည် အချိန်တိုတိုနှင့် တတ်လွယ်ခြင်း၊ သင်ခန်းစာများကို သက်ဆုံးတိုင် မှတ်မိနိုင်ခြင်း၊ သင်ခန်းစာ၌ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်ခြင်းစသော အကျိုးများကို ရရှိခံစားနိုင်ခြင်းပါ။

## ဆွေးနွေးတိုင်ပင်သည့်နည်းဖြင့် သင်ကြားခြင်း

အကြောင်းအရာ အချက်အလက်များကို ဒစ်စကတ်ရှင်း (Discussion) ပြုလုပ်၍ သင်ကြားနည်းမျိုးဆိုတာ တက်(က်စ်)ဘု(က်)စာအုပ် သို့မဟုတ် ပြဋ္ဌာန်းစာအုပ်ကို ဖတ်၍သော်လည်းကောင်း၊ သတင်းစာ သို့မဟုတ် ဂျာနယ်စာစောင်တစ်စောင်စောင်ကို ဖတ်၍လည်းကောင်း အခန်းကဏ္ဍအလိုက် သို့မဟုတ် အကြောင်းအရာအလိုက် အတန်းသားများ ပါဝင်ဆွေးနွေးရခြင်းမျိုးပါ။

ဥပမာ၊ မြန်မာနိုင်ငံနှင့် တွင်းထွက် သယံဇာတများ၊ ထိုသယံဇာတများ၏တန်ဖိုး၊ ထိုသယံဇာတများမှ ရရှိသော အခွန်ဘဏ္ဍာများကို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊





တိုင်းပြည်လုံခြုံရေး- စသည်တို့အတွက် မည်၍မည်မျှ သုံးစွဲသင့်သည် စသည်ဖြင့် ကလေးများ၏ သဘောထားအမြင်များကို ဘာသာရပ်ကို ကျောရိုးပြု၍ ဆွေးနွေးခြင်းမျိုးပါ။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို အလွတ်မကျက်မှတ်ရပဲ မှတ်မိသွားခြင်း၊ အချက်အလက်များကို စာမေးပွဲဖြေဆိုရာ၌ ခြုံမိ၊ ငုံမိအောင် ဖြေဆိုတတ်ခြင်း၊ အတွေးအခေါ်များ တိုးတက်လာခြင်း-စသည့် အကျိုးများကို မလွဲမသွေ ရရှိနိုင်ခြင်းပါ။ တိုင်းပြည်၏အနာဂတ် မျိုးဆက်သစ်များကို ``ကျွဲကူးရေပါ'' တပါတည်း မွေးထုတ်နေခြင်းမျိုးပါ။

## ဆီမီနာများပြုလုပ်၍ သင်ကြားခြင်း

အထက်တန်းအဆင့်သို့ ရောက်လာတဲ့အခါမှာ ရံဖန်ရံခါ ဆီမီနာများပြုလုပ်ပေးပြီး သင်ကြားပေးခြင်းမျိုးပါ။ ကျောင်းတွေမှာပြုလုပ်ပေးတဲ့ ဆီမီနာမျိုးဆိုတာ အတန်းထဲမှာရှိတဲ့ ကျောင်းသားများ စုပေါင်းပြီး ဘာသာရပ်တစ်ခုအကြောင်း ဆွေးနွေးခြင်း သို့မဟုတ် သင်ယူခြင်းမျိုးပါ။ (Seminar: a class in which a small group of students meet to study or talk about a particular subject.)



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျောင်းသားများကို ပြုလုပ်ပေးတဲ့ ဆီမီနာဆိုလို့ ကြီးကြီးကျယ်ကျယ် ပြုလုပ်ပေးခြင်းမျိုး မဟုတ်ပဲ၊ ရံဖန်ရံခါမှာ အတန်းသားတိုင်း ပါဝင်နိုင်တဲ့ ဆီမီနာမျိုး၊ ရံခါရံခါ မိဘဆရာများ ပါဝင်နိုင်တဲ့ ဆီမီနာမျိုးတွေပါ။ ဒီဆီမီနာတွေမှ ရရှိနိုင်တဲ့ အကျိုးကျေးဇူးများမှာ ဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်နိုင်ခြင်း၊ တစ်ယောက်နှင့်တစ်ယောက် အတွေးခြင်း၊ အမြင်ခြင်း မတူနိုင်ခြင်းကို နားလည်ပေးနိုင်ခြင်း၊ စကားပြော စွမ်းရည်များ ထက်မြက်လာခြင်း၊ ငယ်ငယ်ကြီးကြီး အရွယ်စုံနှင့် စကားပြောနိုင်စွမ်း ရှိလာခြင်း စသော အကျိုးများကို ရရှိလာနိုင်ခြင်းပါ။ မြန်မာနိုင်ငံမှာရှိနေတဲ့ အထက်တန်းကျောင်းများ၊ တက္ကသိုလ်ကျောင်းများ၌ ဤကဲ့သို့သော ကျောင်းတွင်း ဆီမီနာများကို ပြုလုပ်ပေးနိုင်ကြပါပြီလား။

## လက်တွေ့နယ်ပယ်ကိုဆင်း၍ လေ့လာသင်ကြားခြင်း

အနောက်တိုင်းတက္ကသိုလ်ကြီးမှာ လိုအပ်သော ဘာသာရပ်များအတွက် ခရီးထွက်၍ဖြစ်စေ၊ လုပ်ငန်းခွင်များသို့ သွားရောက်၍ဖြစ်စေ သင်ကြားလေ့လာနည်းကိုလည်း အသုံးပြုနေခြင်းပါ။ ဥပမာ၊ ဂျီသြလိုဂျီ (Geology) ဘာသာရပ်မျိုးကို လေ့လာသင်ကြားရတဲ့အခါ စာအုပ်ထဲမှာ





ပါတဲ့ ကျောက်တုံး၊ ကျောက်ခဲများလောက်ကိုသာ လေ့လာခြင်းမျိုးမဟုတ်ပဲ တကယ့်ကျောက်တုံး၊ ကျောက်ခဲများရှိရာ၊ ကျောက်တောင်များရှိရာ၊ ပြတ်ရွေ့များရှိရာ ဒေသများသို့ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်သွားရောက်၍ သင်ကြားလေ့လာရသော နည်းစနစ်မျိုးပါ။

ဆေးကျောင်းသား၊ ဆေးကျောင်းသူများဆိုလျှင်လည်း ဆေးရုံကြီးများသို့ သွားရောက်၍ လူနာများကို ကိုယ်တွေ့စမ်းသပ်ခြင်း၊ ကုသပေးရခြင်း၊ ခွဲစိပ်ခြင်း စသည်များကို ပြုလုပ်စေပြီး သင်ခန်းစာကို သင်ကြားပေးခြင်းမျိုးပါ။ လက်တွေ့ကျကျ လုပ်ဆောင်ရသော ကျောင်းသား၊ ကျောင်းသူများသည် စာတွေ့မျှလောက်သာ သင်ယူရသော ကျောင်းသား၊ ကျောင်းသူများထက် အဖက်ဖက်မှ သာလွန်နေကြောင်း သုတေသီတို့ အတည်ပြု ပြောကြားထားခြင်းပါ။

မြန်မာနိုင်ငံတော်ကြီး တိုးတက်လာပြီဆိုလျှင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့ကျကျ ဘယ်လိုများ သင်ကြားပေးထားနိုင်ကြပြီလဲဆိုတာ စိတ်ဝင်စားနေမိလို့ပါ။

မြန်မာကျောင်းသား၊ ကျောင်းသူများရဲ့ IQ မြင့်ကြောင်း မြန်မာအများစု ပြောလေ့ပြောထရှိနေဆဲပါ။ အဲဒိုင်း အတာတစ်ခုအထိတော့ မှန်တယ်လို့ ဝန်ခံရမှာပါ။ ဆက်သေ



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားကတော့ နိုင်ငံခြား တက္ကသိုလ်ကြီးများသို့ သွားရောက်ပညာသင်ကြားခွင့် ရရှိကြတဲ့ ကျောင်းသား၊ ကျောင်းသူများဟာ ထိုထိုဤဤ တက္ကသိုလ်ကြီးများ၌ နိုင်ငံတကာကျောင်းသား၊ ကျောင်းသူများနှင့် ပညာအရည်အချင်းများ တန်းတူ လိုက်နိုင်အောင် အားထည့်ပြီး ကြိုးစားကြတဲ့အခါ ပညာအရည်အသွေးများ မြင့်မားလာပြီး၊ နိုင်ငံတကာကျောင်းသား၊ ကျောင်းသူများနှင့် ရင်ဘောင်တန်းနိုင်ကြ၍ ဒီသတင်းအတွက် ဝမ်းသာပီတိတွေ ဖြစ်ရှိနေခြင်းပါ။

## ပညာရေးကို အလေးပေးသင်ယူကြပါ

အထက်ဖေါ်ပြပါ စနစ်တွေကတော့ နိုင်ငံတကာမှာ လက်ရှိအသုံးပြုနေဆဲဖြစ်တဲ့ ပညာရေးစနစ်များပါ။ ယခု ဆွေးနွေးတင်ပြချက်များဟာ စာရေးသူ လက်လှမ်းမှီသမျှသာ ရေးသားတင်ပြနိုင်ခြင်းပါ။ ဒီထက်မက ကောင်းမွန်တဲ့ ပညာရေးစနစ်များလည်း ရှိကောင်းရှိနိုင်သေးတာမို့ တွေ့ရှိသူများ (သို့မဟုတ်) သိရှိထားပြီးသူများသည် မြန်မာနိုင်ငံ၌ ပညာရေးနှင့်ပတ်သက်သော စနစ်များ၊ စံနှုန်းများ ကောင်းမွန်လာအောင်၊ မြင့်မားလာအောင် ဆောင်းပါးများ ရေးသားခြင်း၊ စာတန်းများ ရေးသား၍ နေရှင်နယ်၊ အင်တာနေရှင်နယ် ဆီမီနာများသို့ တင်သွင်း ဖတ်ကြားခြင်းများကို ပြုလုပ်ပေးနိုင်ကြဖို့ပါ။





အစဉ်အလာရှိခဲ့သော လူမျိုး ... ။ အစဉ်အလာကြီးခဲ့သော လူမျိုး ... ။ ပညာရေးနိမ့်ကျသွားခြင်းကြောင့် တိုင်းပြည်နဲ့ လူမျိုးပါ နိမ့်ကျသွားခဲ့ရသည့်သာဓကများကို အစဉ်နှလုံးသွင်းထားနိုင်ကြဖို့ပါ။ ပျက်တဲ့အရာကို ပြင်ရတဲ့အခါမှာ အချိန်အခါကို စောင့်ရခြင်းမျိုးဖြစ်၍ "အခုရေတွင်းတူး၊ အခုရေချိုးသောက်ချင်" လို့မရပါ။ ခဏတာ ကောင်းလာခြင်းမျိုးကို စာမဖွဲ့ပဲ ထာဝရကောင်းမွန်လာအောင် ဝိုင်းဝန်းစုပေါင်း၍ ပြုပြင်နိုင်ကြဖို့ပါ။

ခေတ်ပညာများ (ကွန်ပျူတာ၊ အင်တာနက်စသည့် ဘာသာရပ်များ)၊ အင်္ဂလိပ်စာ၊ (တရုတ်စာ)ကဲ့သို့သော ကမ္ဘာကို ဆက်သွယ်နိုင်တဲ့ ဘာသန္တရများကို မသင်ကြား၊ မတတ်မြောက်ကြလျှင် ရဟန်းပဲဖြစ်ဖြစ်၊ ရှင်ပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် ကမ္ဘာ့အလယ်မှာ ထီးထီးမားမားကြီး နောက်ကျကျန်နေမည်ဆိုတာ သတိမူနိုင်ကြဖို့ပါ။ အမျိုး၊ ဘာသာ၊ သာသနာတော်အတွက် လူကောင်း၊ လူတော်များ ပေါ်ထွန်းလာနိုင်ဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်နိုင်ကြဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

(မြန်မာပို့စ် အတွဲ ၄၊ အမှတ် ၂၈။ ဗုဒ္ဓဟူးနေ့၊ နယုန်လ ၂၅ ရက်၊ ၂၀၁၂ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

## ပညာမြင့်မှ
## လူမျိုးတင့်မည်ဆိုလျှင်

ယနေ့ နိုင်ငံတော်အစိုးရ၏ တိုင်းပြု၊ ပြည်ပြု ပေါ်လစီများသည် အသွင်ကူးပြောင်းရေးကာလ၌ အရေးပါလှသည်။ နိုင်ငံရေးပေါ်လစီ၊ စီးပွားရေးပေါ်လစီ၊ ကျန်းမာရေးပေါ်လစီ၊ ပညာရေးပေါ်လစီ-စသည်ဖြင့် ပြုပြင်ပြောင်းလဲစရာတွေက များလွန်းလှသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ စနစ်တကျ အသွင်ကူးပြောင်းနိုင်ရေးအတွက် ပေါ်လစီအရပ်ရပ်ကို နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းသတ်မှတ်ပေးလျက်ရှိသော်လည်း ပြည်သူများအပေါ် ဥပဒေစိုးမိုးရေးနှင့် ပြည်သူများမှ ဥပဒေကို လိုက်နာကျင့်သုံးရေးအပိုင်း၌ ချိန်ခွင်လျှာ မညီမျှသကဲ့သို့ ဖြစ်နေသည်။ အဘယ်ကြောင့်ပါနည်း။





မြန်မာလူမျိုးနှင့် မြန်မာလူမျိုးတို့ ကိုးကွယ်တဲ့ ဘာသာတရားကြောင့်ပေလော။ သို့မဟုတ် စည်းမဲ့ကမ်းမဲ့နှင့် အနေကြာလာခဲ့၍ စည်းကမ်းများကို လိုက်နာကျင့်သုံးရန် ခက်ခဲနေခြင်းမျိုးလော။ မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်လုံး၌ ဗုဒ္ဓတရားတော်များကို မြန်မာပြည်သူ၊ ပြည်သားများ အချိန်ကြာမြင့်စွာ လိုက်နာ ကျင့်သုံးနေထိုင်ခဲ့ကြ၍ အကျိုးဆက်အနေနဲ့ ကျေးဇူးသိမှု၊ ကျေးဇူးပြုမှု၊ စာနာမှု၊ ကြင်နာမှုနှင့် မိတ်ဆွေကောင်းပီသမှု-စသည့် ဗုဒ္ဓစ်(စ်) ဖီလိုဆိုဖီများသည် ပြည်သူများ၏နှလုံးသားဝယ် အမြဲတေပမာ တည်ရှိနေခဲ့ခြင်းကြောင့်လော။ တွေးတောစရာတွေက အများကြီးပါ။ သို့သော် လူကြီးက မိမိရဲ့လက်အောက်ခံ လူငယ်များကိုသာ မြှောက်စားခြင်းမျိုး၊ ရာထူးကြီးသူက မိမိရဲ့လက်အောက်ရှိ ရာထူးငယ်သူများအား ကြည့်ရှုစောင်မခြင်းမျိုး၊ လုပ်ပေါ်ကိုင်ဖက် အချင်းချင်း လာဘ်ပေး၊ လာဘ်ယူမှု စတဲ့ မှားယွင်းသော လုပ်ဆောင်မှုမျိုးကို နားလည်ပေးခြင်းမျိုး -စသည်တို့ဟာ ဗုဒ္ဓတရားတော်နှင့် လျော်ညီလှသည်တော့မဟုတ်ပါ။

သူတော်ကောင်းလမ်းစဉ်များသည် သိမ်မွေ့လှ၍ ပုထုဇဉ်တို့၏စိတ်နေစိတ်ထားနှင့် သဟဇာတ မဖြစ်သည်တွေ များနေခြင်းပါ။ သူတော်ကောင်းလမ်းစဉ်က စိတ်ကောင်းကို မွေးမြူပြီး၊ မကောင်းတဲ့စိတ်များကို ပယ်ရှားနိုင်ရန် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ရတဲ့ အကျင့်မျိုးပါ။ ကိုယ်နှုတ်စိတ်သုံးပါး၌ ဖြစ်ပေါ်နေတဲ့ မကောင်းတဲ့ ကံတွေကို ကောင်းကံတွေ ဖြစ်လာအောင် ကြိုးစားအားထုတ်ရသောအကျင့်မျိုးပါ။ ထို့ကြောင့် နိုင်ငံအတွက်၊ လူမျိုးအတွက် ဆောင်ရွက်ကြရာမှာ ဆရာမို့၊ သမားမို့၊ အသိမို့၊ လုပ်ဖော်ကိုင်ဖက်တွေမို့ - ဆိုတဲ့ အဂတိလမ်းစဉ်ခေါ် မလိုက်စားသင့်တဲ့လမ်းမျိုးကို မလိုက်စားဘဲရှောင်ရှားရခြင်းပါ။ အကျင့်ပျက်ချစား၊ လာဘ်ပေး လာဘ်ယူပြုနေသူများရဲ့အကျိုးကို ငဲ့ကွက်နေလျှင် တိုင်းပြည်ရဲ့အကျိုးစီးပွားကို မငဲ့ကွက်ရာရောက်သွားခြင်းပါ။ တိုင်းပြည်ရဲ့ အကျိုးစီးပွား၊ ပြည်သူ၊ ပြည်သားများရဲ့ အကျိုးစီးပွားကို ငဲ့ကွက်ခြင်းသည်သာ တိုင်းပြည်ကို ကြီးပွား တိုးတက်အောင် ဆောင်ရွက်နေခြင်းပါ။

## အမြစ်တွယ်နေတဲ့ အကျင့်များ ပပျောက်ရေး

အစိုးရဝန်ထမ်း (သို့မဟုတ်) ပြည့်သူ့ဝန်ထမ်းများဟာ ခေါက်ရိုးကျိုးနေပြီဖြစ်တဲ့ အမှုအကျင့်များကို ဒီမိုကရေစီစနစ်ဆီသို့ အသွင်ကူးပြောင်းဆဲကာလမှာပင် ဆက်လက်ကျင့်သုံးနေကြဆဲပါ။ လာဘ်ပေး၊ လာဘ်ယူမှုကိုပြုမှ ကြီးပွားနိုင်မည်လား။ စဉ်းစားနိုင်ကြဖို့ပါ။ မြန်မာပြည်ရှိ ရုံးဝန်ထမ်းများဟာ (ပညာရေးဌာနများ အပါအဝင်) လာဘ်ပေး၊ လာဘ်





ယူမှုများကို အဖြူတ်ခက်၊ အနှုတ်ခက် ဖြစ်နေကြခြင်းပါ။ အထက်ပိုင်းမှ အကျင့်ပျက်ခြစား လာဘ်ပေး၊ လာဘ်ယူမှုများ ပပျောက်စေရန် ဥပဒေများရေးဆွဲပြီး၊ အတိအလင်း သတိပေးပြောကြားနေချိန်မှာ အောက်ခြေပိုင်းက အမှုမထား ဆက်လက်ပြုလုပ်နေကြဆဲပါ။ ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်ရာမှာ လာဘ်ပေး၊ လာဘ်ယူမှုများကြောင့် တိုင်းပြည်တိုးတက်ရေးမှာ အဟန့်အတားများ ရှိနေဆဲပါ။ ထို့ကြောင့် ဒီမိုကရေစီစနစ်ရဲ့ စစ်မှန်တဲ့ သရုပ်သကန်များဟာ မပေါ်လွင်နိုင်ပဲ ပြုပြင်ပြောင်းလဲရေးမှာလည်း နှေးကွေးနေခြင်းပါ။

ထိုအကျင့်ပျက်ခြစား လာဘ်ပေး၊ လာဘ်ယူမှုများကို နှိမ်နင်းရာမှာ နှေးကွေးလွန်းသည်ဟု အများက ထင်နေဆဲပါ။ တစ်ဖက်မှလည်း လူမျိုးနှင့် သင့်လျော်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးလျက် အခြားတစ်ဖက်မှလည်း ဥပဒေချိုးဖေါက်သူများကို ထိရောက်စွာ အရေးယူနိုင်ရန် မျှတတဲ့ ဥပဒေမျိုးကို ရေးဆွဲပေးကြဖို့ပါ။ ပြည်သူများကိုလည်း ထိုကဲ့သို့သော အမှုမျိုးကို ပြုခြင်းသည် တရားဥပဒေကို ချိုးဖေါက်နေခြင်းဖြစ်ကြောင်း စာသင်ကျောင်းများမှအစ ပြည်သူတို့ရဲ့ဘဝတွေထဲအထိ ပညာပေးဆောင်ရွက်မှုများကို ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ်များမှလည်းကောင်း။ ကျောင်းသခ်ၤာများမှ



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း သင်ကြားခြင်း၊ ရှင်းလင်းပြောကြားခြင်းများကို ပြုလုပ်ပေးကြရမှာပါ။ နောက်ဆုံး လာဘ်ပေး၊ လာဘ်ယူမှုများကို ပြုလုပ်နေသူများသည် တရားဥပဒေကို ကျူးလွန်၊ ချိုးဖေါက်နေသူများဟု ပညာပေးသင်္ခန်းစာများကို သင်ကြားပို့ချပေးသင့်ခြင်းပါ။

## အရှုံး၊ အမှုံးတွေချည်း စာတတ်နေလို့ မဖြစ်

နိုင်ငံတစ်နိုင်ငံခု၌ စနစ်ဟောင်းများကို စနစ်သစ်တစ်ခုဖြင့် အစားထိုးပြုပြင်ပြောင်းလဲရာမှာ ပညာရေးဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေခြင်းပါ။ ပညာရေးကို မမြှင့်တင်ပဲ လူမျိုးကိုသာ မြှင့်တင်ပေးမယ်ဆိုလျှင် အရှုံးစာတတ်သည်နှင့် တူနေခြင်းပါ။ လူမျိုးကို မမြှင့်တင်ပဲ ပညာရေးကိုသာ မြှင့်တင်ပေးမယ်ဆိုပြန်လျှင် အမှုံးစာတတ်သည်နှင့်တူနေခြင်းပါ။ တိုင်းပြည်မှာ ပြုပြင်ပြောင်းလဲမှုများ နှေးကွေးနေရခြင်းရဲ့ အကြောင်းတစ်ချက်မှာ မြန်မာပြည်သူ၊ ပြည်သားအများစု (၇၀% နှုန်း) မှာ တက္ကသိုလ်ပညာကို သင်ခွင့်မရရှိခြင်းနှင့် ပညာတတ်လူတန်းစားများ နည်းပါးနေခြင်းကြောင့်ပါ။ ထို့ကြောင့် ပြည်သူတွေ ပညာတတ်တွေ ဖြစ်လာအောင်ဘာတွေလုပ်ပေးသင့်သနည်း။ ဝိုင်းဝန်းစဉ်းစားနိုင်ကြဖို့ပါ။

ယနေ့ခေတ် မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို ပြန်လှန်သုံးသပ်ကြည့်လျှင် ယခုလက်ရှိကျင့်သုံးနေတဲ့ မြန်မာနိုင်ငံရဲ့





ပညာရေးစနစ်ဟာ ၁၉၄၈-ခုနှစ်၊ ကုလသမဂ္ဂမှ ထုတ်ပြန်ထားတဲ့ ''လူ့အခွင့်အရေး ကြေညာစာတမ်းကြီး''၌ ဖေါ်ပြထားသည့်အတိုင်းသာ ရှိနေခြင်းပါ။ ထိုကြေညာစာတမ်းကြီး၌ ထုတ်ပြန်ထားသည်မှာ - ''မူလတန်းပညာကို အခမဲ့သင်ယူခွင့်ရှိသည်၊ သင်တတ်နိုင်ပါက အထက်တန်း ကျောင်းကြီးများတွင် ပညာဆက်လက် ဆည်းပူးခွင့်ရှိသည်'' ဟု ဖေါ်ပြထားခြင်းပါ။ ထိုကြေညာစာတမ်းနှင့် ပတ်သက်၍ အချိန်ကာလကို ပြန်လည်ဆန်းစစ်ဖို့ လိုနေခြင်းပါ။

ထိုစာတမ်းသည် ၁၉၄၈-ခုနှစ်က ထုတ်ပြန်ထားခဲ့တဲ့ ''လူ့အခွင့်အရေး ကြေညာစာတမ်းကြီး'' ဖြစ်၍ ဆယ်စုနှစ်ပေါင်းများစွာ နောက်ကျကျန်နေခဲ့ပြီဖြစ်ကြောင်း သိနိုင်ဖို့ပါ။ စစ်ကြီးပြီးစ ထိုခေတ်ထိုအခါက ထိုပညာရေးသည် အဆင့် မြင့်ကောင်းမြင့်ပေလိမ့်မည်ဟု ယူဆနိုင်သော်လည်း ဤခေတ်၊ ဤအခါမျိုးမှာ ထိုပညာရေး(မူလတန်းပညာရေး) သည် အောက်ခြေအဆင့်မျှသာရှိနေခြင်းပါ။ ရေးတတ် ဖတ်တတ် အဆင့်မျှသာရှိနေခြင်းပါ။ ထိုမူလတန်းအောင်လက်မှတ်ရရှိထားသူကို ဘယ်နိုင်ငံ၊ ဘယ်လူမျိုးကမှ ကြိုဆိုမည်မဟုတ်ပါ။

အမှန်တကယ်မှု မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ''နိုင်ငံတကာ ပညာရေးစံနှုန်းများနှင့် နှိုင်းယှဉ်ကြည့်လျှင်

www.burmeseclassic.com



ဆယ်စုနှစ်ပေါင်းများစွာ နောက်ကျကျန်နေခဲ့ခြင်းပါ။ အိုင်တီခေတ်ကြီးမှာ အိုင်တီလက်ဖြင့် လုပသောကမ္ဘာကြီးကို တည်ဆောက်နေချိန်မှာ စာသင်ကျောင်းများ၌ “ပညာမြင့်မှ လူမျိုးတင့်မည်” ဆိုသည့် ဆိုင်းဘုတ်ကြီးကိုတင်၍ ဂုဏ်ယူနေကြမည်ဆိုလျှင် မြန်မာလူမျိုးများရဲ့ ပညာအဆင့်အတန်းဟာ ခေတ်သစ်အလုပ်သမား (ခေတ်သစ်ကျွန်) ပညာရေး အဆင့်မျှသာ ရှိနေမည်ဆိုတာကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မြန်မာလူမျိုးများ နိုင်ငံတကာရဲ့အလယ်မှာ ပွဲလယ်တင့်နိုင်ဖို့ ပညာရေးစနစ်များကို အောက်ခြေမှစ၍ အထက်တန်း ပညာအတန်းများအထိ မြှင့်တင်ပေးကြဖို့ပါ။ လူမျိုးကောင်းစားရေးအတွက် လေးလေးနက်နက် စဉ်းစားနိုင်ကြဖို့ပါ။

## ပညာအဆင့်အတန်းရှိမှ နိုင်ငံအဆင့်အတန်းရှိမည်

ယနေ့မျက်မှောက်ကမ္ဘာတွင် ထိပ်တန်းရောက်နေသော ကမ္ဘာ့နိုင်ငံများရဲ့ ပညာရေးစနစ်များကို လေ့လာသုံးသပ်ကြည့်လျှင် ပညာရေးစနစ်ကောင်းမွန်မှုကြောင့် ထိပ်တန်းရောက်နေတဲ့ နိုင်ငံများကို တွေ့မြင်နိုင်ခြင်းပါ။ ဥပမာ၊ အမေရိကန်နိုင်ငံရှိ ကျောင်းသား၊ ကျောင်းသူများဟာ အသက်(၅)နှစ်မှ (၁၈)နှစ်ထိ အထက်တန်းပညာကို မသင်



BURMESE CLASSIC



မနေရနှင့် အခမဲ့ပညာရေးမျိုးဖြစ်အောင် ဥပဒေဖြင့် ပြဋ္ဌာန်းပေးထားခြင်းပါ။ အမေရိကန်လူမျိုးတိုင်းလိုလို ကွန်ပြူတာစတဲ့ ခေတ်ပညာကို တတ်မြောက်ကြခြင်းပါ။ ဥရောပနိုင်ငံများထဲတွင်လည်း အင်္ဂလန်နိုင်ငံဟာ ကျောင်းသား၊ ကျောင်းသူများအား အသက် (၅)နှစ်မှ (၁၆)နှစ်ထိ အထက်တန်းပညာကို အိုလယ်ဗယ်အထိ မသင်မနေရနှင့် အခမဲ့ပညာရေးမျိုးဖြစ်အောင် ဥပဒေဖြင့် ပြဋ္ဌာန်းပေးထား၍ ကမ္ဘာ့အလယ်မှာ တင့်တယ်စွာ နေနိုင်ကြခြင်းပါ။

အရှေ့တောင်အာရှနိုင်ငံများထဲတွင်လည်း စင်္ကာပူနိုင်ငံရဲ့ပညာရေးဟာ အသက် (၅)နှစ်မှ (၁၆)နှစ်ထိ အင်္ဂလန်နိုင်ငံကဲ့သို့ အိုလယ်ဗယ်အထိ မသင်မနေရနှင့် အခမဲ့ပညာရေးမျိုးဖြစ်အောင် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းပေးထားခြင်းပါ။ ထို့ကြောင့် ခေတ်သစ်စင်္ကာပူနိုင်ငံရဲ့ ပညာရေးအဆင့်အတန်းဟာ အရှေ့တောင်အာရှနိုင်ငံများအလယ်မှာ ဂုဏ်ထည်စွာဖြင့် တည်ရှိနေခြင်းပါ။

စင်္ကာပူနိုင်ငံမှာ ပညာရေးကို အစိုးရမှ ဘယ်လောက်အရေးထားသလဲဆိုရင် ကျောင်းဖွင့်နေသော ကျောင်းသား၊ ကျောင်းသူများအား ဆရာ၊ ဆရာမများမှ မိဘများသို့ တိုင်ကြားသည့်အခါ မိဘများဘက်မှ ပါဝင်ပူးပေါင်း၍ သားသမီးများကို ကျောင်းသို့ပို့ပေးခြင်းစသည့် ပြုပေးရမည့် တာဝန်ဝတ္တရား



www.burmeseclassic.com

www.burmeseclassic.com



များ ပျက်ကွက်ခဲ့သော် ထိုမိဘများအား ထောင်ဒဏ် တစ်နှစ် (သို့မဟုတ်) စက်ဘ်ပူဒေါ်လာ ငါးထောင် ဖိုင်းချနိုင်သော ဥပဒေကိုပါ ပူးတွဲပြဋ္ဌာန်းပေးထားခြင်းပါ။ ``ပညာမြင့်မှ လူမျိုးတင့်မည်'' ဆိုတဲ့ သီအိုရီဟာ ထိုနိုင်ငံအတွက် သက်သေသာဓက တစ်ရပ်ဖြစ်ခဲ့သော်လည်း မြန်မာနိုင်ငံအတွက်တော့ ထိုသီအိုရီကို သံသယစိတ်နဲ့ပဲ လက်ခံထားရဆဲပါ။

## ဝမ်းနည်းဖွယ် မြန်မာ့ပညာရေး

မြန်မာနိုင်ငံ၏ပညာရေးစနစ်ကို လေ့လာကြည့်ရှုတဲ့အခါ ဝမ်းနည်းဖွယ်ရာများကို တွေ့နေရခြင်းပါ။ ပညာကိုလိုလားတဲ့ အချို့ကျောင်းသား၊ ကျောင်းသူများဟာ မှုမမှန်တဲ့ ပညာရေးစနစ်ကြောင့် ပညာရေးမှာ အခက်များ တွေ့နေရဆဲပါ။

ဥပမာ၊ ဘကကျောင်း (ဘုန်းတော်ကြီးသင် ပညာရေးကျောင်း)မှ ကျောင်းသား၊ ကျောင်းသူများ (ပိုက်ဆံမတတ်နိုင်၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ တက်ရောက်သင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများ)ဟာ ကိုးတန်း၌ တစ်နှစ်ကျမဟုတ်၍ အပြင်ဖြေခွင့်ကို နိုင်ငံတော်မှ ခွင့်မပြုသည့်ကိစ္စမျိုးတွေ။ ဆယ်တန်း၌လည်း ဘကကျောင်းများတွင် တက်ရောက်နေသော ကျောင်းသား၊





ကျောင်းသူများနှင့် အခြားမြို့ရွာများမှ ရောက်ရှိလာကြသော ကျောင်းသား၊ ကျောင်းသူများဟာ အကြောင်းအမျိုးမျိုးကြောင့် အပြင်ဖြေခွင့်လည်းမရ၊ အတွင်းဖြေခွင့်လည်း မရနိုင်သည့်ကိစ္စမျိုးတွေပါ။ လွန်ခဲ့တဲ့နှစ်က အဖြစ်အပျက်တစ်ခုမှာ ရန်ကုန်တိုင်း၌ ကိုးတန်းတနှစ်ကျမဟုတ်၍ စာမေးပွဲကို ဖြေခွင့်မရရာကြသော ကျောင်းသား၊ ကျောင်းသူပေါင်း ရာကျော်အထိရှိကြောင်း သတင်းများထွက်ခဲ့ခြင်းပါ။ စုံစမ်းကြည့်တဲ့အခါ အမှန်သတင်းများ ဖြစ်နေ၍ နိုင်ငံတော်အတွက် ဝမ်းနည်းနေမိခြင်းပါ။

ဖြစ်သင့်သည်မှာ နိုင်ငံတော်မှ ထိုကျောင်းသား၊ ကျောင်းသူများရဲ့ပညာရေးကို မပံ့ပိုး၊ မကူညီနိုင်သေးသည့်တိုင်အောင် ဖွမ်းနိုင်သည့်ဖက်မှ ကူညီပေးသင့်ခြင်းပါ။ ဥပမာ၊ ကျောင်းသားတစ်ယောက်ဟာ ဘယ်နေရာမှာပဲနေနေ၊ ဘယ်နေရာမှာပဲဖြေဖြေ အစစ်အမှန်ဖြစ်လျှင် ကိုးတန်း၊ ဆယ်တန်း စာမေးပွဲများကို ဖြေဆိုခွင့်ပေးသင့်ပါကြောင်း အလေးအနက်ထား၍ တိုက်တွန်းနေရခြင်းပါ။

ပညာသင်ရမည့်အရွယ်၌ ကလေးသူငယ်များ ပညာသင့်ခွင့်မရခဲ့လျှင် ထိုကျောင်းသား၊ ကျောင်းသူများ၏ ဘဝများသည် အမှောင်လမ်းများပေါ်တွင် ရောက်သွားနိုင်၍ နိုင်ငံတော်အကြီးအကဲများအနေနဲ့ လေးလေးနက်နက် စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



သင့်တဲ့အချက်ပါ။ ပညာတတ်ပေါ်များတဲ့နိုင်ငံမှာ မှုခင်းများ၊ ဒုစရိုက်များ နည်းပါးသည်ကို သုတေသနစာတမ်းများအရ သိရှိရခြင်းပါ။ မြန်မာနိုင်ငံ၌လည်း ပညာတတ်များ ပေါ်များလာလျှင် နိုင်ငံလည်း တိုးတက်လာနိုင်၍ မှုခင်းများလည်း နည်းပါးသွားနိုင်မည်ဖြစ်ခြင်းပါ။ အမျိုးသားရေးမို့ စဉ်းစားပေးကြဖို့ပါ။

## ပညာရေးစနစ်များ လွဲချော်နေသည်

မြန်မာနိုင်ငံပညာရေးစနစ်နှင့်စပ်လျဉ်း၍ တစ်ခုခုတော့ လွဲချော်နေသည်ဟု ထင်မြင်ယူဆမိခြင်းပါ။ အထက်တန်းပညာကို သင်ယူလိုတဲ့ ကျောင်းသူ၊ ကျောင်းသားများဟာ အခက်အခဲမျိုးစုံနှင့် နှစ်စဉ်နှစ်တိုင်း တွေကြုံနေရဆဲပါ။ ဆင်းရဲလွန်း၍ ကျောင်းမနေနိုင်တဲ့ ကျောင်းသား၊ ကျောင်းသူပေါင်း ရာထောင်ချီ၍ ရှိနေခြင်းပါ။ ထိုဆင်းရဲသော ကျောင်းသူ၊ ကျောင်းသားများဟာ ဘာကြောင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ အခမဲ့ ပညာသင်ကြားနေကြရခြင်းပါ။

ထိုသို့သင်ကြားကြရာမှာ ကိုးတန်းနှင့် ဆယ်တန်း စာမေးပွဲများ၌ ဖြေဆိုခွင့် အခက်အခဲများ ရှိနေခြင်းပါ၊ တချို့ ဆယ်တန်းစာမေးပွဲကို ဖြေဆိုရာ၌ ကိုးတန်းအောင်မြင်ခဲ့တဲ့ မြို့၊ ရွာများသို့ ပြန်ရောက်၍ ဖြေဆိုရတာမျိုး၊ ထိုသို့မပြုလုပ်





ခဲ့လျှင် စာမေးပွဲဖြေဆိုခွင့်ကို ပိတ်ပင်ထားမြစ်ခံရတာမျိုး-စသည်များ ပါဝင်နေခြင်းပါ။ တိုင်းပြည်ကို တိုးတက်စေလိုလျှင် ကျောင်းသား၊ ကျောင်းသူများရဲ့ ပညာရေးအဆင့်အတန်းများ မြင့်မားတိုးတက်အောင် ပြုပေးရမည့်တာဝန်ဟာ နိုင်ငံခေါင်းဆောင်များနှင့် မိဘပြည်သူများရဲ့ တာဝန်ပါ။ နိုင်ငံခေါင်းဆောင်များ "သတိမမူ ဂုမမြင်" ဆိုတာမျိုးလို ဖြစ်နေမှာကို စိုးရိမ်မိလို့ပါ။

ဖြစ်နိုင်လျှင် အထက်တန်းပညာကို အခမဲ့သင်ကြားပေးတဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို နိုင်ငံတော်ကျောင်းများကဲ့သို့ အရည်အချင်းများပြည့်မီလျှင် (ဒေါက်တာဘွဲ့ရ ပုဂ္ဂိုလ်များမှ ဦးစီးနေတာမျိုးဖြစ်ခဲ့လျှင့် နီးစပ်ရာ အထက်တန်းကျောင်းများနှင့် ထတွဲများ ပြုလုပ်ပေးပြီး ခွင့်ပြုပေးတာမျိုး၊ သို့မဟုတ် ဘယ်နှင့်မှ မတွဲမဖက်ပဲနှင့် ဘုန်းတော်ကြီးသင် အထက်တန်းကျောင်းများကို သီးသန့်ဖွင့်ခွင့် ပြုတာမျိုးတို့ကို ဥပဒေပြဌာန်း၍ ပြုလုပ်ပေးသင့်ခြင်းပါ။ အမျိုးဘာသာသာသနာအတွက် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများရဲ့ အရေးပါမှုကို နိုင်ငံတော်အကြီးအကဲများ သတိမူနိုင်ကြဖို့ပါ။

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းများကို ပြန်လှန်သုံးသပ်ကြည့်မည်ဆိုလျှင် သမိုင်းအဆက်ဆက်၊ မင်းအဆက်



www.burmeseclassic.com

www.burmeseclassic.com



ဆက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဟာ မူလတန်းကျောင်းလည်းဖြစ်၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများလည်းဖြစ်၊ တက္ကသိုလ်ကျောင်းများလည်း ဖြစ်နေခဲ့ခြင်းပါ။ အကယ်၍သာ နိုင်ငံတော်အစိုးရမှ ဆင်းရဲ ချမ်းသာမရွေး တန်းတူ၊ ရည်တူ အထက်တန်းပညာကို တိုင်းသူ၊ ပြည်သားများအား သင်ယူခွင့်များ ပေးလိုတယ်ဆိုလျှင် ဘက ပညာရေးသည် အရေးတစ်ရေးဖြစ်ကြောင်း ထည့်သွင်းစဉ်းစားနိုင်ကြဖို့ပါ။

လူမျိုးကြီးပွားတိုးတက်ရေး စီမံကိန်းများကို ဖော်ဆောင်ရာမှာ ပညာတတ်များသည့်လူမျိုးသည် လူ့အခွင့်အရေးများကို ဘယ်ပုံ၊ ဘယ်နည်းဖြင့် ရနိုင်သည်ကို ဂဃနဏ သိနိုင်မည်ဖြစ်ခြင်းပါ။ လူ့အခွင့်အရေးများ ရရှိနိုင်အောင် ဘယ်ပုံ၊ ဘယ်နည်းဖြင့် လိုက်နာကျင့်သုံးရမည်ကိုလည်း သိနိုင်ခြင်းပါ။ ဒီမိုကရေစီစနစ်က ပေးသော လူ့အဆင့်အတန်း၊ လူ့အခွင့်အရေးများကို မျှော်လင့်တောင်းတနေခြင်းမျိုးထက်၊ လက်တွေ့ကျသော ပညာရေးအဆင့်အတန်းများကို မြှင့်တင်ပေးခြင်းဖြင့် ''တစ်ဆုပ်ကြဲ၊ တစ်လှည်းရ'' အဖြစ်မျိုးကို ရရှိနိုင်မည်ဖြစ်ခြင်းပါ။ ကမ္ဘာ့အဆင့်ရှိတဲ့ လူ့အဆင့်အတန်းများ၊ လူ့အခွင့်အရေးများကို ပြည်သူ၊ ပြည်သားများ လေးစားလိုက်နာနိုင်ရန် ဆင်းရဲချမ်းသာမရွေး အထက်တန်းပညာများ





ကို သင်ယူခွင့်ရအောင် ဝိုင်းဝန်းစဉ်းစားပေးကြဖို့ တိုက်တွန်းနေခြင်းပါ။ ''ပညာမြင့်မှ လူမျိုးတင့်မည်'' ဆိုတဲ့ သီအိုရီကို ပြည်သူ၊ ပြည်သားတိုင်း လက်ခံလာနိုင်ဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

(မြန်မာပို့စ် အတွဲ ၄၊ အမှတ် ၂၂။ ဗုဒ္ဓဟူးနေ့၊
ဇွန်လ ၁၃ ရက်၊ ၂၀၁၂ ခုနှစ်)

www.burmeseclassic.com

## လမ်းဆုံးမရှိတဲ့ ဒီခရီး

ယခုရက်ပိုင်းအတွင်း အကြမ်းဖက်မှုတွေ ဆူပူမှုတွေ ကမ္ဘာ့နေရာအနှံ့အပြားမှာ တိုးပွားနေခြင်းပါ။ အကြမ်းဖက်မှုတွေ၊ ဆူပူမှုတွေ များလာလေလေ ငြိမ်းချမ်းရေးစကားကို ပြောလာသူတွေလည်း ပိုမိုများပြားလာခြင်းပါ။ ကမ္ဘာ့အရပ်ရပ်မှာ ဖြစ်ပေါ်နေတဲ့ ဆူပူလှုပ်ရှားမှုတွေဟာ ကမ္ဘာ့စီးပွားရေးကို ထိခိုက်နိုင်သလို၊ ပြည်နယ်ဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ ဆူပူလှုပ်ရှားမှုတွေဟာလည်း တိုင်းပြည်ရဲ့စီးပွားရေး၊ ငြိမ်းချမ်းရေးများကို ထိခိုက်ပျက်စီးနိုင်ခြင်းပါ။ တိုင်းပြည်တစ်ခု တိုးတက်ဖို့ဆိုတာ ငြိမ်းချမ်းရေးဟာ မည်မျှအရေးပါကြောင်း ပြည်သူ၊ ပြည်သားများ သဘောပေါက်ထားကြမယ်ဆိုရင် …။ တိုင်းပြည်တွင်းမှာ နေသူအချင်းချင်း





(တရားဝင် နေထိုင်ခွင့်ရှိသူ အချင်းချင်း) သူနဲ့ငါအကြား ခွဲခြားဆက်ဆံလိုတဲ့စိတ်ထားတွေ၊ လူမှုရေး၊ စီးပွားရေး၊ လူမျိုးရေး၊ ဘာသာရေး၊ ပညာရေးများအပေါ်မှာ ခွဲခြားဆက်ဆံခံနေရ၍ မကြေနပ်မှုမှ ဆင့်ကဲဖြစ်ပေါ်လာတဲ့ အမုန်းတရားတွေ၊ ဒီမိုကရေစီစနစ်ဖြင့် လူ့အခွင့်အရေးကိစ္စများကို ညှိနှိုင်းဖြေရှင်းပေးရာမှာ ပညာရေးအခြေခံများ မတူညီကြ၍ ညှိနှိုင်းယူလို့မရနိုင်တဲ့ အတ္တမာနတရားတွေ၊ ဒါတွေဟာ ငြိမ်းချမ်းရေးကို ပျက်ပြားစေနိုင်တဲ့ အကြောင်းတရားတွေဖြစ်လို့ ရှောင်ရှားကြရမှာပါ။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ တိုင်းပြည်မှာ ငြိမ်းချမ်းရေးဟာ (ဒီမိုကရေစီ)စနစ်ရဲ့ အသက်ဖြစ်လို့၊ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်နေသူများဟာ လက်နက်ဖျက်သိမ်း၍ ပြည်သူများနှင့်အတူ ငြိမ်းချမ်းစွာ နေထိုင်ခြင်းဖြင့် ငြိမ်းချမ်းရေးကို တကယ်လိုလားပါတယ်ဆိုတဲ့ စိတ်သဘောထားအမှန်ကို သက်သေထူပြနိုင်ဖို့ပါ။ လူ့အခွင့်အရေးများကို တောင်းဆိုနေသူများ သတိပြုရန် အချက်တစ်ချက်မှာ ဒီမိုကရေစီစနစ်ဆိုတာ လမ်းဆုံးမရှိတဲ့ခရီးပါ။ ဘာကြောင့်လဲဆိုရင် ပြည်သူ၊ ပြည်သားတွေရဲ့ လိုအပ်ချက်တွေ ရှိနေသေးသမျှ ကာလပတ်လုံး ဒီမိုကရေစီစနစ်ရဲ့ လမ်းဆုံးကို ရောက်နိုင်မှာ မဟုတ်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အသွင်မတူတဲ့ အကျင့်စရိုက်ရှိသူတွေ၊ အမြင်မတူတဲ့ နိုင်ငံရေးမူဝါဒရှိသူတွေ၊ ကွဲလွဲနေတဲ့ အတွေးအမြင်ရှိသူတွေ၊ လွန်ကဲထူထဲနေတဲ့ အတ္တမာနရှိသူတွေ၊ ဒီလူတွေ ရှိနေသမျှ ကာလပတ်လုံး ဒီမိုကရေစီခရီးရဲ့ လမ်းဆုံးကို မရောက်နိုင်ပါ။ လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း၊ ပြည်သူတို့ရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ်များကို စုပေါင်းကာကွယ်ခြင်းစသည်တို့ကို ပြုလုပ်ပေးခြင်းဟာ ဒီမိုကရေစီစနစ်ရဲ့ ပန်းတိုင်ကို ရောက်နိုင်အောင် စုပေါင်းဆောင်ရွက်နေခြင်းပါ။ ဒါကို ပြည်သူတွေ သိထားနိုင်ဖို့ပါ။

## ပညာမျက်စိနှင့် ကြည့်ကြပါ

"အို ယောကျ်ား၊ ဤသို့သိလော့၊ မစောင့်စည်းသော အကုသိုလ်တရားတို့သည် ယုတ်မာသော သဘောရှိကုန်၏။ လောဘ ဒေါသ (အတ္တ မာန) တရားသဘောတို့သည် သင့်ကို ကြာမြင့်စွာ ဆင်းရဲစေခြင်းငှာ မနှောင်ဖွဲ့စေကုန်လင့်။" (ဓမ္မပဒ ၂၄၈) မြတ်ဗုဒ္ဓရဲ့ အဆုံးအမတစ်ခုပါ။

အသိဉာဏ်နည်းပါးတဲ့သူ၊ သို့မဟုတ် အသိဉာဏ်ကို ရှာမှီးခွင့်မရနိုင်ကြသူများရဲ့ဘဝဟာ သိခြင်းနှင့် မသိခြင်း





ကို ခွဲခြားသိနိုင်ဖို့ ခက်ခဲနေခြင်းပါ။ ပညာနှင့် အဝိဇ္ဇာတို့ အကြား ဝိရောဓိဖြစ်နေတဲ့ တရားသဘောကို ဆန်းစစ်နိုင်ဖို့ ခက်ခဲနေခြင်းပါ။

ပညာဆိုတာ လောကီပညာ(လောကီစာပေ)ပဲဖြစ်ဖြစ်၊ လောကုတ္တရာပညာ (ဓမ္မစာပေ)ပဲဖြစ်ဖြစ် ကာလဒေသ အလိုက် သုံးတတ်မှ တန်ဖိုးသင့်ဖြစ်နိုင်တာ။ ဓမ္မစာပေကို လူမှုရေးရာကိစ္စများ၌ အသုံးပြုလို့ ရနိုင်သလို၊ လောကီစာပေများကိုလည်း လူမှုရေးရာအဖြာဖြာတို့၌ အသုံးပြု၍ ရနိုင်ခြင်းပါ။

လောကီပညာရေးဆိုရာမှာ (ဒီနေရာမှာ) ချောက်ချိုးချောက်ချက် မူလတန်းအဆင့် ပညာရေးမျိုးကို မဆိုလိုပါ။ အမှန်ကို ထုတ်ဖော်ပြောဆိုရမည်ဆိုလျှင် မူလတန်းပညာရေးအဆင့်မှာ ကျောင်းသား၊ ကျောင်းသူများဟာ သေစာရှင်စာ ဖတ်တတ်ရုံမှလွဲပြီး တွေးခေါ်မျှော်မြင်နိုင်တဲ့ ပညာမျိုးကို မရနိုင်ကြသေးပါ။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကအစ အထက်တန်းပညာရပ်များကို ပြည်သူ၊ ပြည်သားများ အခမဲ့ သင်ကြားခွင့် မရနိုင်သေးသမျှ ကာလပတ်လုံး ထက်မြက်တဲ့ အတွေးခေါ်များ ပြည်သူ၊ ပြည်သားများ ရနိုင်ကြဦးမည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အပြစ်မတင်လိုပါ

လွန်ခဲ့တဲ့ သုံး၊ လေးရက်ခန့်က မင်္ဂလာဒုံ၊ ခရေပင်လမ်းခွဲအလွန် အမှတ်(၁)လမ်းမကြီးပေါ်မှာ မြက်ဖြတ်စားကိုယ်စီနဲ့ လမ်းကြီးတစ်လျှောက် မြက်ဖြတ်နေကြတဲ့ အလုပ်သမားတစ်စုကို အမှတ်မထင် တွေ့ခဲ့ရတယ်။ မြင်စမှာတော့ ဝမ်းနည်းမိသလိုလို ဖြစ်မိပါရဲ့။ သူများနိုင်ငံများမှာဆို အဝေးပြေး လမ်းမပေါ်မှာ မြက်ဖြတ်ရင် ခေတ်ပေါ်မြက်ဖြတ်စက်တွေနဲ့ မြက်တွေကို ရိတ်ဖြတ်ကြတာ၊ တို့နိုင်ငံနဲ့များကွာပါဆိုတဲ့ အတွေးတစ်ခု၊ မြန်မာနိုင်ငံတော်ကြီး ဘယ်တော့များမှ ကမ္ဘာ့အဆင့်မီ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာနိုင်မှာပါလိမ့်လို့ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ ဝမ်းနည်းစိတ်။ တခဏချင်းမှာပဲ တွေးစိတ်တွေ စုံသွားတယ်။

တစ်ချိန်တည်းမှာပင် ကိုယ်တွေ့ အတွေ့အကြုံလေးတစ်ခုကို သတိရမိပြန်တယ်။ တခါက အလုပ်သမားတွေကို မြက်ရိတ်စက်နဲ့ သက်ဆိုင်ရာမှ ပေးသုံးထားတာကို တွေ့ဖူးထားလို့ပါ။ ဒါပေမဲ့ အလုပ်သမားများရဲ့ ပညာရေးဟာ အလွန်နိမ့်ကျနေလေတော့ မြက်ဖြတ်စက်တွေကို ဝယ်ပေးထားလဲ ဘယ်ပုံ၊ ဘယ်နည်းဖြင့် သုံးစွဲရမယ်ဆိုတဲ့ အညွှန်းကိုလည်း မဖတ်တတ်၊ စက်တွေကို အသုံးပြုရာမှာ စက်ရဲ့





ခံနိုင်ရည် အနေအထားကိုလည်း နားမလည်ဆိုတော့ မြက်ရိတ်စက်တွေ တာရှည်ခံအောင် မသုံးတတ်ကြဘူး။ နောက်ဆုံးတော့ မြက်ရိတ်ဓားနဲ့ပဲ ဒီသောင်ဒီကမ်းကို ပြန်ဆိုက်ရတဲ့အပြစ်မျိုးကို စဉ်းစားမိလို့ပါ။

စက်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာမှာ အာမခံချက်မရှိတဲ့ နိုင်ငံမျိုးဆိုတော့ စက်ပစ္စည်းရဲ့တန်ဖိုးက အလုပ်သမားများအတွက် တန်ဖိုးကြီးလွန်းနေသေးတယ်လို့ပဲ ဆိုရမှာပါ။

## ကံကိုချည်း မပုံသင့်ပါ

ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့ဆိုတာ ဗုဒ္ဓဘာသာဝင်များ အမြင်မှာတော့ အတိတ်ကံကြောင့်ပဲလို့ ပြောကြမှာပါ။ မမှန်ဘူးလားလို့မေးရင် မှန်သင့်သလောက်တော့မှန်နေခြင်းပါ။ သို့သော် အခြား အကြောင်းတွေလည်း ရှိနေခြင်းပါ။ အဲဒီအကြောင်းကတော့ မြန်မာပြည်မှာ ပညာတတ်လူတန်းစားများ နည်းနေလို့ ဆင်းရဲသားလူတန်းစားများ များနေရတယ်ဆိုတဲ့ အချက်ပါ။ ဆင်းရဲချမ်းသာ ကွာခြားရခြင်း၏ နောက်ကွယ်မှာ လျှို့ဝှက်ချက်ဆိုတာ ရှိနေနိုင်ခြင်းပါ။ လူတိုင်းချမ်းသာချင်ပေမဲ့ မချမ်းသာနိုင်တဲ့လျှို့ဝှက်ချက်။ လူတိုင်းပညာတတ်ချင်ပေမဲ့ ပညာတတ်တွေ ဖြစ်မလာနိုင်တဲ့ လျှို့ဝှက်ချက်မျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ချမ်းသာအောင်၊ ပညာတတ်အောင် ပြုလုပ်ပေးလို့ မရနိုင်ဘူးလားလို့ ဆက်လက်မေးလာခဲ့ရင် ဘယ်လိုဖြေကြမလဲ။ ဒီမိုကရေစီစနစ်ကို စနစ်တကျ ကျင့်သုံးတဲ့ တိုင်းပြည် အများစုဟာ တိုင်းသူပြည်သားများရဲ့ လူနေမှုအဆင့်တန်းများ မြင့်မားစေချင်တဲ့အခါ ပညာရေးအဆင့်အတန်းများကို ဦးစွာမြှင့်တင်ပေးခြင်းပါ။ စိတ်ဝင်စားဖို့ကောင်းတဲ့အချက်ပါ။

## ပန်းတိုင်မရောက်နိုင်တဲ့စနစ်

တစ်ခါက နိုင်ငံရေးနဲ့စပ်ပြီး စာအုပ်ပေါင်း (၇)အုပ်ကို ရေးသားခဲ့တဲ့ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဟိုဆေးမြို့ စတိတ်ယူနီဗာစီတီက ပရော်ဖက်ဆာတစ်ယောက်ကို မေးဖူးတယ်။ "အမေရိကန်နိုင်ငံကြီးဟာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ ကမ္ဘာက စံထားရလောက်ရတဲ့အထိ ဖြစ်နေပြီဆိုတော့ ဒီမိုကရေစီစနစ်ကြီး အမေရိကန်နိုင်ငံမှာ အောင်မြင်ပြီလို့ ခင်ဗျားထင်လား" လို့ မေးတော့ သူက - "ဒီမိုကရေစီစနစ်ဆိုတာ ဘယ်တော့မှ ပန်းတိုင်မရောက်နိုင်တဲ့စနစ်တဲ့။" သူ့အကြောင်းပြတာကတော့ "ပြည်သူတွေရဲ့လိုအပ်ချက်တွေဟာ အမြဲတမ်းရှိနေမှာဖြစ်လို့၊ ပြည်သူတွေရဲ့ လိုအပ်ချက်တွေရှိနေသမျှ ဒီမိုကရေစီစနစ်ဟာ လိုအပ်သလို ဆောင်ရွက်





ပေးရတာမို့ ဘယ်တော့မှ လမ်းဆုံးကို ရောက်မှာမဟုတ်ပါဘူး"တဲ့။ ဒီမိုကရေစီကို များစွာမျှော်လင့်နေကြတဲ့ ပြည်သူများ သိထားနိုင်ဖို့ပါ။

## ဒီမိုကရေစီစနစ်ကို ခုတုံးမလုပ်ကြဖို့

မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ပီပီပြင်ပြင် မကျင့်သုံးနိုင်သေးတော့ ဒီမိုကရေစီကို ခုတုံးလုပ်ပြီး အစွန်းရောက်တဲ့ အဖွဲ့အစည်းတွေ၊ အစွန်းရောက်တဲ့ လူမျိုးစုတွေ၊ အစွန်းရောက်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ အစွန်းရောက်တဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ အစွန်းရောက်တဲ့ ကိုယ်ကျိုးစီးပွားရှာသူတွေ၊ ဒီမိုကရေစီစနစ်ကို အကြောင်းပြပြီး ထင်ရာစိုင်းချင်တဲ့သူတွေ သတိမူနိုင်ကြဖို့ပါ။ ဒီမိုကရေစီစနစ်မှာ နိုင်ငံသားတိုင်း အသွင်တူဖို့၊ အမြင်တူဖို့မလိုပါ။ လူမှာ ကိုယ်ပိုင်အသွင်တို့၊ ကိုယ်ပိုင်အမြင်တို့ဆိုတာ ရှိနေမှာပါ။ လိုအပ်တာကတော့ ဥပဒေကို လေးစားလိုက်နာပြီး၊ ဥပဒေနှင့်အညီ နေထိုင်ကြဖို့၊ ပြည်သူတွေရဲ့ လူ့အခွင့်အရေးများကို လေးစားကြဖို့၊ ပြည်သူတွေရဲ့ လွတ်လပ်ခွင့်၊ ရပိုင်ခွင့်တွေကို အတူပူပေါင်းဆောင်ရွက်ကြဖို့ပါ။ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ နိုင်ငံတော်အစိုးရမို့ ပြည်သူတွေရဲ့ လူ့အခွင့်အရေးများကို ကာကွယ်ဖို့နဲ့ ငြိမ်းချမ်းစွာနေလိုတဲ့ ပြည်သူတွေကို စောင့်ရှောက်ပေးနိုင်ဖို့ပါ။ ဒါကအဓိကပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတွေရဲ့ ရပိုင်ခွင့်တွေ၊ ပြည်သူတွေ ဆောင်ရွက်ရမဲ့ တာဝန်ဝတ္တရားတွေကို ပြည်သူ၊ ပြည်သားတွေ ကိုယ်တိုင်သိလာနိုင်ဖို့အတွက် နိုင်ငံတော်မှ ပညာပေးလှုံ့ဆော်မှုတွေ၊ စာပေးဟောပြောမှုတွေ၊ ကျောင်းသင်ခန်းစာတွေထဲမှာ စီဗစ်ခ်အက်ဒယူကေးရှင်းမျိုး (နိုင်ငံသားကောင်းတို့ သိသင့်၊ သိထိုက်တဲ့ပညာရေးမျိုး)ကို ကျောင်းသင်ခန်းစာ တစ်ခုအနေနဲ့ ထည့်သွင်းဖေါ်ပြ သင်ကြားပေးနိုင်ဖို့နဲ့ ရေဒီယို၊ ရုပ်မြင်သံကြား အစီအစဉ်များမှလည်း နေ့စဉ်နေ့တိုင်း လွှင့်ထုတ်ပေးနိုင်ဖို့ပါ။

ဖြစ်နိုင်ရင် ရုပ်မြင်သံကြား အစီအစဉ်တစ်ခုအနေနှင့် ဒီမိုကရေစီဖေါ်ရမ်တစ်ခုကို စီစဉ်ပေးပြီး "ဒီမိုကရေစီနှင့် ပြည်သူ့အမြင်၊ ဒီမိုကရေစီနဲ့ ကျောင်းသား၊ ကျောင်းသူများ (ဆရာ၊ ဆရာမများ အပါအဝင်)ရဲ့အမြင်များကို လွှင့်ထုတ်ပေးခြင်း၊ တခါတရံမှာ ဒီမိုကရေစီနှင့်စပ်သော ဉာဏ်စမ်းပုစ္ဆာများကို ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်စေခြင်း စတဲ့ ပြိုင်ပွဲများကို ပြုလုပ်ပေးခြင်းမျိုးကို ပြုလုပ်ဆောင်ရွက်ပေးဖို့ပါ။

## အားလုံးအတွက် ပညာရေးမျိုးဖြစ်သင့်

နိုင်ငံတော်မှ ပညာရေးစီမံကိန်းများ ရေးဆွဲပြီး ပြုပြင်ပြောင်းလဲဖို့၊ စီမံကိန်းများကို ရေးဆွဲကြရာမှာ တက္ကသိုလ်





ပညာရေးအတွက်ကိုသာ ပြုပြင်ရေးဆွဲပြီး၊ အောက်ခြေဖြစ်တဲ့ အခြေခံပညာရေးစီမံကိန်းများကို ထည့်သွင်းစဉ်းစား မပေးနိုင်ခြင်းဟာ တိုင်းပြည်အတွက် အဆုံးရှုံးကြီးတစ်ရပ်လို့ ဆိုရမှာပါ။

တက္ကသိုလ်ပညာရေးအတွက် ရေးဆွဲရာမှာ တက္ကသိုလ်စာသင်နှစ်များကို သုံးနှစ်မှလေးနှစ် (ရိုးရိုးဝိဇ္ဇာ၊ သိပ္ပံဘွဲ့များ)၊ လေးနှစ်မှငါးနှစ် (B.E.D ဘွဲ့များ)၊ ငါးနှစ်မှ ခြောက်နှစ် (B.E ဘွဲ့များ)၊ ခြောက်နှစ်မှခုနှစ်နှစ် (M.B.B.S ဘွဲ့များ) စသည်ဖြင့် တက္ကသိုလ်ပညာရေးကို မြှင့်တင်ပေးထားခြင်းပါ။

သို့ရာတွင် အခြေခံပညာရေးကိုတော့ အရေးမပါလှဟု ခေါင်းဆောင်များ အထင်ရှိနေကြလေသလားမသိ။ မူလတန်းပညာရေးကိုသာ အခမဲ့ပညာရေးမျိုးဖြစ်စေပြီး၊ အလယ်တန်း၊ အထက်တန်းပညာရေးများကို အခမဲ့သင်ကြားခွင့်မပေးနိုင်ခြင်းဟာ တိုင်းပြည်အတွက် များစွာဆုံးရှုံးနစ်နာနေခြင်းကို အများပြည်သူများ သိနိုင်ကြမည်မဟုတ်ပါ။

တက္ကသိုလ်လယ်ဗယ်အဆင့်ရှိသော ဝန်ထမ်းများက အထက်တန်းလယ်ဗယ် (ဆယ်တန်း၊ ကိုးတန်းစသည်) ပညာရေးအဆင့်ရှိသော ဝန်ထမ်းများကို ညွှန်ကြားခြင်း (အထူးသဖြင့် စက်ရုံးအလုပ်ရုံများကို ရည်ညွှန်းပြောဆိုသည်)၊



www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းလယ်ဗယ် အဆင့်ရှိသော ဝန်ထမ်းများက အလယ်တန်းလယ်ဗယ်၊ မူလတန်းလယ်ဗယ် အဆင့်ရှိသော ဝန်ထမ်းများကို ညွှန်ကြားခြင်းမျိုးသည် အဆင့်မကွာ၍ ညွှန်ကြားရာ၌ အဆင်ပြေနိုင်လို့ပါ။ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ အထက်နဲ့အောက်အကြား ခါးပြတ်နေသလို ဖြစ်နေခြင်းကို သတိမူနိုင်ဖို့ပါ။

မူလတန်းပညာရေးအဆင့်လောက်သာ သင့်ခွင့်ရှိသူက များလွန်းနေပြီး၊ ထိုမူလတန်း တက်ရောက်သူများမှ နောက်ဆုံးတက္ကသိုလ်များသို့ တက်ရောက်သင်ကြားနိုင်ခွင့်ရှိသော ကျောင်းသား၊ ကျောင်းသူ ရာခိုင်နှုန်းဟာ ရာခိုင်နှုန်း ၂၀ ခန့်သာရှိကြောင်း သိရခြင်းပါ။ ထို့ကြောင့် မူလတန်းမှ တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရှိသော ရာခိုင်နှုန်းသည် ထိုထက်နည်းဖွယ်ရာသာ ရှိနေခြင်းပါ။

## ပညာတတ်နည်းလျှင် ဖွံ့ဖြိုးတိုးမှုနည်းမည်

ပညာတတ်နည်းသောလူမျိုးသည် လူနေမှုအဆင့်အတန်း နိမ့်ကျမည်ဖြစ်ပြီး၊ အထက်တန်းပညာကို သင့်ကြားခွင့်နည်းသော လူမျိုးများနေထိုင်သည့်နိုင်ငံသည် ပညာတတ်နည်းသော နိုင်ငံဟုဆိုရပေမည်။ ပညာတတ်နည်းသော နိုင်ငံများဟာ ဖွံ့ဖြိုးတိုးတက်မှုနည်းသောနိုင်ငံမျိုးသာ အဖြစ်များနေခြင်းပါ။





ထို့ကြောင့် အထက်တန်းပညာကို မသင်မနေရ ပညာရေးမျိုးဖြစ်အောင်၊ အခမဲ့သင်ကြားခွင့်ရှိသော ပညာရေးမျိုးဖြစ်လာနိုင်အောင် တိုင်းပြည်ခေါင်းဆောင်များ အလေးအနက်ထား၍ စဉ်းစားပေးကြဖို့ပါ။ တိုင်းပြည်၏ဘတ်ဂျက်ကို မျှဝေသုံးစွဲရာ၌ ပညာရေးကဏ္ဍအတွက် ဘတ်ဂျက်ကို တိုးမြှင့်၍ သုံးစွဲသင့်သည်ဟုလည်း တင်ပြလိုခြင်းပါ။

တိုးတက်သောတိုင်းပြည်များ၌ ပြည်သူ၊ ပြည်သားများကို ပညာတတ်များဖြစ်လာအောင်၊ ပညာတတ် များပြားလာအောင် အထက်တန်းပညာကို မသင်မနေရ ပညာရေးမျိုး၊ အခမဲ့ သင်ကြားခွင့်ရှိသော ပညာရေးမျိုးဖြစ်အောင် နိုင်ငံတော်မှ ဆောင်ရွက်ပေးနေခြင်းပါ။ ထို့ကြောင့် မိမိနိုင်ငံ၌လည်း အလားတူ ဆောင်ရွက်ပေးနိုင်ကြဖို့ပါ။

တိုးတက်သောတိုင်းပြည်များ၌ ငွေကြေးမတတ်နိုင်သူများကို တက္ကသိုလ်ကျောင်းများသို့ မတက်ရောက်နိုင်သော အဖြစ်မျိုး မရှိရလေအောင် လခနည်းသော မိဘများ၏ သားသမီးများကို ပညာသင်ဆုနှင့် ပညာရေးထောက်ပံ့မှုများ (Financial Aid)ကို ပေး၍ တက္ကသိုလ်များသို့ တက်ရောက် သင်ကြားစေခြင်းမျိုးကို ပြုပေးခြင်းဟာ အတုယူဖွယ်ကောင်းတဲ့ မူဝါဒမျိုးပါ။ ပြည်တွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အား သားသမီးချင်း စာနာတတ်သည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပညာရေး ပေါ်လစီကို ပြန်လည်ပြင်ဆင်ပေးသင့်ပါကြောင်း တိုက်တွန်း လိုက်ခြင်းပါ။

## ပညာရေးကို အားပေးပါ

ကျောင်းသား၊ ကျောင်းသူများ အထက်တန်းပညာကို အခမဲ့သင်ကြားခွင့်များ ရရှိနိုင်အောင် ဘက (ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ)မှလည်း ပါဝင်ကူညီပေးသင့်ခြင်းပါ။ တွဲဖက်အထက်တန်းကျောင်းများ ဖြစ်လာအောင် နိုင်ငံတော်ပညာရေးဝန်ကြီးဌာနသို့ လျှောက်ထားခြင်း၊ ဘကကျောင်းအချင်းချင်းလည်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအတွက် အကူညီများပေးခြင်း၊ နိုင်ငံတော်မှ သတ်မှတ်ထားသော ပညာရေးစံချိန်၊ စံနှုန်းများကို မှီနိုင်အောင် နီးစပ်ရာ အစိုးရအထက်တန်းကျောင်းများနှင့် တွဲဖက်အထက်တန်းကျောင်းပြုလုပ်၍ဖြစ်စေ (သို့မဟုတ်) အထက်တန်းကျောင်းများ သီးခြားဖွင့်ပေး၍ဖြစ်စေ ပညာများကို သင်ကြားပေးနိုင်ဖို့ပါ။ ထိုသို့ပြုလုပ်ပေးနိုင်ကြမည်ဆိုလျှင် မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်သည် ကမ္ဘာနိုင်ငံများနှင့် ရင်ဘောင်တန်းလာနိုင်မည်ဖြစ်ခြင်းပါ။ ထိုသို့ပြုလုပ်မပေးဘဲ တက္ကသိုလ်အဆင့်မှ လောက်ကိုသာ ပညာရေး အဆင့်အတန်းများကို တိုးမြှင့်ပေးမည်ဆိုလျှင် ပညာရှင်အနည်းစုသည် ပညာမဲ့အများစုအတွက်





နိုင်ငံတော်ကို ကိုယ်စားပြုနိုင်မည်မဟုတ်ကြောင်း သဘောပေါက်နိုင်ကြဖို့ပါ။

သမိုင်းတစ်လျှောက်လုံး နိုင်ငံတော်ရဲ့ပညာရေးစနစ်များကို ကူညီပံ့ပိုးခဲ့သော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ပြန်လည်ရှင်သန်လာနိုင်အောင် နိုင်ငံတော်မှလည်းကောင်း၊ ရဟန်းရှင်လူ ပြည်သူ၊ ပြည်သားများမှလည်းကောင်း စုပေါင်းဆောင်ရွက်ပေးကြဖို့ပါ။ နိုင်ငံတော်အရေးသည် ပြည်သူ၊ ပြည်သားများ အရေးပင်ဖြစ်ကြောင်းကို ထပ်တလဲလဲပြောနေရမဲ့ အချိန်အခါမျိုးလည်း မဟုတ်တော့ပါ။ "ပညာမြင့်မှ လူမျိုးတင့်" နိုင်သည်ကို ရဟန်းရှင်လူများ သဘောပေါက်ထားပြီးဖြစ်၍ အခြေခံပညာရေးကိုလည်း မြှင့်တင်ပေးနိုင်ရန် လေးလေးနက်နက် စဉ်းစားပေးကြဖို့ မေတ္တာဖြင့် တိုက်တွန်းနေခြင်းပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

(မြန်မာပို့စ် အတွဲ ၄၊ အမှတ် ၂၄။ ဗုဒ္ဓဟူးနေ့၊ ဇွန်လ ၂၇ ရက်၊ ၂၀၁၂ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဝါဒီရှုမြင်တဲ့ ဒီမိုကရေစီနိုင်ငံဆိုတာ

လွန်ခဲ့တဲ့ သုံးပတ်ခန့်က "ဗုဒ္ဓဝါဒီနှင့် ဒီမိုကရေစီနိုင်ငံတော်"အမည်နဲ့ ဆောင်ပါးတစ်ပုဒ် ရေးဖြစ်ခဲ့တယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ နှစ်ပေါင်းရှစ်ဆယ်နီးပါး လျှောက်လှမ်းနေပြီး ဖြစ်ပါလျက် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ မရောက်ရှိနိုင်သေးတဲ့ ထိုင်းနိုင်ငံရဲ့ဒီမိုကရေစီအကြောင်း တစေ့တစောင်းနဲ့၊ ဗုဒ္ဓဝါဒီတယောက်ရဲ့အမြင်နဲ့ ဒီမိုကရေစီစနစ်အပေါ်မှာ သုံးသပ်တင်ပြထားခြင်းပါ။

ဒီမိုကရေစီဆိုတဲ့ လမ်းစဉ်နဲ့ မြန်မာပြည်သူ၊ ပြည်သားတွေ နှစ်ပေါင်းငါးဆယ်ကျော် အလှမ်းကွာဝေးခဲ့ကြရတဲ့အတွက်ကြောင့် ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရကို ခံစားသိရှိသူတွေ နည်းသေးတယ်လို့ ဆိုရမှာပါ။ မြန်မာ





နိုင်ငံမှာ ဒီမိုကရေစီစနစ် ပျောက်ဆုံးသွားတဲ့ နှစ်ပေါင်းကငါးဆယ်ကျော်ဆိုတော့ အတော်ကြီးကို ကြာသွားပြီလို့လဲ့ည်း ဆိုရမှာပါ။

ထို့ကြောင့် ဒီမိုကရေစီစနစ်အရ နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေများ၊ ပြည်သူ၊ ပြည်သားတွေ လိုက်နာကျင့်သုံးရမဲ့ ဥပဒေများကို ပြည်သူတွေ သိနားလည်အောင် ပြုလုပ်ပေးကြဖို့ပါ။ ပြည်သူတွေ ဒီမိုကရေစီနဲ့စပ်တဲ့ အသိတရားတွေ ဘယ်လောက်များ နည်းပါးနေကြသလဲဆိုရင် ဒီမိုကရေစီရရင် ထင်ရာလုပ်လို့ရပြီလို့ အထင်ရောက်နေသူတွေက ဒုနဲ့ဒေးပါ။

### အမျိုးသမီးတို့ရဲ့ အလှကျက်သရေဆိုတာ

မကြာခင်က ပြီးဆုံးသွားတဲ့ မြန်မာ့ရိုးရာသကြၤန်ပွဲမှာ ပြည်သူ၊ ပြည်သားအများစုရဲ့ သရုပ်ပျက်ဝတ်စားဆင်ယင်မှုတွေက ပြည်သူတွေရဲ့စိတ်ဓာတ်အချို့ကို တစ်စိတ်တစ်ပိုင်းထင်ဟပ်ပြနေခြင်းပါ။ သရုပ်ပျက်ဝတ်စားဆင်ယင်မှုတွေက မြန်မာရိုးရာဝတ်စားဆင်ယင်မှုတွေကို စိန်ခေါ်လာပြီဆိုတော့လည်း မြန်မာယဉ်ကျေးမှုအတွက် စိတ်ပူစရာများ ဖြစ်လာခြင်းပါ။ မလုံတလုံ၊ မပေါ်တပေါ် ခေတ်ပေါ်ဝတ်စား ဆင်ယင်မှုတွေကို အထင်းသားတွေမြင်လာရခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ဒီမိုကရေစီနိုင်ငံများအားလုံးက လေးစားလိုက်နာရတဲ့ ''လူ့အခွင့်အရေး ကြေညာစာတမ်း'' ကို အခွင့်သင့်လို့ တင်ပြပါရစေ။ အဲဒီစာတမ်းထဲမှာ ဒီမိုကရေစီကို လေးစားလိုက်နာသူတိုင်း ကျင့်သုံးရမယ့် စည်းကမ်းပေါင်း အချက်သုံးဆယ်တိတိ ပါဝင်နေပြီး၊ ထိုစည်းကမ်းများကို ကုလသမဂ္ဂမှ ၁၉၄၈ ခုနှစ်မှာ ''လူ့အခွင့်ရေး ကြေညာစာတမ်းကြီး''တခုအနေနဲ့ ထုတ်ပြန်ထားခဲ့တာပါ။

အဲဒီလူ့အခွင့်အရေး ကြေညာစာတမ်းကြီးမှာပါတဲ့ ပထမဦးဆုံးလိုက်နာရမည့် စည်းကမ်းက ''ဤကမ္ဘာတွင် လူဟူသမျှသည် မိသားစုအဖွဲ့ဝင် ညီအကိုမောင်နှမများ သဖွယ် ဖြစ်၏။ ထို့ကြောင့် သင်သည် လူချင်းဆက်ဆံရာ၌ ကြင်နာစွာ ဖော်ရွေစွာ ယဉ်ကျေးစွာ ပြုမူသင့်၏''လို့ ဖေါ်ပြထားခြင်းပါ။ ဟိုရှီ၊ ဩဂုတ္တပွဲတရားကို တန်ဖိုးထားတဲ့ မြန်မာနိုင်ငံလိုနိုင်ငံမျိုး၌ မလုံမခြုံဝတ်စားဆင်ယင်မှုမျိုးကို ပြုခြင်းဟာ အများအပေါ်မှာ (သို့မဟုတ်) ယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းပေါ်မှာ ယဉ်ကျေးစွာ ပြုမူရာရောက်၊ မရောက် စဉ်းစားနိုင်ကြဖို့ပါ။

အဖေနဲ့သမီး၊ အကိုနဲ့ညီမ တစ်ခရီးထဲမှာ အတူသွားလို့မှ အမြင်လည်းမတော်၊ သင့်လည်း မသင့်လျော်တဲ့ အနေအထားမျိုးမှာ ရှိနေလို့ပါ။ လုံလုံခြုံခြုံနဲ့ ဝတ်စားဆင်ယင်တဲ့





မြန်မာအမျိုးသမီးကောင်းတို့ရဲ့ ကျော့ရှင်းတဲ့အလှတရားကို မြန်မာပြည်သူ၊ ပြည်သားတို့က မြတ်နိုးကြတာပါ။ မြန်မာအမျိုးသမီးတို့ရဲ့ အလှကျက်သရေဆိုတာ ဒါမျိုးပါလို့ ကမ္ဘာကို စံထားပြောဆိုနိုင်ဖို့ပါ။

ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ဖို့ မြန်မာပြည်သူ၊ ပြည်သားတွေ အခွင့်အခါသင့်တိုင်း စာတွေပေတွေကို ဖတ်ကြဖို့ပါ။ ဖြစ်နိုင်ရင် နိုင်ငံတော်မှလည်း ပညာပေး ဟောပြောပွဲတွေ၊ စာပေဟောပြောပွဲတွေကို ရေဒီယို၊ ရုပ်သံလွှင့်အစီအစဉ်တွေမှ ဒီမိုကရေစီအကြောင်း သိကောင်းစရာတွေကို မကြာမကြာ လွှင့်ထုတ်ပေးဖို့ တိုက်တွန်းပေးနိုင်ဖို့ပါ။ သတင်းမီဒီယာများနှင့် အနုပညာရှင်များကလည်း ပညာပေး ဆွေးနွေးပွဲတွေ၊ ရုပ်သံလွှင့်ဇာတ်လမ်းတွေနဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရကို ပေါ်လွင်စေတဲ့ ရုပ်ရှင်ဇာတ်ကားများကို ထုတ်လွှင့်ပေးကြရမှာပါ။ ပြည်သူပြည်သားတွေကိုယ်တိုင် ပူးပေါင်းပါဝင်လာမှ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆိုတာ တကယ်ဖြစ်လာမှာပါ။

## လယ်ဗယ်မညီရင် လယ်ဗယ်ညှိပေးပါ

မြန်မာပြည်မှာ ဆင်းရဲချမ်းသာ ကွာခြားလွန်းတဲ့ လူတန်းစား ပြဿနာရှိနေလေတော့ အလွှာမတူညီတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတန်းစားတွေကို အသိတရားတွေ တူညီလာအောင် ဘယ်လိုလုပ် ဖြစ်နိုင်မလဲလို့ တဦးတယောက်က မေးခွန်း ထုတ်မေးလာခဲ့ရင် အဖြေကို ဝိုင်းဝန်းစဉ်းစားပေးကြဖို့ပါ။

ဒီနေရာမှာ မြတ်ဗုဒ္ဓအသုံးပြုတဲ့ နည်းစနစ်လေး တစ်ခုကို သတိရမိလို့ တင်ပြပါရစေ။ မြတ်ဗုဒ္ဓရဲ့သာသနာတော် အတွင်းကို ဝင်ရောက်လာသူတွေဟာ အသိပညာ ဉာဏ်အနေ အားဖြင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လယ်ဗယ်မတူညီသူတွေ များပါတယ်။ မြတ်စွာဘုရားဟာ သာသနာတော်အတွင်း ဝင်ရောက်လာသူတွေ အားလုံးကို လယ်ဗယ်ညီအောင် ပြုကျင့်နိုင်တဲ့စနစ်တစ်ခုကို ချမှတ်တော်မူခဲ့တယ်။ အဲဒီ အကျင့်ကို "သိက္ခာ သုံးပါးအကျင့်"လို့ ခေါ်တာ။ သီလ သမာဓိ ပညာကို သိက္ခာသုံးပါးအကျင့်လို့ သိထားဖို့ပါ။

ဦးစွာပထမ မြတ်စွာဘုရားက သာသနာတော် အတွင်း ဝင်ရောက်လာကြတဲ့ သူခိုးဓားပြ ဆိုသူတွေကိုရော၊ လူဆိုးလူမိုက်ဆိုသူတွေကိုရော၊ သူဌေးသူကြွယ်ဆိုသူတွေကို ရော၊ စစ်သူကြီးဆိုသူတွေကိုရော၊ ရှင်ဘုရင်ဆိုသူတွေကိုရော၊ ဒီလူတွေအားလုံးကို အခြေခံလယ်ဗယ် ညီသွားအောင် သီလ အကျင့်တရားနဲ့ ကိုယ်နဲ့နှုတ်ကို ယဉ်ကျေးသွားအောင် ဦးစွာ ပထမ ဆုံးမတော်မူခြင်းပါ။ မကြာခင်မှာပဲ သူတို့အားလုံးရဲ့ ကိုယ်အမူအယာရော၊ နှုတ်အမူအယာများဟာ တဖြေးဖြေး





ယဉ်ကျေးသိမ်မွေ့လာပြီး (ယဉ်ကျေးပြီးသူများဆို ပိုမို ယဉ်ကျေး သိမ်မွေ့လာပြီး) အတိုင်းအတာတစ်ခုအထိ လယ်ဗယ်ညီ သွားခြင်းပါ။

ဒါပေမဲ့ သီလရဲ့အစွမ်းက ကိုယ်နှုတ် နှစ်ပါးကိုသာ ယဉ်ကျေးအောင်ပြုနိုင်ပြီး၊ စိတ်ကို ယဉ်ကျေးအောင် မပြုနိုင် သေးတာမို့ သမာဓိအလေ့အကျင့်နဲ့ နောက်ထပ်တဆင့် တိုးမြှင့်ပြီး စိတ်ကိုပါ ယဉ်ကျေးလာအောင် ဘဝနာတရား တစ်ခုခုကို ကျင့်သုံးစေပြီး လယ်ဗယ်ညှိပေးခြင်းပါ။

ဒါပေမဲ့ အသိတရားမှာ လယ်ဗယ်မညီပြန်ရင် လည်း ငြိမ်းချမ်းတဲ့ သာသနာတော်တစ်ရပ်ကို တည် ထောင်နိုင်ဖို့ ခက်ခဲတဲ့အနေအထားမျိုးမှာရှိနေပြန်တော့ အသိဉာဏ်ပညာ လယ်ဗယ်များ အနီးစပ်ဆုံး တူညီမှုများ ရရှိနိုင်အောင် ဝိပဿနာ ပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာတို့ဖြင့် ဘဝရဲ့သစ္စာ၊ ဓမ္မရဲ့တန်ဖိုးများကို သိနားလည်စေခဲ့ခြင်းပါ။ နောက်ဆုံးတော့ သိက္ခာသုံးပါးအကျင့်တရားများကို ကိုယ်တိုင်ပွားများကြခြင်းဖြင့် သာသနာ့ဝန်ထမ်း ရဟန်း တော်များရဲ့ဘဝဟာ အသိဉာဏ် လယ်ဗယ်များ တူညီ လာကြခြင်းပါ။ အခြေခံလယ်ဗယ်များ တူညီလာကြတော့ ငြိမ်းချမ်းသာယာစွာနဲ့ ဂန္ထဓုရ (စာပေသင်ကြား၊ ပို့ချခြင်း) အလုပ်၊ ဝိပဿနာဓုရ (ဝိပဿနာ တရားအားထုတ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ပွားများခြင်း) အလုပ်များကို ညီညီညွတ်ညွတ်နဲ့ လုပ်နိုင်ခဲ့ကြခြင်းပါ။ မြတ်ဗုဒ္ဓက ဝေနေယျတို့ အား သိက္ခာသုံးပါးကို ကျင့်သုံးစေတဲ့နည်းဖြင့် အခြေခံ လယ်ဗယ်များကို အနီးစပ်ဆုံး ညီအောင် ညှိခဲ့တာပါ။

## ဆင်းရဲ ချမ်းသာ တူညီလာဖို့

ဒီမိုကရေစီရဲ့စနစ်အောက်မှာ ပြည်သူပြည်သားတွေရဲ့ ဘဝတွေ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ဖို့ အတွက် အသိတရားနဲ့ အခြေခံလူနေမှုဘဝ လယ်ဗယ်ညီဖို့တော့ လိုမှာပါ။ ဦးစွာပထမ ပြည်သူပြည်သားတွေကို အသိတရားနဲ့ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရများကို သိရှိနားလည်လာနိုင်အောင် ပြုလုပ်ပေးကြရမှာပါ။ တစ်ချိန်တည်းမှာပဲ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနယ်ပယ် စသည်များ၌ ဝင်ငွေများများ ရှိသူများ၊ ရောင်းခွန်၊ ဝယ်ခွန် အမြတ်အစွန်းများများ ရနေသူများထံမှ အခွန်အခများကို တိုးမြှင့်ကောက်ယူပြီး၊ ဝင်ငွေနည်းသူများ၊ ရောင်းခွန်၊ ဝယ်ခွန် အမြတ်အစွန်း နည်းပါးသူများထံမှ အခွန်အခများကို လျှော့ပေါ့ကောက်ကြရမှာပါ။

ပညာရေးစနစ်များကို တိုးမြှင့်ပေးသင့်သည်ဆိုရာဝယ် ဒီနေရာမှာ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာနိုင်စေရန် အကယ်ဒမစ် အက်ဒျူကေး





ရှင်း (Academic Education) မျိုးကိုချည်း ရည်ရွယ်ပြောလိုခြင်း မဟုတ်ပါ။ အခြေခံဖြစ်ပြီး အသိပညာများကို တိုးပွားစေနိုင်တဲ့ ပြည်သူတို့သိသင့်တဲ့ စီဗစ်အက်ဒျူ ကေးရှင်း (Civic Education) မျိုးတို့လို၊ အီကိုနိုမစ်ခ် အက်ဒျူကေးရှင်း (Economic Education) မျိုးတို့လို၊ မော်ရယ် အက်ဒျူကေးရှင်း (Moral Education) မျိုးတို့လို၊ ဟဲလ်သ် အက်ဒျူကေးရှင်း (Health Education)မျိုးတို့လို စတဲ့ အက်ဒျူကေးရှင်းနှင့်စပ်တဲ့ ပညာရေးမျိုးတို့ကိုပါ တိုးမြှင့်ဆောင်ရွက်ပေးကြရမှာပါ။

အကယ်ဒမစ် အက်ဒျူကေးရှင်း (ကျောင်းသင်ခန်းစာပညာရေး) မျိုးဆိုတာ မြန်မာပြည်မှာမွေးဖွားတဲ့ ကျောင်းသား၊ ကျောင်းသူတိုင်း အထက်တန်းပညာကို မသင်မနေရ ပညာရေးမျိုး၊ အခမဲ့ပညာရေးမျိုး ဖြစ်လာသည်အထိ ဆောင်ရွက်ပေးနိုင်ကြဖို့ပါ။ စီဗစ်အက်ဒျူကေးရှင်း (ပြည်သူ့ပညာရေး) မျိုးဆိုတာ နိုင်ငံမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ရယ်၊ နိုင်ငံကို အုပ်ချုပ်နေတဲ့ ဒီမိုကရေစီအစိုးရက ပြည်သူတွေအတွက် ဘာတွေ လုပ်ပေးနိုင်တယ်၊ ဘာတွေ လုပ်ပေးရမယ်ဆိုတာမျိုးတွေကို ပြည်သူတွေသိရှိဖို့ ပညာပေးရမယ့် ပညာရေးမျိုးပါ။ ပြည်သူတွေဖက်ကလည်း တိုင်းပြည်အတွက် ဘာတွေ လုပ်ပေးရမယ်၊ ဘာတွေ လုပ်ပေးနိုင်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပြည်သူတွေ သိရှိလာအောင် ပြုလုပ်ပေးရတဲ့ ပညာရေးမျိုးပါ။

အီကိုနိုမစ်ခ် အက်ဒျူကေးရှင်း (စီးပွားရေးဆိုင်ရာ ပညာရေး) မျိုးဆိုတာ လယ်ယာစိုက်ပျိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းစတဲ့ အခြေခံစီးပွားရေးစနစ်များကို ကိုယ့်ပြည်သူပြည်သားတွေ သိရှိလာအောင် တစ်နိုင်တစ်ပိုင် စီးပွားရေးကအစ ကြီးကျယ်တဲ့ စီးပွားရေးလုပ်ငန်းကြီးများကို လုပ်ချင်လာအောင် ပညာပေးရတဲ့ပညာရေးမျိုးပါ။ မော်ရယ် အက်ဒျူကေးရှင်း (ကိုယ်ကျင့်သိက္ခာ၊ ပြည်သူ့နီတိဆိုင်ရာ ပညာရေး) မျိုးဆိုတာ ကိုယ့်ကျင့်သိက္ခာမြင့်မားမှ ပြည်သူတို့ဘဝတိုးတက်နိုင်ပုံနှင့် ပြည်သူတွေရဲ့ဘဝတွေ တိုးတက်မှ တိုင်းပြည် တိုးတက်လာနိုင်ပုံ စသည်များကို ပြည်သူတွေ သိရှိလာအောင် ပညာပေးရတဲ့ ပညာရေးမျိုးပါ။ ဟဲလ်သ် အက်ဒျူကေးရှင်း (ကျန်းမာရေးဆိုင်ရာ ပညာရေး) မျိုးဆိုတာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိတရားများ ပြည်သူပြည်သားများရဲ့ သိရှိလာအောင်၊ ထို့နောက် ကျန်းမာရေးများ လိုက်စားတတ်လာအောင်၊ လိုက်စားချင်လာအောင် လှုံ့ဆော်ပေးရတဲ့ ပညာရေးမျိုးပါ။

ပြည်သူ၊ ပြည်သားတွေ အများစုထင်ထားတာက ရွေးကောက်ပွဲမှာ တိုင်းပြည်အတွက် မဲထည့်ပြီးရင် ပြည်သူ





တွေရဲ့ တာဝန်တွေ ကျေပြွန်ပြီရယ်လို့ ထင်နေကြတာ။ မြန်မာနိုင်ငံဟာ အခုမှ ဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးရမှာ ဖြစ်လို့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်နိုင်ဖို့ ပြည်သူတွေလိုက်နာရမဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပြည်သူတွေသိအောင် ပညာပေးဖို့ အများကြီး လိုနေသေးတယ်ဆိုတာ ပြည်သူတွေ သဘောပေါက်နိုင်ကြဖို့ပါ။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ သူ့ရဲကောင်းဝါဒမျိုးကို ကျင့်သုံး၍ မရနိုင်သလို၊ ဟီရိုးဝါ့ရှစ်လို့ခေါ်တဲ့ သူရဲကောင်းကိုးကွယ်မှု ဝါဒမျိုးကိုလည်း ကျင့်သုံး၍ ရနိုင်မည်မဟုတ်ပါ။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် အခြေခံဖြစ်တဲ့ လူ့အခွင့်အရေးများကို လေးစားလိုက်နာတတ်ဖို့ပါ။ ဥပမာ၊ ရပ်ကွန်းရှင်လူတွေကို စိတ်အနှောင့်အယှက်ဖြစ်စေနိုင်တဲ့ အသံချဲ့စက်ကြီးတွေကို နေ့မရှောင်၊ ညမရှောင် စိတ်ထင်တိုင်း (နှစ်ဆဲ့လေးနာရီပတ်လုံး) ဖွင့်ခြင်းမျိုးတွေ၊ အမှိုက်တွေကို တွေ့ကရာပစ်၊ ကွမ်းတံတွေးကို တွေ့ကရာထွေး၊ ဆေးလိပ်တို၊ ပလပ်စတစ်၊ ဖျော်ရည်ဗူးခွံတွေကို တွေ့ကရာပစ်ချ၊ စည်းကမ်းရှိစေချင်တဲ့လူက တွေ့လို့ (မြင်လို့) အကျိုးသင့် အကြောင်းသင့် ဝင်ပြောပြရင် "မင်းက ဘာကောင်မို့လဲ" ဆိုတဲ့ ရန်လိုတဲ့အကြည့်နဲ့ တုန့်ပြန်မှုမျိုးတွေကို ဆက်လက် မပြုလုပ်သင့်တော့ဘူးဆိုတာတွေကို ပြည်သူတွေ သိထားနိုင်ဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ကိုယ့်အခွင့်အရေးကို ကိုယ်သိထားဖို့

ဒီမိုကရေစီစနစ်ဆိုတာ ကယ်တင်ရှင်ဝါဒ မဟုတ်သလို၊ စည်းမဲ့ကမ်းမဲ့ဝါဒမျိုးလည်း မဟုတ်ပါ။ တကယ်တော့ ပြည်သူတွေ ရွေးချယ်တင်မြှောက်ထားတဲ့ နိုင်ငံတော်အစိုးရမှ ချမှတ်လာတဲ့ မူဝါဒရေးရာများကို ပြည်သူ၊ ပြည်သားတွေက အတူပူးပေါင်းပြီး လိုက်နာဆောင်ရွက်ဖို့၊ အကောင်အထည် မဖေါ်နိုင်သေးတဲ့ မူဝါဒရေးရာများကို ပြည်သူတွေက အခွင့်အခါသင့်တိုင်း အကြံပြုပြောဆိုကြဖို့ပါ။ ထိုထက်ပို၍ စွမ်းနိုင်ရင် နိုင်ငံတော်မှ ပြည်သူများအတွက် ဆွေးနွေးပွဲများ၊ ကွန်ဖရင့်စ်များ၊ ဆီမီနာများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးဖို့ပါ။ ပြုလုပ်ပေးလာတဲ့အခါမျိုးမှာလည်း ပြည်သူများက ပါဝင်ဆွေးနွေးနိုင်ဖို့ပါ။ ထိုအတွက် သုတေသနစာတမ်းများ ကြိုတင်ပြုစုထားခြင်း၊ ဘာသာရပ်ဆိုင်ရာ စာအုပ်၊ စာပေများကို ကြိုတင် ဖတ်ရှုထားခြင်းမျိုးတွေကို ပြုလုပ်ထားကြရမှာပါ။ ထိုသို့ ပြုလုပ်ထားခြင်းဖြင့် ထိုအသိတရားများကို အခြေခံလျက် တိုင်းပြည်အတွက် အကြံပြုပြောကြားခြင်းများကို ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ကြဖို့ပါ။

ပြည်သူများကို ဒီမိုကရေစီကျင့်ထုံးဆိုင်ရာ အသိဉာဏ်များရှိလာပြီး ကိုယ့်အခွင့်အရေးများကို ကိုယ်တိုင်သိထားနိုင်အောင် ဆောင်ရွက်ပေးကြရမှာပါ။ ဥပမာ - ဒီမိုကရေစီစနစ်





ကို ပီပြင်စွာ ကျင့်သုံးနိုင်ပြီးဖြစ်တဲ့ အမေရိကန်နိုင်ငံတို့လို နိုင်ငံမျိုးတွေမှာ ၅ နှစ်၊ ၆ နှစ်အရွယ် ကလေးငယ်တစ်ယောက်ကို ပထွေးလုပ်သူက နှိပ်စက်ညှင်းပမ်းမှုမျိုးကို ပြုလုပ်ခဲ့ရင် ထိုကလေးငယ်က ရဲဌာနလို့ တယ်လီဖုန်းဖြင့် ဆက်သွယ်တိုင်ကြားခြင်းကို ပြုလုပ်နိုင်ခြင်းမျိုး။ ထိုကလေးငယ်ဟာ သူ့အခွင့်အရေးကို သူကိုယ်တိုင် တရားဥပဒေနဲ့အညီ ကာကွယ်နိုင်ခြင်းမျိုးပါ။ မယားကို လင်ဖြစ်သူက ကိုယ်ထိလက်ရောက် နှိပ်စက်ခဲ့ရင် အားနွဲ့တဲ့မိန်းမသားများက ရဲကိုတိုင်ကြားပြီး တရားဥပဒေဖြင့် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ခြင်းမျိုးပါ။

စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်ဖို့ ပြည်သူ၊ ပြည်သားတွေဟာ စိတ်ရှည်ရှည်ထားပြီး ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလမှာ သွေးစည်းနိုင်ကြဖို့ပါ။ ကိုယ်တိုင်ပါဝင်နိုင်ကြဖို့ပါ။ ပြည်သူပြည်သားများရဲ့စိတ်ထဲမှာ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အသိမရှင်း၊ မလင်းဖြစ်နေတဲ့အချက်တစ်ခုက ရွေးကောက်ပွဲကိုယှဉ်ပြိုင်ရွေးကောက်ခံကြစဉ်အခါက ကိုယ့်ပါတီအောင်နိုင်ရေးအတွက် မလွှဲသာ၊ မရှောင်သာ၍ မဲဆွယ်လုပ်ငန်းများကို ပြုလုပ်ခဲ့ကြရသော်လည်း ရွေးကောက်ပွဲကြီး ပြီးသွားတဲ့အခါမှာတော့ ပါတီစိတ်များကို ခဝါချပြီး၊ ဒီမိုကရေစီနိုင်ငံတော်ရဲ့ အလံတော်အောက်မှာ နိုင်ငံနဲ့လူမျိုးအတွက် ပြည်ပြောင်စုစိတ်ဓာတ်များကို မွေးမြူနိုင်ကြဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီစနစ်မှာ အတိုက်အခံပါတီဆိုတာ ရှိစမြဲပါ။ ထိုအတိုက်အခံပါတီရှိမှ နိုင်ငံတော်တိုးတက်တာပါ။ ဘာ့ကြောင့်လဲဆိုရင် လက်ရှိအစိုးရက လာဘ်ပေး လာဘ်ယူစတဲ့ မကောင်းတာတွေ ပြုလုပ်နေခဲ့ရင် ကန့်ကွက်ဖို့ပါ။ တိုင်းပြည်အတွက် မှန်ကန်တဲ့လုပ်ဆောင်မှုမျိုးတွေကို လုပ်နေတယ်ဆိုရင်တော့ ပါတီတွင်းပဲဖြစ်ဖြစ်၊ အတိုက်အခံပဲဖြစ်ဖြစ် အားလုံးက ဝိုင်းထောက်ခံပေးကြရမှာပါ။ လက်ရှိအစိုးရက ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် အမြင်ကပ်ကပ်နဲ့ အမြဲတမ်း ဆန့်ကျင်ဘက်မျိုးချည်း ပြုနေမယ်ဆိုရင်တော့ "ဘုပြောဘောထိုင် အတိုက်အခံမျိုး" လို့ ဆိုရမှာပါ။

## ဗုဒ္ဓဝါဒီတို့ကျင့်သုံးတဲ့ ဒီမိုကရေစီကျင့်ထုံးများ

မြတ်ဗုဒ္ဓရဲ့ တရားတော်များမှာတော့ မှားတာကို ထောက်ပြပြောဆိုရာမှာ အကျိုးလိုလားတဲ့စိတ်နဲ့ ထောက်ပြပြောဆိုသူများကို ကလျာဏမိတ္တ (မိတ်ဆွေကောင်း) လို့ သတ်မှတ်ပြောဆိုထားခြင်းပါ။ နောက်ပြီး ဘုရားဟောတရားတော်များမှာ အများဆန္ဒနဲ့ ပြုလုပ်ရတဲ့ကိစ္စမျိုးတွေမှာ ကျင့်ထုံးနှစ်ရပ်ကို ထည့်သွင်းဟောကြား ထားခဲ့တာဟာ စိတ်ဝင်စားစရာပါ။





နံပါတ် (၁) ကျင့်ထုံးက သဘောတူရင် ဆိတ်ဆိတ်နေရတဲ့ ကျင့်ထုံးမျိုးပါ။ ကိစ္စကြီးငယ်၊ ပြဿနာကြီးငယ် သံဃာ့အလယ်မှာ ပေါ်ပေါက်လာတဲ့အခါမျိုးမှာ ထိုပြဿနာကို ငြိမ်းအေးစေနိုင်ရေးအတွက် သံဃာတော်များကို သိမ်လို့ခေါ်တဲ့ သံဃာများရဲ့အစည်းအဝေးခန်းမထဲကို ဖိတ်ကြားပြီး၊ သံဃာ့အလယ်မှာ ဖြစ်ပေါ်နေတဲ့ပြဿနာကို တင်ပြရတဲ့ ကျင့်ထုံးမျိုးပါ။ သံဃသမ္မုတိရတဲ့သံဃာတော်က သံဃာတော်များကို သုံးကြိမ်တိုင်တိုင် "အရှင်မြတ်တို့ဘုရား။ အရှင်ဘုရားများ သဘောတူရင် ဆိတ်ဆိတ်နေတော်မူကြပါ။ သဘောမတူရင် ကန့်ကွက်တော်မူကြပါ" လို့ လျှောက်ထားတဲ့ ဝိနည်းကျင့်ထုံးပါ။

နံပါတ် (၂) ကျင့်ထုံးက သံဃာအဖွဲ့ဝင်များအားလုံး အပြန်အလှန် ဖိတ်ကြားရတဲ့ကျင့်ထုံးမျိုးပါ။ တစ်နှစ်တစ်ခါ သီတင်းကျွတ်လပြည့်နေ့မှာ သံဃာအချင်းချင်း သိမ်လို့ခေါ်တဲ့ သံဃအစည်းအဝေး ခန်းမကြီးထဲမှာ အပြန်အလှန် မထေရ်ကြီးက အရင်စပြီး (သံဃာငယ်များအထိ) သံဃာကို ပဝါရဏာ (ဖိတ်ကြားခြင်း) ပြုတဲ့ ဝိနည်းကျင့်ထုံးပါ။ ဝိနည်းမဟာဝဂ္ဂပါဠိတော်မှာ - "ငါရှင်တို့ (အရှင်ဘုရားတို့) သံဃာကို ဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ ကြား၍ဖြစ်စေ ယုံမှား၍ဖြစ်စေ အရှင်တို့သည် တပည့်တော်အား အစဉ်



www.burmeseclassic.com

www.burmeseclassic.com



သနားခြင်းကို အကြောင်းပြု၍ ပြောဆို (ဆုံးမ) ကြပါ၊ (အပြစ်ကို) မြင်သည့်ရှိသော် (အပြစ်ရှိခဲ့သော်) (တပည့်တော်) ကုစားပါအံ့။ (နှစ်ကြိမ်မြောက်··· သုံးကြိမ်မြောက် ··· ဖိတ်မံရခြင်းပါ)။[၁]

ဘုရားရှင်ရဲ့ဝိနည်းတော်မှာ မိမိက ကြီးသူရယ်လို့ (ရာထူးကြီးသူ၊ အာဏာအရှိန်အဝါကြီးသူရယ်လို့) ချွင်းချက်ထားပြီး ကျင့်သုံးရခြင်းမျိုး မဟုတ်ပဲ၊ သံဃာပရိသတ်အလယ်မှာ ကြီးကြီးငယ်ငယ် အရွယ်အားလုံး အပြစ်ရှိရင်ရှိသလို အပြစ်ကိုထောက်ပြကြဖို့ ဖိတ်မံရခြင်းပါ။

အဲဒီမှာ အထူးသတိမူသင့်တဲ့ **အချက်တစ်ခု**က အပြစ်ပြုထားတာကို မြင်ခဲ့သော်၊ ကြားခဲ့သော်၊ ယုံမှားသံသယများ ရှိနေခဲ့သော် အစဉ်သနားခြင်းကိုအကြောင်းပြု၍ (ဆိုလိုတာက မေတ္တာစိတ်၊ ကရုဏာစိတ်များဖြင့်) အပြစ်ကို ထောက်ပြကြပါတဲ့။ အပြစ်ကို ကုစားပါမယ် အရှင်ဘုရားတို့တဲ့။ အချင်းချင်းကြားမှာ အမျက်ဒေါသတွေ၊ အာဃာတတရားတွေ ကင်းနေရှင်းနေတာကို သတိပြုမိကြမှာပါ။

---

သံဃံ အာဝုသော (ဘန္တေ) ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ၊ ဒုတိယမ္ပိ အာဝုသော ·· ။ တတိယမ္ပိ အာဝုသော ·· ပဿန္တော ပဋိကရိဿာမိ။ (ဝိနယပိဋက မဟာဝဂ္ဂပါဠိ၊ နှာ ၂၂၃) (မဟာဝဂ္ဂပါဠိတော် မြန်မာပြန်၊ နှာ ၂၂၂)





မနာလိုစိတ်၊ ဝန်တိုစိတ်၊ နာကျည်းစိတ်၊ ချေမှုန်းစိတ်၊ နှိပ်ကွပ်လိုတဲ့စိတ်မျိုးနဲ့မဟုတ်ပဲ အပြစ်ကို ထောက်ပြတော်မူကြပါလို့ ဖိတ်မံခြင်းပါ။ သင်ပုန်းချေဝါဒမျိုးကို ကျင့်သုံးနိုင်ဖို့ ဘုရားရှင်ရဲ့ ဝိနည်းကျင့်ထုံးဟာ မြန်မာပြည်သူ၊ ပြည်သားတွေအတွက် စံထားလောက်တဲ့ ကျင့်ထုံးဥပဒေတစ်ခုပါ။

ယိုယွင်းသွားတဲ့စနစ်တစ်ခုကို စနစ်တစ်ခုနဲ့ အစားထိုးပြီး ပြုပြင်ပြောင်းလဲရတယ်ဆိုတာ လွယ်ကူလှတဲ့အရာတော့ မဟုတ်ပါ။ စနစ်ကောင်းမွန်ဖို့အတွက် (လို့မဟုတ်) ကောင်းမွန်တဲ့စနစ်တစ်ခုကို ကျင့်သုံးနိုင်ဖို့အတွက် အစိုးရမှာ တာဝန်ရှိသလို၊ ပြည်သူတွေမှာလည်း တာဝန်မကင်းပါ။

ပြည်သူထဲက ပြည်သူတွေအုပ်ချုပ်တဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်မှာ ပြည်သူများရဲ့အကျိုးကို အုပ်ချုပ်သူအစိုးရက စနစ်တကျ ဆောင်ရွက်နိုင်ဖို့ ပြည်သူတွေ စည်းကမ်းရှိကြဖို့ပါ။ ဒီမိုကရေစီစနစ်မှာ "တန်းတူအခွင့်အရေးသည် လူတိုင်းအတွက်ဖြစ်တယ်။ ဒါပေမဲ့ လူတိုင်းတန်းတူ အခွင့်အရေးကို မရနိုင်ဘူး" ဆိုတဲ့စကားကို လူတိုင်းသိထားနိုင်ဖို့ပါ။ ဆိုလိုချင်တာက ကိုယ်တိုင်က ဘာမှမလုပ်ဘဲနေရင် ကိုယ့်အတွက် ဘာမှမရနိုင်ဘူးဆိုတာ သိထားနိုင်ကြဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

(မြန်မာပို့စ် အတွဲ ၄၊ အမှတ် ၁၈။ ဗုဒ္ဓဟူးနေ့၊ မေလ ၁၆ ရက်၊ ၂၀၁၂ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဝါဒီနှင့် ဒီမိုကရေစီနိုင်ငံတော်

လွန်ခဲ့တဲ့ နှစ်လခန့်က "ဒီမိုကရေစီနဲ့ ဗုဒ္ဓဝါဒီ" အမည်နဲ့ ဆောင်ပါးတစ်ပုဒ် ရေးဖြစ်ခဲ့တယ်။ ဒီမိုကရေစီကို မျှော်လင့်နေကြတဲ့ မြန်မာပြည်သူ၊ ပြည်သားတွေကို ဒီမိုကရေစီ ဆိုတာ ဘာလဲ၊ ဒီမိုကရေစီအရေးဟာ ဘယ်သူ့အရေးလဲ၊ ဒီမိုကရေစီကျင့်ထုံးက ပြည်သူတို့ဘဝအတွက် ဘယ်လောက်ထိ အရေးပါသလဲဆိုတာကို ပြည်သူ၊ ပြည်သားများအား သိစေချင်လို့ ဒီမိုကရေစီရှုဒေါင့်နဲ့ ဗုဒ္ဓဝါဒီရှုဒေါင့် အမြင်နှစ်မျိုးနဲ့ ရေးလိုက်တာပါ။

အဲဒီဆောင်းပါးကို အီးမေးလ်မှတဆင့် ဖြန့်ဝေပြီးတဲ့နောက် တုန့်ပြန်စာတွေ၊ တုန့်ပြန်စကားတွေ အများအပြား လက်ခံရရှိခဲ့တယ်။ တချို့ကလည်း မြန်မာပြည်သူ၊ ပြည်သား





အများစု "ဒီမိုကရေစီဆိုတာ ဘာလဲ" ဆိုတာ သိခွင့်ရအောင် အဲဒီလို ဆောင်းပါးမျိုးကို မြန်မာပြည်အတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးဖို့ တောင်းဆိုအကြံပြုစာတွေ အီးမေးလ်နဲ့ ပေးပို့လာကြတယ်။ တချို့ကလည်း အဲဒီဆောင်းပါး ကို ဖတ်ရတော့ ဗုဒ္ဓစာပေထဲမှာ ဒီမိုကရေစီကျင့်ထုံးတွေ အများကြီး ပါဝင်နေတာတွေ့ရလို့ ဝမ်းသာမိကြောင်း၊ ဖြစ်နိုင် ရင် ဗုဒ္ဓစာပေမှာပါတဲ့ ဒီမိုကရေစီကျင့်ထုံးတွေကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ရေးသားပေးစေလိုကြောင်း တောင်းဆို လာကြခြင်းပါ။

တုန့်ပြန်စာများနဲ့ တုန့်ပြန်စကားများကို အလေးထားလျက် ဒီဆောင်းပါးကို ထပ်မံရေးသားခြင်းပါ။ ဒီလိုဆောင်းပါးမျိုးဆိုတာ နိုင်ငံရေးဘာသာရပ်ကို ကျွမ်းကျင်သူများ ရေးသင့်တဲ့ ဆောင်းပါးမျိုးဖြစ်လို့ ဒီမိုကရေစီရဲ့အနှစ်သာရများနဲ့ ကျင့်ထုံးများကို မြန်မာပြည်သူ၊ ပြည်သားများ ပိုမိုသိရှိခွင့်ရအောင် ဖြည့်စွက်ဆောင်းပါးများကို ရေးပေးကြပါလို့ တိုက်တွန်းရခြင်းပါ။

### မီးရောင်တွေ လင်းနေတဲ့မြို့

ဒီဆောင်းပါးကို ၂၀၁၂-ခု၊ မတ်လ (၂၁) ရက်နေ့က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ထဲမှာရှိတဲ့ Royal Princess

www.burmeseclassic.com



ဟိုတယ်၊ အခန်း (၆၀၇) မှာ တည်းခိုရတဲ့ညက ရေးခဲ့တာပါ။ ဘန်ကောက်မြို့ကို ရောက်လာရခြင်းရဲ့ အကြောင်းရင်းကတော့ ဘန်ကောက်မြို့မှာရှိတဲ့ The United Nations Conference Center မှာ (၃) ရက်တိုင်တိုင်၊ နိုင်ငံသားနှင့် ထိုင်းနိုင်ငံရဲ့ အနာဂတ် ဒီမိုကရေစီ၊ (Citizenship and the Future of Thai Democracy) ခေါင်းစဉ်နဲ့ KPI (King Prajadhipok's Institute) က ကြီးမှူးကျင်းပပြုလုပ်တဲ့ ကွန်ဂရက်ကို တက်ရောက်ရန် ရောက်နေခြင်းပါ။

ဘန်ကောက်မြို့ကို ရောက်တဲ့ ည (၉) နာရီခွဲလောက် အချိန်မှာ ဟိုတယ်လ်ပြတင်းပေါက်ကနေ အပြင်ဘက်ကို လှမ်းမျှော်ကြည့်မိတယ်။ ဘန်ကောက်မြို့တော်ရဲ့ ညရှုခင်းက စာရေးသူရဲ့စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့တယ်။ ညရှုခင်းရဲ့အလှဟာ နတ်ဘုံ၊ နတ်နန်းကြီးတွေလို အံ့မခန်းရှိလှတယ်။ မြို့ကြီးတမြို့လုံးလည်း မီးရောင်တွေ ထိန်ထိန်လင်းလို့။ ထိန်ထိန်လင်းနေတဲ့ မီးရောင်တွေထဲမှာ အဖြူရောင်တွေရော၊ အဝါရောင်တွေရော၊ အပြာရောင်တွေရော၊ အစိမ်းရောင်တွေရော စုံနေတာပါ။ ဒါပေမဲ့ အဖြူရောင်ကတော့ အာလုံးကို လွှမ်းခြုံထားသလိုပဲ။

လှပတဲ့ရောင်စုံမီးတွေရယ်၊ မနီးမဝေးမှာ လှမ်းမြင်နေရတဲ့ Prince Palace နဲ့ Prince Suit တို့လို မြင့်မားလှတဲ့



ဟော်တယ်လ်အဆောက်အဦးကြီးတွေကလည်း ဘန်ကောက်မြို့တော်ရဲ့အလှကို ပို၍ဂုဏ်ထယ်စေတယ်လို့ ဆိုရမှာပါ။ ရွှေတောင်ကြီးတစ်ခုလို ကောင်းကင်ကို ဖောက်ထွင်းတော့မည့်အလား တောင်ကုန်းအမြင့်တခုပေါ်မှာ ထီးထီးမားမားကြီး တည်ရှိနေတဲ့ Golden Mount အမည်တော်ရတဲ့ ဘုရားကို အဝေးကနေ လှမ်းပြီး ဖူးမျှော်ရပြန်တယ်။ ဘန်ကောက်မြို့ရဲ့ ကျက်သရေဆောင် ဒီရွှေတောင်ဦးဘုရားဟာလည်း မြဘုရားလို့ပဲ လာရောက်ဖူးမျှော်သူများ များပြားလှတယ်လို့လည်း သိခဲ့ရခြင်းပါ။ ဘန်ကောက်မြို့ကို ခဏတာလေး ရောက်လာတဲ့ စာရေးသူပင် ညရှုခင်းကို ရင်သပ် ရှုမောစွာ ငေးမောရင်း သာယာလှပတဲ့ ဘန်ကောက်မြို့တော်ကြီးရဲ့ ရှုခင်းအလှများကို မြန်မာပြည်သူ၊ ပြည်သားတွေအား မြင်စေချင်စမ်းလိုက်တာ … ။

ဒီနေ့မျက်မှောက်ခေတ်ကမ္ဘာမှာ ဒီမိုကရေစီနိုင်ငံတော်များဟာ တည်ငြိမ်အေးချမ်းလှတာကြောင့် ဒီမိုကရေစီစနစ်ကို မကျင့်သုံးနိုင်ကြသေးတဲ့ နိုင်ငံများမှာနေတဲ့ ပြည်သူ၊ ပြည်သားတွေဟာ ဒီမိုကရေစီကို သိပ်လိုလားနေကြတာ။ ဒီမိုကရေစီကို တောင်းဆိုနေကြတဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံလည်း ပါဝင်နေတယ်ဆိုတာ အများသိပြီးသားပါ။

www.burmeseclassic.com

www.burmeseclassic.com



## ငြိမ်းချမ်းရေးရဲ့ အခြေခံအုဋ္ဌမြစ်

ဒီနေရာမှာ ငြိမ်းချမ်းရေးရဲ့ အခြေခံအုဋ္ဌမြစ်လည်း ဖြစ်၊ ဖေါင်းဒေးရှင်းလည်းဖြစ်တဲ့ ဒီမိုကရေစီစကားကို ဗုဒ္ဓ တရားတော်များနှင့်ယှဉ်ပြီး ပြောချင်ပါတယ်။ ဗုဒ္ဓရဲ့ တရား တော်တွေထဲမှာ ငြိမ်းချမ်းစွာ နေနိုင်ရေးကို အလေးထားပြီး ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေက အများကြီးပါ။ ဥပမာ - အခြေခံကိုယ်ကျင့်သိက္ခာဖြစ်တဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလစတဲ့ လူမှုကျင့်ဝတ်များ၊ ဗြဟ္မစိုရ်ကျင့်စဉ်များ၊ မင်းတို့ (အုပ်ချုပ်သူတို့) ကျင့်ထိုက်တဲ့ မင်းကျင့်တရား (၁၀) ပါး၊ စသည်တို့ဟာ ငြိမ်းချမ်းရေးရဲ့ အခြေခံအုဋ္ဌမြစ် အနေနဲ့ ဘုရားဟောခဲ့တာပါ။ ထိုမှတစ်ဆင့် သန္တိလက္ခဏာ (မပျက်စီးနိုင်တဲ့ လောကုတ္တရာ ငြိမ်းချမ်းရေး)အသွင်ကို ဆောင်တဲ့ နိဗ္ဗာန်ကို အရောက်လှမ်းဖို့ မြတ်ဗုဒ္ဓက တိုက်တွန်း တော်မူတာပါ။

ဒါပေမဲ့ ရဟန်းရှင်လူအများစုဟာ ဗုဒ္ဓရဲ့ ငြိမ်းချမ်း ရေးလမ်းစဉ်ကို မြတ်နိုးစွာနဲ့ လိုက်နာကျင့်သုံးမှု အပိုင်းမှာ အားပျော့နေတော့ ငြိမ်းချမ်းစွာနေနိုင်ရေးဆိုတာ ဘာပါလိမ့် ဆိုတဲ့ အတွေးစိတ်တွေဝင်နေကြရတာပါ။ တွေးစိတ်ရဲ့ နောက် ကွယ်မှာ သံသယစိတ်တွေက များနေလေတော့ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးကာလမှာ စိတ်သာရှိပြီး ကိုယ်တိုင်





ပူးပေါင်းပါဝင်မှုအပိုင်းမှာ အင်အားများ ချိနဲ့နေသလို ဖြစ်နေ ခြင်းပါ။ အကျင့်မပါပဲနဲ့ မျှော်လင့်ချက် သက်သက်နဲ့တော့ ဘာမှဖြစ်လာနိုင်မှာမဟုတ်ဘူးဆိုတာ သိထားနိုင်ကြဖို့ပါ။

အလားတူ သိထားနိုင်ဖို့က ဒီမိုကရေစီစည်းမျဉ်း၊ စည်းကမ်းများကို ကိုယ်တိုင်မလိုက်နာနိုင်ပဲနဲ့ ဒီမိုကရေစီကို တောင်းနေမယ်ဆိုရင် ဖြစ်နိုင်ခြေအခွင့်အလမ်းက နည်းပါးနေ ခြင်းပါ။ အမြင့်ကို တက်လှမ်းချင်ရင် အခြေခံဖောင်ဒေးရှင်း ကောင်းမှ အမြင့်ကို တက်လို့ရမှာပါ။

## စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံဆိုတာ

ဒီနေ့မျက်မှောက်ကာလ မြန်မာပြည်သူ၊ ပြည်သား တွေ အကြားမှာ အပြောများလှတဲ့ "စည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်" ဆိုတာ ဘာကို ပြောပါလိမ့်။ မေး ကြည့်ရင် မဖြေနိုင်သူက နည်းပါးနေခြင်းပါ။ တကယ်တော့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ရောက် နိုင်ဖို့ဆိုတာ မြန်မာပြည်သူ၊ ပြည်သားတွေအတွက် အလှမ်း ဝေးနေဆဲပါ။ ဒါကိုလည်း သိထားမှ ဖြစ်မှာပါ။ ဘာကြောင့် လဲဆိုရင် ကိုယ်တိုင်က ဒီမိုကရေစီကို တကယ်ရလိုတဲ့ စိတ်ထား (Democracy Attitude)နဲ့ ဒီမိုကရေစီရဲ့ သဘော တရားများကို သိမထားကြသေးဘူးဆိုရင် ...၊ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီ အစိုးရဆိုတာ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်တယ်ဆိုတာ ကိုယ်တိုင်က သိမထားသေးဘူးဆိုရင်၊ ဒီမိုကရေစီအစိုးရမျိုးဆိုတာ အပြစ်မဲ့တဲ့ ပြည်သူတွေကို အကြောင်းမဲ့ နှိပ်စက်တဲ့အစိုးရမျိုး မဟုတ်ဘူးဆိုတာ နားလည်မထားသေးဘူးဆိုရင်၊ ပြည်သူတွေရဲ့ ရပိုင်ခွင့်တွေကို ပြည်သူအများစုက သိမထားကြသေးဘူးဆိုရင်၊ ပြည်သူတွေရဲ့ ပညာရေးအဆင့်အတန်းတွေ (နိုင်ငံသားတိုင်းရဲ့ ပညာအဆင့်အတန်းဟာ အနည်းဆုံး အထက်တန်းပညာထိ အခမဲ့ သင်ယူခွင့်၊ မသင်မနေရ ပညာရေးအဆင့်မျိုးထိ ပြုလုပ်မပေးနိုင်သေးသမျှ) နိမ့်ကျနေဦးမယ်ဆိုရင်၊ မြန်မာပြည်သူတို့ မျှော်လင့်နေတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံမျိုးဆိုတာ ဟိုအဝေးကြီးမှာပဲ ရှိနေဦးမှာပါ။

မြန်မာပြည်သူ၊ ပြည်သားတွေဟာ များသောအားဖြင့် ဒီမိုကရေစီကို လွယ်လွယ်နဲ့ ရချင်နေကြတာ။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူတွေရဲ့ ရပိုင်ခွင့်တွေကို အခမဲ့ပေးတဲ့စနစ်မဟုတ်ပါ။ ဒီမိုကရေစီစနစ်ကို ပြည်သူတွေ ကိုယ်တိုင်တည်ဆောက်ပြီး ပြည်သူတွေရဲ့ ရပိုင်ခွင့်တွေကို ပြည်သူတို့ကိုယ်တိုင် ယူရတဲ့စနစ်မျိုးပါ။ အဖြောင့်ပြောတော့ ပြည်သူတွေ စည်းကမ်းရှိကြဖို့ပါ။ ဒီမိုကရေစီစနစ်နဲ့အညီ ရေးဆွဲထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာကြဖို့ပါ။ ဥပမာ-





ကားလမ်းကို ဖြတ်ကူးရာ၌ သတ်မှတ်ထားတဲ့နေရာမှ ဖြတ်ကူးဖို့။ အမှိုက်သရိုက်များကို သတ်မှတ်ထားတဲ့ စွန့်ပစ်နေရာများသို့ ကိုယ်တိုင်သွားရောက်၍ စွန့်ပစ်ဖို့၊ ပြည်သူများ ထိုသို့ စွန့်ပစ်နိုင်ရန် မြူနီစပယ်မှ အမှိုက်ပုံးများ ထားပေးဖို့၊ အမှိုက်ပစ်ကန်များကို ပြုလုပ်ထားပေးဖို့ပါ။ လူသူလေးပါး သွားလာနေတဲ့ လမ်းမများပေါ်၌ ကလေးများအား ဆော့ခြင်း၊ ကစားခြင်းမျိုးကို ဥပဒေနဲ့တားမြစ်ပေးဖို့၊ ကလေးကစားကွင်းများကို သက်ဆိုင်ရာမှ တည်ဆောက်ပေးဖို့ပါ။ လမ်းမများပေါ်၌ အရက်သောက်ခြင်း၊ အရက်မူးပြီး ဆဲရေးတိုင်းထွာနေခြင်းမျိုးကို မပြုလုပ်ဖို့ (သို့မဟုတ်) မပြုလုပ်ရန် ဥပဒေဖြင့် တားမြစ်ပေးဖို့၊ ပြည်သူများ စိတ်အနှောက်အယှက်ဖြစ်စေနိုင်တဲ့ အသံချဲ့စက်များကို ကျယ်လောင်စွာ ဖွင့်ခြင်း၊ လောက်ဒ်စပီကာများတပ်ဆင်၍ လူမှုရေးအခမ်းအနားများ၊ ဘာသာရေးအခမ်းအနားများ (အများ နားမချမ်းသာအောင်) မပြုလုပ်ကြဖို့ပါ။

ကွမ်းတံတွေးများကို လမ်းမများပေါ်၌လည်းကောင်း၊ ကားလမ်းမများပေါ်မှာလည်းကောင်း၊ လှေခါးတက်၊ ဘုရား၊ တန်ဆောင်းစသော နေရာများ၌လည်းကောင်း ဗရမ်းဗတာ မထွေးဖို့ (တွေ့ရှိပါက ဒဏ်ငွေပေးဆောင်ရသောစနစ်ကို ကျင့်သုံးပေးဖို့ပါ)။ ဆေးလိပ်တို၊ ကွမ်းဆုပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ပလပ်စတစ်များ၊ ဓါးထုပ်၊ အချဉ်ထုပ်၊ နေကြာစေ့၊ ကွာစိစေ့-စသည်ကိုထုပ်သည့် ပလပ်စတစ်များကို စည်းမဲ့ကမ်းမဲ့ မပစ်ဖို့၊ ထိုသို့ပြုလုပ်သူများကို ဥပဒေအရ အရေးယူပေးဖို့ပါ။

လာဘ်ပေး၊ လာဘ်ယူပြုနေတဲ့ တိုင်းပြည်ဝန်ထမ်းများ၊ အကျင့်ပျက်၊ ချစားနေတဲ့ ပြည်သူ့ဝန်ထမ်းများကိုလည်း မညှာမတာအရေးယူပေးဖို့ စသည့် အရေးများကို အစိုးရနဲ့ ပြည်သူအတူ ပူးပေါင်း၍ နိုင်ငံအတွက်၊ လူမျိုးအတွက် ပြုလုပ်ပေးနိုင်ကြဖို့ပါ။ ထိုသို့မပြုလုပ်နိုင်သေးဘူးဆိုရင် "ရွှေပြည်တော် မျှော်လေတိုင်းဝေး" ဆိုတဲ့ ကိန်းဆိုက်နေမှာပါ။ ဒီမိုကရေစီစနစ်အရ ကိုယ်တိုင်ဆောင်ရွက်ရမဲ့ ကိစ္စတွေကို ကိုယ်တိုင်က မဆောင်ရွက်နိုင်ကြသေးဘူးဆိုရင်၊ ကိုယ်တိုင်ယူရမဲ့ တာဝန်တွေကို ကိုယ်တိုင်က တာဝန်မယူနိုင်ကြသေးဘူးဆိုရင် ရွှေရည်စိမ်ဒီမိုကရေစီနိုင်ငံကြီးသာ ဖြစ်နေဦးမှာပါ။ တိုင်းပြည်နှင့်လူမျိုးအတွက် ဝေဖန်စဉ်းစားနိုင်ကြဖို့ပါ။

လာဘ်ပေး လာဘ်ယူမှုနှင့်စပ်လျဉ်း၍ ပြည်သူနဲ့ ဝန်ထမ်းများအကြား မျှတစွာ လုပ်မပေးနိုင်သေးဘူးဆိုရင် "ဒီမိုကရေစီနိုင်ငံတော်ကြီး" ပါလို့ စကားနဲ့ ဘယ်လောက်ပြောနေနေ၊ ကြီးမားတဲ့ဆိုင်းဘုတ်ကြီးတွေကို ဘယ်လောက်ထောင်ထား ထောင်ထား စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံဆိုတာ ဖြစ်လာနိုင်မည် မဟုတ်ပါ။ ဒီမိုကရေစီကို တကယ်





လိုချင်သောပြည်သူ၊ ပြည်သားများအဖို့ သိထားသင့်တဲ့ အချက်တစ်ချက်က ဒီမိုကရေစီ စနစ်ဆိုတာ ယူဖို့ထက် ပေးဆပ်နိုင်ဖို့ပါ။

## ပေးဆပ်နိုင်မှ ရယူနိုင်မှာ

ဒီနေရာမှာ သာဓကတစ်ခုကို တင်ပြချင်ပါတယ်။ ထိုင်းနိုင်ငံမှာ နှစ်ပေါင်းရှစ်ဆယ်နီးပါး ဒီမိုရေစီစနစ်ကို ကျင့်သုံးနေခဲ့တဲ့ နိုင်ငံတစ်ခုပါ။ ဒီမိုကရေစီ စနစ်အောက်မှာ ပြည်သူတွေကို လွပ်လပ်စွာနေထိုင်နိုင်ဖို့၊ အပြစ်မဲ့ပြည်သူ၊ ပြည်သားများအား အကြောင်းမဲ့ အချုပ်အနှောင်အဖွဲ့များမှ ကင်းဝေးစွာနေနိုင်ဖို့နဲ့ တိုင်းသူ ပြည်သူ၊ ပြည်သားများ ရပိုင်ခွင့်ရှိတဲ့ ရပိုင်ခွင့်တွေကိုပေးပြီး ထိုက်ထိုက်တန်တန် ပြည်သူတွေကို ဂုဏ်ပြုဖို့ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်များကို ထားပြီး ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းများစွာ ကျင့်သုံးနေခဲ့ကြတာပါ။

ဒါပေမဲ့ ယနေ့အချိန်အထိ ထိုင်းပြည်သူ၊ ပြည်သားများ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ အရောက်မချီတက်နိုင်ကြသေးပါ။ အကြောင်းကတော့ ပြည်သူ၊ ပြည်သားတွေဟာ ဒီမိုကရေစီစနစ်ကို အသိစိတ်ဓာတ်ဖြင့် အပြည့်အဝ မလိုက်နာနိုင်သေးခြင်း၊ ဒီမိုကရေစီစနစ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ဒေးရှင်းဖြစ်တဲ့ အထက်တန်းပညာရပ်များကို ပြည်သူအများစု မရရှိသေးခြင်း၊ Civic Education (ဒီမိုကရေစီစနစ်နဲ့ ပြည်သူများလိုက်နာကျင့်သုံးရမဲ့ စည်းမျဉ်း၊ စည်းကမ်းများရဲ့ သဘောတရားများကို သိနားလည်အောင်၊ ဒီမိုကရေစီအစိုးရ အကြောင်းကို ပြည်သူများကို သိရှိနားလည်အောင် သင်ကြားပေးရတဲ့ ပညာရေးမျိုး) လို့ခေါ်တဲ့ ပညာရေးမျိုးကို ကောင်းစွာနားမလည်ခြင်း-စတဲ့ အကြောင်းများဟာ ထိုင်းနိုင်ငံကို စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံမဖြစ်နိုင်ခြင်းရဲ့ အခြေခံအကြောင်းရင်းတွေ ဖြစ်နေလို့ပါ။

ထို့ကြောင့် ထိုင်းနိုင်ငံမှာ နိုင်ငံတော်က ပြည်သူ၊ ပြည်သားများကို ဒီမိုကရေစီစိတ်ဓာတ်များ ပြည့်ပြည့်ဝဝ ရှင်သန်မွေးဖွားလာနိုင်စေဖို့ ပညာပေးဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်နေရဆဲပါ။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ အရောက်လှမ်းနိုင်ဖို့ ဆွေးနွေးပွဲများ၊ ဆီမီနာများ၊ ကွန်ဖရင့်စ်များကို အားသွန်ခွန်စိုက် ပြုလုပ်ပေးနေရဆဲပါ။

ဆွေးနွေးပွဲတစ်ခု၌ တင်ပြထားသည်မှာ "အကယ်၍သာ ပြည်သူ၊ ပြည်သားတွေဟာ ပြည်သူ၊ ပြည်သားများရဲ့ ရပိုင်ခွင့်တွေ၊ ပြည်သူ၊ ပြည်သားများ ဆောင်ရွက်ရမဲ့ တာဝန်တွေ၊ တာဝန်သိစိတ်တွေ၊ တာဝန်ယူမှုတွေသာမက ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုပါ





တရားဥပဒေနဲ့အညီ ပူးပေါင်းဆောင်ရွက်မှုတွေကို အားလုံးဝိုင်းဝန်းပြုကြရမယ်ဆိုတာကို သိထားကြမယ်ဆိုရင် ပြည်သူ၊ ပြည်သားတွေနဲ့ ထိုင်းနိုင်ငံတော်ဟာ စစ်မှန်တဲ့ ဒီမိုကရေစီရဲ့ အကျိုးကျေးဇူးတွေကို မလွဲမသွေ ရကြမှာပါ" တဲ့။[1]

စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ မရောက်နိုင်သေးတဲ့ နိုင်ငံတွေမှာနေကြရတဲ့ ပြည်သူ၊ ပြည်သားတွေကို ပညာပေး၍ ပြောကြားသင့်သည်မှာ "ပြည်သူတွေမှာ (ဒီမိုကရေစီနှင့်စပ်လျဉ်းတဲ့) အသိဉာဏ်တွေ ချို့တဲ့နေသေးရင်၊ (ဒီမိုကရေစီနှင့်စပ်လျဉ်းတဲ့) နားလည်မှုတွေ မရနိုင်ကြသေးဘူးဆိုရင်၊ (ဒီမိုကရေစီစနစ်၌) ပြည်သူ၊ ပြည်သားတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ရမယ့် တာဝန်နဲ့ ဝတ္တရားများကို အမှန်အကန် မသိမြင်နိုင်ကြသေးဘူးဆိုရင်၊ ဒီမိုကရေစီစနစ်၌ ပြည်သူတို့ရရှိနိုင်တဲ့ လူ့အခွင့်အရေးများကို ဂဃနဏ သဲသဲကွဲကွဲ သိမထားကြသေးဘူးဆိုရင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံမျိုးဆိုတာ ဘယ်သောခါမှ ဖြစ်လာနိုင်မည် မဟုတ်ဘူးလို့ပဲ ဆိုရမှာပါ" တဲ့။[2]

1. If people are aware of their rights and duties and participate appropriately, the people and the country will truly benefit (13th KPI Congress 2012. p.1)

2. It might be said that a good democratic society cannot occur if the people lack knowledge, understanding, and true awareness of their roles, responsibilities, and the significance of citizens in a democracy. (13th KPI Congress 2012. P 2)



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးတစ်ခုကို တည်ဆောက်နိုင်ဖို့ဆိုတာ အုပ်ချုပ်သူ လူတန်းစားတွေမှာရော၊ ပြည်သူ၊ ပြည်သားတွေမှာပါ ဒီမိုကရေစီနဲ့စပ်တဲ့ အသိတရားတွေ၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ မရောက်၊ ရောက်အောင် ချီတက်လိုတဲ့ စိတ်ဆန္ဒတွေက တကယ်ကို ပြင်းပြမှ ရနိုင်မယ်ဆိုတာ ပြည်သူ၊ ပြည်သားတွေ သိထားနိုင်ဖို့ပါ။

## ဒီမိုကရေစီကို ဘုရားဟောခဲ့သလား

ဒီမိုကရေစီကို ဘုရားဟောတရား မဟုတ်လို့ စိတ်မဝင်စားပါဘူးလို့ ဒီလိုတော့ မပြောသင့်ဘူး။ ဘုရားရှင်လက်ထက်တော်ကာလက လိစ္ဆဝီမင်းတွေ ကျင့်သုံးခဲ့တဲ့ နိုင်ငံရေးစနစ်မှာ ဒီမိုကရေစီကျင့်ထုံးတွေ ပါဝင်နေလို့ပါ။ ဒီမိုကရေစီနိုင်ငံတော်ရယ်လို့ အမည်နာမကို တိတိကျကျ တပ်ပြမထားသော်လည်း ဒီမိုကရေစီ စံနှုန်းနဲ့ ကျင့်သုံးနေထိုင်ခဲ့ကြတာပါ။ ပြည်သူက ရွေးကောက်တင်မြှောက်တဲ့စနစ်နဲ့ အုပ်ချုပ်သူအစိုးရကို ရွေးချယ်တင်မြှောက်ခဲ့ကြတာပါ။ ပြည်သူက တင်မြှောက်ထားတဲ့မင်း (အစိုးရ) က တိုင်းပြည်ကို အလှည့်ကြ အုပ်ချုပ်ရတဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးသွားခဲ့ကြတာပါ။ အလှည့်ကြ ရွေးချယ်တင်မြှောက်ထားတဲ့





စနစ်မျိုးဖြစ်လို့ တိုင်းပြည်တွင်းမှာ အာဏာလုပွဲတွေ၊ အာဏာအတွက် အုပ်စုဖွဲ့ခြင်းမျိုးတွေ ကင်းရှင်းပြီး၊ အေးချမ်းချမ်းနဲ့ နေထိုင်သွားခဲ့ကြတာပါ။

ပိုပြီးအံ့အားသင့်စရာကောင်းတာက ရွေးကောက်ခံ လိစ္ဆဝီမင်းများဟာ သက်တမ်းကုန်ဆုံးလို့ အာဏာကို စွန့်လွှတ်ကြရတဲ့အခါမှာ ပြည်သူ၊ ပြည်သားများနဲ့အတူ၊ ပြည်သူ့ဘဝထဲမှာပဲနေလို့ ပြည်သူများ လုပ်ကိုင်တဲ့ လယ်ယာကိုင်းကျွန်းများကို လုပ်ကိုင်ခြင်း၊ အရောင်းအဝယ်များကို ပြုလုပ်ခြင်း၊ တိုင်းပြည်ရဲ့ ကျရာတာဝန်များကို ထမ်းဆောင်ခြင်းစတဲ့ တာဝန်တွေကို ဆောင်ရွက်ရင်း ပြည်သူများနဲ့ တသားတည်း ရှိနေခဲ့ကြတာပါ။ ခေါင်းဆောင်ဖြစ်သူများ အတုယူစရာပါ။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်တိုင် လိစ္ဆဝီမင်းတို့ရဲ့ ကျင့်ထုံးများကို စံထားပြီး ဟောကြားထားတဲ့ ရာဇအပရိဟာနိယဓမ္မ (မင်းတို့ရဲ့မဆုတ်ယုတ်ကြောင်းတရား)ဟာ လိစ္ဆဝီမင်းတို့ရဲ့ ဂုဏ်သိက္ခာကို ဂုဏ်တင်ပြီး ဘုရားရှင်ကိုယ်တော်တိုင် အသိအမှတ်ပြု ဟောကြားထားခဲ့တာပါ။[၁]

မြတ်စွာဘုရားရဲ့တရားတော်များဟာ ယခုခေတ် ဒီမိုကရေစီကျင့်ထုံးတွေနဲ့ အလွန်နီးစပ်နေတာကြောင့်၊ (အဖြောင့်ပြောရရင်) ယခုခေတ် ဒီမိုကရေစီကျင့်ထုံးတွေဟာ

ဒီဃနိကာယ် မဟာဝဂ္ဂပါဠိ၊ စာမျက်နှာ ၆၂။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရဲ့တရားတော်တွေနဲ့ အလွန်နီးစပ်စွာ တူနေတာကြောင့် အံ့အားများလည်း သင့်မိပါရဲ့။ မြတ်စွာဘုရားရဲ့ တရားတော်များကို စနစ်တကျ လေ့လာကြည့်တဲ့အခါ ဒီမိုကရေစီစနစ်ထဲမှာ ဘုရားရှင်ပြဋ္ဌာန်းသတ်မှတ်တော်မူခဲ့တဲ့ ကျင့်ထုံးတွေနဲ့ အများကြီး ဆက်နွယ်နေတာကို တွေ့ကြရမှာပါ။

## ဘုရားဟောတဲ့ ဝိနည်းကျင့်ထုံး

ဒီမိုကရေစီစနစ်ကို စနစ်တကျ ပုံဖော်ခဲ့တဲ့ ဂရိဖီလိုဆိုဖာများရဲ့ သက်တမ်းထက် ရှေးရာစုနှစ်ပေါင်းများစွာစောပြီး ပွင့်တော်မူသွားတဲ့ မြတ်စွာဘုရားရဲ့ ကျင့်ထုံးတွေကို ဂရိဖီလိုဆိုဖာများက နည်းမှီပြီး စနစ်တစ်ခုကို ဖော်ထုတ်နိုင်ဖို့ ဝေါဟာရတမျိုးနဲ့ ''ဒီမိုကရေစီ'' ရယ်လို့ ခေါ်ဝေါ်သုံးစွဲထားခဲ့ကြရောလေသလားလို့ တွေးမိလို့ပါ။ ဥပမာ - ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သံဃာတော်များအား ဝိနည်းဆိုင်ရာကျင့်ထုံးများကို လိုက်နာကျင့်သုံးစေတဲ့အခါ ပြောသူ၊ နာခံသူနှစ်ဦးနှစ်ဖက်အကြားမှာ မည်သူကိုမျှ မနစ်နာစေရအောင် တစုံတခုသော ကိစ္စကိုဆောင်ရွက်ကြရာ၌ သံဃာအများကို သိမ်လို့ခေါ်တဲ့ သံဃာများ ကံကြီး ကံငယ်ဆောင်ရာ ဟောခန်းမထဲမှာ စည်းဝေးစေပြီး သံဃာများ၌ ဖြစ်ပေါ်နေသော





ပြဿနာကို သံဃာအား ရှေးဦးစွာ တင်ပြပြီး ဖြေရှင်းရတဲ့နည်းကို ကျင့်သုံးစေခြင်းပါ။ အများရဲ့ဆန္ဒကို ဦးစွာရယူပြီး၊ အတည်ပြုဆောင်ရွက်ရတဲ့ ဝိနည်းဆိုင်ရာ ဥပဒေတော် ကျင့်ထုံးပါ။ စိတ်ဝင်စားစရာပါ။

ဒီနေရာမှာလည်း ဝိနည်းပါဠိတော်လာ သာဓကတစ်ခုကို ထုတ်ပြပြီးရှင်းဖို့ပါ။ ''သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု သမဂ္ဂဿ သံဃဿ ဘေဒါယ ပရက္ကမတိ…'' အစချီထားတဲ့ ဝိနည်း ကျင့်ထုံးမျိုးကို တွေ့ရမှာပါ။

ပါဠိတော်မြန်မာပြန်ကို အကျဉ်းချုံးပြီး အဓိပ္ပါယ်ပြန်ရမယ်ဆိုရင် ''အသျှင်ဘုရားတို့ သံဃာသည် တပည့်တော်၏ (စကားကို) နားထောင်တော်မူကြပါ။ (နှစ်ကြိမ်တိုင်တိုင် … ပြောဆိုပါ၏၊ သုံးကြိမ်တိုင်တိုင်… ပြောဆိုပါ၏) ဤမည်သောရဟန်းသည် ညီညွတ်နေသောသံဃာကို ကွဲပြားအောင် လုံ့လပြုနေပါ၏။ သံဃာတော်သည် ထိုရဟန်းကို ထိုအမှုမျိုး ဆက်လက်မပြုလုပ်နိုင်စေရန် ဆိုဆုံးမရခြင်းဖြစ်ပါ၏။ ထိုရဟန်းအား ထိုသို့ ဆုံးမမှုပြုသည်ကို သံဃာတော်များမှ သဘောတူကြပါလျှင် ဆိတ်ဆိတ်နေတော်ကြပါ။ ထိုရဟန်းအား ထိုသို့သံဃာတော်များမှ ဆိုဆုံးမသည်ကို သဘောမတူကြလျှင် သဘောမတူသော သံဃာသည် ကန့်



www.burmeseclassic.com

www.burmeseclassic.com



ကွက်ပြောဆိုကြပါ'' ဆိုတဲ့ ဝိနည်းကျင့်ထုံးများဟာ အများဆန္ဒမပါပဲ ပြုလုပ်လေ့မရှိကြောင်းကို စနစ်တစ်ခုအနေနဲ့ ဘုရားရှင်ဟောခဲ့တာပါ။ ဒီမိုကရေစီကို တောင်းဆိုနေသူများ ဘုရားနည်းအတိုင်း လိုက်နာကျင့်သုံးနိုင်ကြဖို့ပါ။

ဒီမိုကရေစီစနစ်ဆိုတာ စိတ်ကူးယဉ်လို့ ကောင်းသလောက် လိုက်နာကျင့်သုံးဖို့ကျတော့ အလွန်ခက်ခဲတဲ့ စနစ်မျိုးလို့ ဆိုရမှာပါ။ သီအိုရီတွေ ကောင်းသလောက် လက်တွေ့ကျင့်သုံးဖို့ ခက်ခဲတဲ့စနစ်တစ်ခုပါ။ ဒီမိုကရေစီဟာ လူတိုင်းအတွက်ဖြစ်ပေမဲ့ လူတိုင်းလိုက်နာဖို့ ခက်ခဲတဲ့ စနစ်မျိုးပါ။

''နိဗ္ဗာန်ကိုလိုချင်ရင် မဂ္ဂင်ရှစ်ပါးကို ပွားများ အားထုတ်ပါ'' ဆိုတဲ့ သီအိုရီမျိုးဟာ အပြောလွယ်သလောက် အကျင့်ခက်တဲ့ သီအိုရီမျိုးပါ။ နိဗ္ဗာန်ကို ရနိုင်ရေးအတွက် စိတ်ထားတွေကို ပြင်ရမယ်။ စိတ်ကို ညစ်ထေးစေတဲ့၊ စိတ်တွေကို ဖေါက်ပြန်စေနိုင်တဲ့ ကိလေသာတွေကို နှိမ်နင်းရမယ်။ တန်ခိုးအာဏာပါဝါမျိုးကို လိုချင်မှု လောဘအဟာန့်အတားမျိုးတွေ၊ မနာလို ဝန်တိုမှု ဣဿာ မစ္ဆရိယ အဟာန့်အတားမျိုးတွေ၊ အရာရာမှာ ငါ့ဖို့ဆိုတဲ့ အတ္တအဟာန့်အတားမျိုးတွေ၊ အရာရာမှာ ငါသိငါတတ်ဆိုတဲ့ မာနအဟာန့်အတားမျိုးတွေကို ကျော်ဖြတ်ရမယ်။ နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကိုရောက်ဖို့ ရှိတာလေးနဲ့ သင့်အောင်ဝတ်၊ ရတာလေးနဲ့ ဝအောင်စား၊ ပတ်ဝန်းကျင်ကို နားလည်ပေး (မှက်၊ ခြင်၊ ယင်၊ အပူ၊





အအေး စသည်မျိုး)၊ လမ်းညွှန်ပေးသူရဲ့စကားကို လိုက်နာ၊ ဒီအခြေအနေမျိုးတွေ ပြည့်စုံပါမှ နိဗ္ဗာန်ဆိုတာ ရနိုင်တာပါ။ ဆိုလိုတာက နိဗ္ဗာန်ဆိုတာ ပြောသလောက်မလွယ်ဘူးဆိုတာ ထည့်သွင်းစဉ်းစားနိုင်ဖို့ပါ။

''ဒီမိုကရေစီကို လိုချင်ရင် စည်းကမ်းရှိကြပါ'' ဆိုတဲ့ သီအိုရီမျိုးဟာလည်း အပြောလွယ်သလောက် လိုက်နာဖို့ခက်တဲ့ သီအိုရီမျိုးပါ။ စစ်မှန်တဲ့ဒီမိုကရေစီမျိုးကို ရဖို့ ပြည်သူတွေရဲ့ စိတ်ဓာတ်တွေကို ပြင်ရမယ်။ ယုံစားမှုတွေ၊ ယုံမှားမှုတွေကို ပယ်ဖျောက်ပြီး၊ ယုံကြည်မှုတွေကို တည်ဆောက်ရမယ်။ လာဘ်ပေး၊ လာဘ်ယူမှုမျိုးကို ပြုနေသည့် အကျင့်ပျက် ချစားဝန်ထမ်းများကို မညှာမတာ တိုက်ဖျက်ရမယ်။ ထို့နောက် စားနပ်ရိက္ခာများကို စားလောက်အောင် ပံ့ပိုးပေးရမယ်။ လူတိုင်းအတွက် ဒီမိုကရေစီဖြစ်နိုင်ဖို့ လူတိုင်းကို ဒီမိုကရေစီပုံစံခွက်ထဲဝင်အောင် ဆောင်ရွက်ပေးရမယ်။ ဒီလိုမှမလုပ်နိုင်ဘူးဆိုရင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံကြီးဆိုတာ ဘယ်သောအခါမှ ပေါ်ထွန်းလာမှာ မဟုတ်ပါ။ အဖြောင့်ပြောရမယ်ဆိုရင်တော့ ဒီမိုကရေစီအရေးဟာ တိုင်းရေး၊ ပြည်ရေး၊ လူမျိုးရေးအတွက်ဆိုတာ ပြည်သူ၊ ပြည်သားတွေ သဘောပေါက်နိုင်ကြဖို့ပါ။[၁]

ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂပါဠိ၊ စာမျက်နှာ ၆၂။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာမျိုးမဆို တကယ်လိုချင်ရင် တကယ်ရနိုင်တာပါ။ တန်ဖိုးကြီးတဲ့အရာမျိုးကို ရယူနိုင်ဖို့ဆိုတာ ဆန္ဒလည်းရှိမှ၊ စိတ်ဓာတ်ကလည်း ပြင်းမှ၊ လုံ့လဝီရိယကလည်း ထက်သန်မှ၊ အသိဉာဏ်ပညာကလည်း ပြည့်စုံပါမှ ရနိုင်တာပါ။ တကယ်တော့ စိတ်ကို ကြီးစိုးနိုင်တဲ့ စိတ်ထားတွေကို မွေးမြူကြလျှက် ရဟန်းရှင်လူ ပြည်သူ၊ ပြည်သားများ အားလုံး စုပေါင်းပြီး ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ကြမယ်ဆိုရင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံမျိုးဆိုတာ မိမိတို့စိတ်ကူးအိမ်မက်ကို မိမိတို့ကိုယ်တိုင်ပုံဖော်ပေးနိုင်တဲ့ ဒီမိုကရေစီလူ့အဆောက်အဦးကြီးဟာ မလွဲမသွေ ဖြစ်ထွန်းလာမှာပါ။

## ဒီမိုကရေစီစနစ်သည် ကယ်တင်ရှင်စနစ်မဟုတ်

ပြည်သူတွေ မျှော်လင့်ထားတဲ့ ဒီမိုကရေစီဆိုတဲ့ ကယ်တင်ရှင်ကြီး (ဒီမိုကရေစီရရင် လိုချင်တာတွေ အားလုံး ရနိုင်တယ်လို့ ပြည်သူတွေ မျှော်လင့်ထားတဲ့ကယ်တင်ရှင်ကြီး) ရောက်လာဖို့ မျှော်လင့်နေရုံနဲ့တော့ ဒီမိုကရေစီကယ်တင်ရှင်ကြီး မြန်မာနိုင်ငံကို ဘယ်တော့မှ ရောက်လာနိုင်မည်မဟုတ်ပါ။ “မိုင်ပေါင်းများစွာသော ခရီးကို ရောက်နိုင်ဖို့ ခြေတစ်လှမ်းနဲ့ စ-ရမှာ” ဆိုတဲ့ လောက်ဇူးရဲ့သီအိုရီအတိုင်း





ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ အရောက်လှမ်းနိုင်ဖို့ ပြည်သူများကိုယ်တိုင် ခြေလှမ်းများကို စတင်လှမ်းကြရမှာပါ။[၁]

ပြည်သူတို့ရဲ့ ခြေလှမ်းများဟာ တိုင်းပြည်နှင့်လူမျိုး၊ ဘာသာနှင့်သာသနာအတွက် အကျိုးကျေးဇူးတွေ ဖြစ်ထွန်းလာနိုင်မှာမို့ ပြည်သူတို့ကိုယ်တိုင် တိုင်းပြည်နဲ့လူမျိုးအတွက် ပေးဆပ်နိုင်ဖို့ပါ။ “တိုင်းပြည်က ငါ့အတွက် ဘာလုပ်ပေးပြီးပြီလဲလို့ မမေးပါနဲ့၊ ငါက တိုင်းပြည်အတွက် ဘာလုပ်ပြီးပြီဆိုတာ မေးပါ” ဆိုတဲ့ ဂျွန်ကနေဒီရဲ့ စကားဟာ ဒီမိုကရေစီစနစ်ကို မျှော်လင့်နေသူတို့အတွက် မှတ်သားစရာပါ။ တကယ်တော့ ဒီမိုကရေစီဆိုတာ မြန်မာပြည်သူ၊ ပြည်သားတွေ မက်နေတဲ့ အိမ်မက်ပင်မဟုတ်ပါလား။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

(မြန်မာပို့စ် အတွဲ ၄၊ အမှတ် ၁၆။ ဗုဒ္ဓဟူးနေ့၊
မေလ ၂ ရက်၊ ၂၀၁၂ ခုနှစ်)

---

[၁] The journey of a thousand miles must begin with a single step (Lao Tzu).



www.burmeseclassic.com

www.burmeseclassic.com

## လူစည်းကမ်း လမ်းစည်းကမ်း

ခေတ်တွေပြောင်းလာပြီဆိုတော့ ....။ မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီတိုးတက်တဲ့အသွင်နှင့် တွေချင်၊ မြင်ချင်သူတွေကလည်း များမှများ။ အရိပ်တကြည့်ကြည့်နဲ့ စောင့်ကြည့် ရတာကြာလာတော့ စိတ်မရှည်တဲ့လေသန်နဲ့ တိုးတက်မှုများ နှေးကွေးရကောင်းလားလို့ အားမလို၊ အားမရ ဖြစ်နေသူတွေကလည်း ပေါမှပေါ။

ဒီမိုကရေစီစနစ်ဆိုတာ လူတွေထင်ထားသလို ဖြစ်ချင်ရာတွေကို တင်ပြရင် တစ်ချက်လွှတ် အမိန့်တော်နှင့် အလျင်အမြန် ဆောက်ရွက်နိုင်တဲ့ သက်ဦးဆိုင်ပိုင် ဘုရင်စနစ်မျိုးလည်း မဟုတ်ပါ။ အမိန့်အာဏာထုတ်ပြီးရင်၊ ရေပူးပေါက်တာ မလိုချင်ဘူး၊ ရေပါဖို့က အဓိကဆိုတဲ့ ချက်ချင်းချည်း





ဆိုသလို အကောင်အထည်ဖော်ပေးရတဲ့ အာဏာရှင်စနစ်မျိုးလည်း မဟုတ်ပါ။

ဒီမိုကရေစီစနစ်မျိုးဆိုတာ တရားဥပဒေနှင့်အညီ အုပ်ချုပ်နိုင်ဖို့ ဥပဒေရေးရာများကို အမှားနည်းနိုင်သမျှ နည်းအောင် ရေးဆွဲပေးရတဲ့ စနစ်မျိုးဖြစ်လို့ ဥပဒေရေးဆွဲရာမှာပဲဖြစ်ဖြစ်၊ စီမံကိန်းများကို ဖော်ဆောင်ရာမှာပဲဖြစ်ဖြစ် နှေးကွေးနေတတ်ခြင်းပါ။ ဒါကို ဒီမိုကရေစီစနစ်ကို ကျင့်သုံးလိုတဲ့ ပြည်သူ၊ ပြည်သားများ စိတ်ရှည်ရှည်ထားနိုင်ကြဖို့ပါ။

### ဘယ်အချိန်မှာ ပြောင်းမှာလဲ

ဒီမိုကရေစီစနစ်မှာ တင်ပြခြင်း၊ ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်း၊ ညှိနှိုင်းခြင်း-တို့ကို ပြုပြီးမှ အကောင်းဆုံးနည်းလမ်းတစ်ခု (သို့မဟုတ်) အသင့်တော်ဆုံး နည်းလမ်းတစ်ခုကို ရွေးချယ်အတည်ပြု၊ ပြဋ္ဌာန်းပေးရတဲ့စနစ်မျိုးဖြစ်လို့ တစ်မိန့်တစ်အာဏာနဲ့ အုပ်ချုပ်တဲ့စနစ်တွေလို အလျင်စလို ပြုလုပ်ပေးလို့ မရနိုင်ပါ။ ဥပဒေနှင့်အညီ စီမံကိန်းတစ်ခုကို ချမှတ်ပြီးတဲ့အခါ ပြည်သူတွေကို ထိုချမှတ်ထားတဲ့ စီမံကိန်းနှင့် ပတ်သက်ပြီး လိုက်နာကျင့်သုံးနိုင်ဖို့ ပညာပေးတွေကို အရင်ပြုလုပ်ပေးကြရမှာပါ။ ပြည်သူတွေ အတူတကွ ပါဝင်လာနိုင်အောင် စည်းရုံးလှုံ့ဆော်မှုတွေကို ကြိုတင်ပြုလုပ်ပေးကြ

www.burmeseclassic.com



ရမှာပါ။ တရားဥပဒေစိုးမိုးရေးအတွက် ပြစ်မှုနှင့်ပြစ်ဒဏ်ကို ကျပ်ကျပ်မတ်မတ် အကောင်အထည်ဖော်နိုင်အောင် စီမံဆောင်ရွက်ကြရမှာပါ။ ဥပမာ လာဘ်ပေး၊ လာဘ်ယူမှုကိစ္စမျိုးပါ။

လာဘ်ပေး၊ လာဘ်ယူကင်းရှင်းတဲ့ နိုင်ငံတော်သစ်ကြီးကို တည်ထောင်နိုင်ဖို့ကိစ္စဟာ လွယ်ကူတဲ့ကိစ္စမျိုးတော့ မဟုတ်ပါ။ ခေါက်ရိုးကြိုးနေပြီဖြစ်တဲ့ ကိစ္စမျိုးမို့ ကိုင်တွယ်ဖြေရှင်းရာမှာ (အသွင်ကူးပြောင်းဆဲကာလဖြစ်နေလို့) ညင်သာစွာ ကိုင်တွယ်နိုင်ကြဖို့ပါ။

နိုင်ငံတော်ကချမှတ်တဲ့ မူဝါဒရေးရာများကို ပြည်သူတွေ စိတ်သန့်သန့်ရှင်းရှင်းနဲ့ လိုက်နာနိုင်ဖို့ စည်းမျဉ်း၊ စည်းကမ်းများကို မူဝါဒအဖြင့် မချမှတ်ခင် (သို့မဟုတ်) မူဝါဒကို ချမှတ်ပြီးတဲ့အခါ ဒီမူဝါဒရဲ့ ရည်ရွယ်ချက်တွေ၊ ဖြစ်ပေါ်လာနိုင်တဲ့အကျိုး၊ အပြစ်တွေကို ပြည်သူ၊ ပြည်သားများအား ကြိုတင် အသိပေးထားသင့်ခြင်းပါ။ ဥပမာ၊ အခွန်ဘဏ္ဍာကိစ္စမျိုး၊ ပညာရေးပြုပြင်ပြောင်းလဲမည့်ကိစ္စမျိုး-စသည်မျိုးတွေပါ။ ကြိုတင်သိထားမှ ကြိုတင်ပြင်ဆင်နိုင်မှာပါ။ တကယ်တော့ အစိုးရနှင့် ပြည်သူတွေ အကြားမှာ ဘယ်ကိစ္စမျိုးကိုမှ ပုန်းရှိုး၊ ဝှက်ရှိုး (သံခင်း၊ တမန်ခင်းကိစ္စမျိုးကလွဲရင်) ပြုလုပ်နေစရာ အကြောင်းမရှိပါ။





စနစ်ဆိုတာ ပြည်သူ၊ ပြည်သားများကပါ ပါဝင်လိုက်နာကျင့်သုံးနိုင်ပါမှ စည်းကမ်းပြည့်ဝတဲ့စနစ်၊ စည်းကမ်းပြည့်ဝတဲ့ လူမျိုးဆိုတာ ဖြစ်လာနိုင်မှာပါ။ စည်းကမ်းရှိတဲ့ ပြည်သူတွေများလာပါမှ စည်းကမ်းရှိတဲ့ နိုင်ငံဆိုတာ ဖြစ်လာမှာပါ။ ဆိုလိုချင်တာကတော့ အဆင့်ရှိရှိ ကမ္ဘာနှင့်ဆက်ဆံချင်ရင် အဆင့်ရှိရှိ နေတတ်၊ ထိုင်တတ်ကြဖို့ပါ။ ကွမ်းကို စည်းမဲ့ကမ်းမဲ့ထွေး။ ဆေးလိပ်ကို စည်းမဲ့ကမ်းမဲ့ သောက်။ အမှိုက်တို့၊ ဆေးလိပ်တိုတို့၊ စားပြီးသောက်ပြီး အချဉ်ထုတ်အခွံ၊ ငှက်ပျောခွံ၊ ဖျော်ရည်ဗူးခွံတို့ကို စည်းမဲ့ကမ်းမဲ့ပြစ်-ဆိုတာမျိုးတွေဟာ အဆင့်ရှိတဲ့ လူမျိုးတို့ရဲ့ အမူအကျင့်များ မဟုတ်ပါ။

## ဘက်မလိုက်တဲ့ စည်းကမ်း

အများပြောလေ့ပြောထရှိတဲ့ စကားတစ်ခွန်းက ခမြန်မာလူမျိုးတွေ စည်းကမ်းမရှိဘူးခတဲ့။ လက်မခံနိုင်ပါ။ မြန်မာနိုင်ငံလောက် စည်းကမ်းများတဲ့နိုင်ငံ ကမ္ဘာပေါ်မှာ ရှိမှာမဟုတ်ပါ။ ဟိုနားမှာလည်း စည်းကမ်း၊ ဒီနားမှာလည်း စည်းကမ်း၊ စည်းကမ်းတွေ များလွန်းနေခြင်းပါ။ တကယ်တော့ စည်းကမ်းကို မလိုက်နာခြင်းပါ။ စည်းကမ်းရေးဆွဲရတယ်ဆိုတာ ဖတ်ရန်မျှသာ မဟုတ်ပဲ လိုက်နာနိုင်ဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းများတဲ့ နိုင်ငံလို့ ပြောရခြင်းမှာ စာသင်ကျောင်းတစ်ကျောင်း (သို့မဟုတ်) ရုံးတစ်ရုံးရဲ့ အဝန်းအဝိုင်းထဲကို (သို့မဟုတ်) ရုံးခန်းထဲကို ဝင်ကြည့်ပါ။ စည်းမျဉ်းစည်းကမ်းတွေက များလွန်းနေခြင်းပါ။ ရှိသမျှ စည်းမျဉ်းစည်းကမ်းတွေကိုသာ အကုန်အစင်ဖတ်ရမယ်ဆိုရင် ခေါင်းမူးပြီး ပြန်ထွက်လာရမဲ့ကိန်းမျိုးပါ။ များပြားလှတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပြည်သူ၊ ပြည်သားတွေအား လိုက်နာစေချင်ရင် နိုင်ငံတော်မှ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပေးနိုင်ဖို့ပါ။

စည်းမျဉ်း၊ စည်းကမ်းတွေကို ပြည်သူ၊ ပြည်သားများအား တပြေးညီ လိုက်နာစေချင်ရင် နံပတ်တစ်က ကျောသား၊ ရင်သားမခွဲခြားပဲ ဆက်ဆံပေးဖို့ပါ။ ရာထူးရှိသူ၊ ရာထူးမဲ့သူ၊ ချမ်းသာသူ၊ ဆင်းရဲသူ၊ ပေးကမ်းနိုင်သူ၊ မပေးကမ်းနိုင်သူရယ်လို့ ခွဲခြားဆက်ဆံမှုမပြုပဲ အပြစ်ရှိသူကို အပြစ်နှင့် တန်အောင် အရေးယူပြီး၊ အပြစ်ကင်းစွာ နေထိုင်သူများကိုလည်း ငြိမ်းချမ်းစွာ နေနိုင်ဖို့ ဥပဒေဘောင်တွင်းမှ ကာကွယ်ပေးနိုင်ဖို့ပါ။ အများမျှော်လင့်ထားတဲ့ ဥပဒေစိုးမိုးရေးဆိုတာ ဒီအခြေခံ သဘောတရားတွေကို အကောင်အထည်ဖော်ပေးခြင်းပါ။

ဥပဒေစိုးမိုးရေးဆိုတဲ့စကားကို မြန်မာပြည်သူ၊ ပြည်သားအများစု ဂဃနဏ နားလည်ထားကြ ဟန်မတူသေး





ပါ။ ဘာ့ကြောင့်လဲဆိုရင် ကိုယ့်အိမ်ရှေ့ကို အမှိုက်လာပစ်ရင် မကြိုက်နိုင်သော်လည်း သူများအိမ်ရှေ့ကို ကိုယ်တိုင်က အမှိုက်ပစ်နေခြင်းပါ။ ဒဲ့ပြော ပြောရရင် အဆင့်ရှိရှိ နေချင်ရင် အဆင့်ရှိရှိ နေတတ်ဖို့ပါ။ နိုင်ငံတကာ စံနှုန်းနဲ့နေချင်ရင် နိုင်ငံတကာစံနှုန်းအတိုင်း ကျင့်သုံးနေထိုင်တတ်ဖို့ပါ။

တစ်ချိန်တစ်ခါက စည်းကမ်းရှိပါတယ်ဆိုတဲ့ မြန်မာလူမျိုးတွေ နောက်ဆုံးမှာတော့ ဘာကြောင့် စည်းကမ်းတွေ ပျက်စီးခဲ့ကြရသနည်း။ စည်းကမ်းကို တန်ဖိုးမထားတတ်လို့လား။ စည်းကမ်းကို မလိုက်နာတတ်လို့လား။ တမင်သက်သက် စည်းမဲ့ကမ်းမဲ့ပဲ နေချင်လို့လား။ စဉ်းစားစရာတွေက အများကြီးပါ။ စည်းကမ်းမှာ ချွင်းချက်ထားပြီး ကျင့်သုံးလို့မရပါ။ ချွင်းချက်ထားပြီး ကျင့်သုံးနေကြရင်တော့ စည်းဖေါက်လို့ လူမျိုးပျောက်သွားခဲ့ရတဲ့ သာဓကတွေ သမိုင်းမှာ ထင်ကျန်နေဆဲပါ။

တစ်ချိန်တစ်ခါက မြန်မာနိုင်ငံမှာ စည်းကမ်းပိုင်းဆိုင်ရာနှင့် ပတ်သက်လို့ အထက်နှင့်အောက် အတော်ကို ကွာခြားသွားခဲ့ခြင်းပါ။ ဥပမာ၊ လူကြီးများရဲ့ ကားနှင့်ဖြစ်စေ၊ လူကြီးသားသမီးများရဲ့ ကားနှင့်ဖြစ်စေ မီးနီကို ဖြတ်ကူးလို့ ပုလိပ်က ထိုကားကို တားဆီးမိခဲ့ရင် ထိုတားဆီးမိတဲ့ [illegible] ထုချေလွှာ တင်ရတဲ့အဖြစ်မျိုးပါ။ ထို့ကြောင့် ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



အခါက မော်တော်ပီကယ်ပုလိပ်များဟာ လူကြီးများရဲ့ကား အရပ်သားများရဲ့ကားများကို ခွဲခြားမှတ်သားထားနိုင်ဖို့ပါ။ ကားများကို ပုလိပ်များက ဖမ်းဆီးခဲ့ရင် လာဘ်ပေး လာဘ်ယူ ပြုခြင်းဖြင့် အရာအားလုံးဟာ ဉာဏ် ဖြစ်သွားခြင်းပါ။

ဒီဖြစ်ရပ်များကို သင်ခန်းစာယူ၍ ဒီမိုကရေစီစနစ်ကို ထိထိရောက်ရောက် ကျင့်သုံးတော့မည်ဆိုလျှင် လာဘ်ပေး၊ လာဘ်ယူကိစ္စမျိုး၌ လာဘ်ယူသူကိုလည်း အရေးယူသင့်သလို၊ လာဘ်ပေးသူများကိုလည်း အရေးယူသင့်ခြင်းပါ။ ဒီလိုပြုလုပ်နိုင်မှသာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်မှာ လာဘ်ပေး၊ လာဘ်ယူကိစ္စများ ကင်းရှင်းသွားမှာပါ။

တကယ်တော့ ဒီလာဘ်ပေး၊ လာဘ်ယူကိစ္စတွေဟာ နေရာတိုင်း၊ ဌာနတိုင်းမှာလိုလို ယနေ့အချိန်အထိ ရှိနေဆဲပါ။ သူ့နည်းသူ့ဟန်နဲ့ လုပ်ရှားနေကြဆဲပါ။ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းအားလုံးကို ခြုံငုံကြည့်တော့ စနစ်တစ်ခုရဲ့ ချို့ယွင်းချက်ဟာ ပြည်သူ၊ ပြည်သားတွေရဲ့ စိတ်ဓာတ်တွေကို ဘယ်လောက်ထိ ပျက်ပြားသွားစေခဲ့တယ်ဆိုတာ သမိုင်းမှတ်တမ်းများ ပြုစုထားနိုင်ကြဖို့ပါ။

## လူစည်းကမ်း၊ လမ်းစည်းကမ်းများကို ခွဲခြားသိဖို့ပါ

အမှားဆိုတာ သိလို့မှားတာပဲဖြစ်ဖြစ်၊ မသိလို့ မှားတာပဲဖြစ်ဖြစ် ဘယ်အမှားမျိုးမှ မကောင်းပါ။ စည်းမျဉ်း





စည်းကမ်းဆိုတာ လိုက်နာဖို့ပါ။ ခွင့်လွှတ်ဖို့ မဟုတ်ပါ။ တိုင်းပြည်တွင်းမှာ ပြည်သူ၊ ပြည်သားတိုင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေနိုင်ဖို့ဆိုတာ စည်းကမ်းရှိမှ ဖြစ်မှာပါ။ စည်းကမ်းပြည့်ဝတဲ့ နိုင်ငံတော်သစ်တစ်ခုကို တည်ဆောက်နိုင်ဖို့အတွက် အလိုအပ်ဆုံးအရာဟာ လူတွေ စည်းကမ်းရှိကြဖို့ပါ။

ဓမ္မဓိဋ္ဌာန်ကျကျ ပြောရရင်တော့ လူတွေ စည်းကမ်းရှိဖို့ လိုအပ်သလို လမ်းတွေမှာလည်း လူတွေလိုက်နာရမဲ့ စည်းကမ်းမျိုးတွေ ရှိဖို့ လိုအပ်နေခြင်းပါ။ ဥပမာ၊ အဖြောင့်ယာဉ်ကြောအတွက် အဖြောင့်မြှား၊ အကွေ့ကြောအတွက် အကွေ့မြှား-စသည်တို့ကို ရေးဆွဲထားပေးရမှာပါ။ လမ်းစည်းကမ်းကို လူက ချိုးဖေါက်ရင် လူကို တရားဥပဒေအရ အရေးယူနိုင်ဖို့ပါ။ လမ်းမှာ ရှိသင့်ရှိထိုက်တဲ့ စည်းကမ်းကို ချမှတ်ပေးထားခြင်းမျိုးမရှိရင် အစိုးရမှာ တာဝန်ရှိနေခြင်းပါ။

ဥပမာ၊ မီးပွိုင့်ဆိုတာ လမ်းဆုံများမှာ ရှိသင့်တဲ့ လမ်းစည်းကမ်းပါ။ ကားများကို လမ်းစည်းကမ်းနှင့်အညီ လိုက်နာနိုင်ဖို့ တပ်ဆင်ထားပေးခြင်းပါ။ လမ်းစည်းကမ်းကို မလိုက်နာဘဲ မောင်းနှင်လျှင် ကားမောင်းသူမှာ တာဝန်ရှိသလို၊ လမ်းစည်းကမ်းများကို ရေးဆွဲမထားခဲ့လျှင် နိုင်ငံတော်အစိုးရမှာ တာဝန်ရှိနေခြင်းပါ။ ထို့ကြောင့် လမ်းဆုံမှာ မီးပွိုင့်



www.burmeseclassic.com

www.burmeseclassic.com



မထားလို့ ကားတိုက်မှုများ ဖြစ်နေလျှင် အစိုးရ (ဌာနဆိုင်ရာ) မှာလည်း တာဝန်မကင်းပါ။

လမ်းစည်းကမ်းများရှိဖို့ နိုင်ငံတော်က တာဝန်ယူရမှာပါ။ ဥပမာ၊ လမ်းဆုံများမှာ ကွေ့ကြောအတွက် အကွေ့မြှားကို ထားပေးရခြင်း၊ ဖြောင့်ကြောအတွက် အဖြောင့်မြှားကို ထားပေးရခြင်း၊ ကားမောင်းသူများ၊ ယာဉ်စီးသူများ (ယာဉ်မောင်းနေစဉ်) ခါးပတ်တတ်ထားရခြင်း၊ ဆိုင်ကယ်များ ဦးထုပ်မပါဘဲ သွားလာခွင့်မပြုခြင်း စသည်မျိုးပါ။ လမ်းစည်းကမ်းကို အထောက်အကူဖြစ်စေနိုင်တဲ့ မီးပွိုင့်များ၊ ယာဉ်ကြောအတွက် ရှိသင့်တဲ့ (အဝါလိုင်း၊ အဖြူလိုင်း၊ အနီလိုင်းစသော) မျဉ်းများ၊ အဖြောင့်မြှား၊ အကွေ့မြှား-စသည်များကို ရှိသင့်သောနေရာများ၌ ရှိနေစေဖို့ပါ။ မရှိခဲ့လျှင် အစိုးရ (ဌာနဆိုင်ရာ)မှာ တာဝန်ရှိနေခြင်းပါ။ မီးပွိုင့်များ တပ်ဆင်ထားပါလျက်၊ မျဉ်းများ ရေးဆွဲထားပါလျက် ညွှန်ကြားချက်အတိုင်း မလိုက်နာလျှင် ယာဉ်မောင်းသူများ၊ လမ်းဖြတ်ကူးသူ ပြည်သူများမှာ လုံးဝတာဝန်ရှိနေခြင်းပါ။

## အမှားတွေကို ပြင်ကြပါ

ယာဉ်စည်းကမ်းများ၊ လမ်းစည်းကမ်းများ မပီပြင်၍ ဟိုက်ဝေးများ၌ ကားတိုက်မှုများ မကြာခဏ ဖြစ်ပွားနေခြင်း





ပါ။ ထိုအမှားကို မပြုပြင်နိုင်ကြတဲ့အတွက် ပြည်သူများ (အထူးသဖြင့် ကားမောင်းသူများ) အခက်ကြုံတွေ့နေရခြင်းပါ။ အသက်ပေါင်းများစွာ နေစဉ်နှင့်အမျှ ဆုံးရှုံးနေရခြင်းပါ။

နမူနာတစ်ခု ထုတ်ပြပါရပါစေ။ ကားမောင်းသူများ အမှတ်မှားနေတဲ့ကိစ္စတစ်ခု။ ဟိုက်ဝေးမှာ ကားမောင်းကြတဲ့အခါ ...။ ရှေ့မှ မောင်းနှင်နေတဲ့ကားက ညာဖက်မီးဝါပြလျှင် နောက်မှ ကပ်ပါလာတဲ့ ကားကို ရှေ့မှာ ကားတွေဆက်တိုက်လာနေတယ်။ နောက်မှာပဲ အသာကပ်လိုက်ထားဆိုတဲ့ အဓိပ္ပါယ်တဲ့။ ရှေ့ကားက ဘယ်ဘက် မီးဝါကိုပြလျှင် ရှေ့မျက်နှာချင်းဆိုင်၌ ကားရှင်းနေတယ်။ ကျော်တက်လိုပါက ခပ်မြန်မြန်လေး ကျော်တက်ပါဆိုတဲ့ အဓိပ္ပါယ်တဲ့။ ဒီအမှတ်အသားဟာ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများနှင့်မညီတဲ့ အကြီးအကျယ်ကြီးကို မှားယွင်းနေတဲ အမှတ်အသားတစ်ခုပါ။

"အမှားကြာတော့ အမှန်ဖြစ်" ဆိုတာမျိုးလို ဟိုက်ဝေးကားမောင်းသူများ ဒီအမှားကို ဆက်လက်ကျင့်သုံးနေကြ၍ ကားတိုက်မှုများ မကြာခဏဖြစ်ပွားနေရခြင်းပါ။ နိုင်ငံခြားသားများအတွက် အတော်စိုးရိမ်စရာပါ။ တစ်ခါက မီးဝါအမှတ်အသား အမှတ်မှားမှုကြောင့် ကားမောင်းသူရောဝန်ကြီးတစ်ဦး၏ သားသမီးများ သေဆုံးခဲ့ရဖူးကြောင်း သမိုင်း

www.burmeseclassic.com



များ ရှိထားခြင်းပါ။ ဘယ်ညာမီးဝါပြ အမှတ်အသားနှင့် ပတ်သက်၍ ယာဉ်စည်းကမ်းနှင့်လည်းကောင်း၊ လမ်းစည်းကမ်းနှင့်လည်းကောင်း မညီညွတ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာမှ ပြင်းပြင်းထန်ထန် အရေးယူပေးသင့်ပါကြောင်း တိုက်တွန်းရခြင်းပါ။

ပြည်သူတွေရဲ့ အသက်အိုးအိမ်များကို လုံခြုံအောင် ကာကွယ်ပေးဖို့နှင့် လူ့အခွင့်အရေးများ မဆုံးရှုံးရအောင် စောင့်ရှောက်ပေးဖို့ဆိုတာ အစိုးရက ဦးဆောင်ပြီး ဆောင်ရွက်ပေးမှ ဖြစ်နိုင်တာပါ။ တစ်ချို့ကိစ္စများ၌ တာဝန်ရှိသူက တာဝန်ကို ရှောင်နေလျှင် ယာဉ်စည်းကမ်းများဟာ ပို၍ဆိုးလာမည်ဖြစ်ခြင်းပါ။ ဆိုလိုတာက လူ့စည်းကမ်း၊ လမ်းစည်းကမ်းများကို နိုင်ငံတော်အစိုးရက ရေးဆွဲ ပြဋ္ဌာန်း ပေးထားတာဖြစ်လို့ လူ့စည်းကမ်း၊ လမ်းစည်းကမ်းများကို မလိုက်နာနိုင်သူတွေအား နိုင်ငံတော်အစိုးက တင်းတင်းကြပ်ကြပ် အရေးယူမှုများကို ဆောင်ရွက်ပေးဖို့ပါ။ စည်းကမ်းကို စနစ်တကျ လိုက်နာတဲ့လူမျိုးတွေ နိုင်ငံတွင်းမှာ အများကြီး လိုအပ်နေဆဲပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။



## လွတ်လပ်စွာ ကိုးကွယ်ခွင့်မှုကို မည်သူတွေက ပြဋ္ဌာန်းပေးသနည်း

မြန်မာပြည်သူ၊ ပြည်သား အများစုဟာ လွတ်လပ်ခွင့်နှင့် လွတ်လပ်ရေးတို့၏အဓိပ္ပါယ်များကို ရောရောထွေးထွေး သိနေကြဆဲပါ။ လွတ်လပ်ရေးရရင် လွတ်လပ်ပြီလို့ အထင်ရှိနေသူတွေ ရှိနေသလို၊ ဒီမိုကရေစီရရင် ထင်ရာလုပ်လို့ရပြီလို့ ပြောသူများလည်းရှိနေဆဲပါ။ ''လွတ်လပ်ခြင်း''ရဲ့ အဓိပ္ပါယ်နှင့် ''လွတ်လပ်စွာ ကိုးကွယ်ခွင့်'' ဆိုတဲ့ အဓိပ္ပါယ်တို့ကိုလည်း မသိသူတွေက များလွန်းနေသေးတယ်လို့ ထင်မြင်ယူဆမိခြင်းပါ။ မြန်မာပြည်မှာ ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်ခြင်း မရှိသေးတော့ ရဟန်းရှင်လူ အတော်များများဟာ ''လွတ်လပ်စွာ ကိုးကွယ်ခွင့်''ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို အသိခက်နေကြခြင်းပါ။ အဓိပ္ပါယ်များ ရှင်းလင်းသွားစေချင်ရင် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို မည်သူတွေက



www.burmeseclassic.com

www.burmeseclassic.com



ပြဌာန်းပေးထားသနည်း ဆိုတဲ့ အမေးကို ရှေးဦးစွာ စဉ်းစား ကြည့်နိုင်ဖို့ပါ။

"လွတ်လပ်စွာ ကိုးကွယ်ခွင့်" ဆိုတဲ့စကားဟာ လွယ်မယောင်ယောင်နဲ့ အသိခက်နေတဲ့ စကားမျိုးပါ။ ဒီစကားရဲ့ မူလဇစ်မြစ်အခြေခံကို သိမထားဘူးဆိုရင် တိကျတဲ့ အဓိပ္ပါယ်ကို ပြန်ဆိုဖို့ မလွယ်ကူနိုင်ပါ။ "လွတ်လပ်စွာ ကိုးကွယ်ခွင့်" ဆိုတဲ့စကားဟာ ဒီမိုကရေစီစနစ်နှင့် ဆက်နွယ်နေခြင်းဖြစ်လို့ ဒီမိုကရေစီရဲ့ သဘောတရားကို အထိုက်အလျောက် သိထားဖို့ပါ။ ဒီမိုကရေစီစနစ်မှာ ပြည်သူတွေ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်လို့ အစိုးရကလည်း ပြည်သူတွေကို "လွတ်လပ်စွာ ပြောဆိုခွင့်" လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်နှင့် လွတ်လပ်စွာကိုးကွယ်ခွင့် လွတ်လပ်စွာ ရွေးချယ်တင်မြှောက်နိုင်ခွင့်တို့ကို ပေးထားခြင်းပါ။ တစ်ဖက်မှလည်း ပြည်သူတွေရဲ့ လူ့အခွင့်အရေးများကို ကာကွယ်ပေးထားခြင်းပါ။

ထို့ကြောင့် ဘာသာတရားဌ် "လွတ်လပ်စွာ ကိုးကွယ်ခွင့်" ရှိတယ်ဆိုပေမဲ့ ပြည်သူတွေ ယုံကြည်ထားတဲ့ ကိုးကွယ်မှုဘာသာတရားဟာ တစ်ဦးနှင့်တစ်ဦး ယုံကြည်ထားတာခြင်းက မတူညီပါ။ အယူအဆများ၊ ယုံကြည်မှုများ မတူညီတဲ့အခါ ပြဿနာဆိုတာ ဖြစ်ပေါ်တတ်စမြဲပါ။





ဒီတော့ ပြည်သူတွေ ကြားမှာ ပြဿနာများ မဖြစ်ပွားရအောင် အစိုးရက ကာကွယ်ပေးထားရခြင်းပါ။ ဥပမာ၊ ဆိတ်ငြိမ်မှုကို လိုလားတဲ့ ဘာသာဝင်များအတွက် ဆူညံခြင်းဆိုတာဟာ သူတို့အတွက် စိတ်အနှောက်အယှက်များ ဖြစ်စရာပါ။ ဒီအခါမှာ လူ့အခွင့်အရေး ရှုဒေါင့်ကနေကြည့်ပြီး ဆိတ်ငြိမ်ရပ်ကွက်မှာ ဆူညံတဲ့ လူမှုရေးပွဲလမ်းသဘင်များ၊ ဘာသာရေးပွဲလမ်းသဘင်များ စည်းမဲ့ကမ်းမဲ့ ကျင်းပခြင်းမျိုးကို နိုင်ငံတော်မှ တားမြစ်ပိတ်ပင်ပေးရခြင်းပါ။ ဒါကို ဘာသာရေး လွတ်လပ်ခွင့်ကို ပိတ်ပင်တာဆီးတယ်လို့ စွပ်စွဲပြောဆိုလို့ မရနိုင်ပါ။ အမှန်တကယ်တော့ ထိုကဲ့သို့ပြုလုပ်ပေးခြင်းဟာ ပြည်သူများရဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးခြင်းပါ။

ကိုယ့်ဘာသာတရားရဲ့ ဓလေ့ထုံးစံမို့ ပျော်ပွဲရွှင်ပွဲတွေကို လွတ်လပ်စွာ ဆင်နွှဲနိုင်ခွင့်ရှိတယ် ဆိုပေမယ်လို့ မိမိတို့ရဲ့ ပျော်ရွှင်မှုဟာ ပတ်ဝန်းကျင်ကို စိတ်အနှောင့်အယှက်များ ဖြစ်နေခဲ့မယ်ဆိုရင် …။ ဆူညံစွာ ကျင်းပတဲ့ ဘာသာရေးပွဲမျိုးကို တားဆီးပေးရန်မှာ နိုင်ငံတော်ရဲ့ တာဝန်ဖြစ်ကြောင်း ပြည်သူ၊ ပြည်သားများ သိရှိထားနိုင်ဖို့ပါ။ မြန်မာနိုင်ငံတွင်းဌ် ကျင်းပနေတဲ့ ဘာသာရေးပွဲတော်များပဲဖြစ်ဖြစ်၊ လူမှုရေးပွဲတော်များပဲဖြစ်ဖြစ် ကျင်းပပြုလုပ်ခြင်းကို နိုင်ငံတော်မှ ကျင်းပခွင့်(ပါမစ်)မရပဲ ကျင်းပနေခြင်းမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရှားနိုင်ကြဖို့ပါ။ လူ့အခွင့်အရေးဆိုတာ ကိုယ့်အခွင့်အရေးချည်းမဟုတ်ပဲ သူ့များအခွင့်အရေးများလည်း ပါဝင်နေခြင်းကို သတိပြုနိုင်ကြဖို့ပါ။

## နိုင်ငံတကာက ဘာကြောင့် စွပ်စွဲသလဲ

မြန်မာနိုင်ငံတွင်းမှာ လွတ်လပ်စွာ ကိုးကွယ်ခွင့်များကို တားဆီးပိတ်ပင်ခြင်းရှိတယ်ဆိုတဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ စွပ်စွဲပြစ်တင်နေမှုကို အကြောင်းပြကာ အချို့ဘာသာဝင်များဟာ တစ်ခြားဘာသာဝင်များရဲ့ ယုံကြည်ချက်တွေ၊ ခံယူချက်တွေကို ကိုးကွယ်နေတဲ့သူများအား ယုံမှားသံသယတွေ ဖြစ်သွားစေချင်တဲ့ ဆန္ဒမျိုးတွေနဲ့ ဘာသာရေးသောင်စည်းကိုကျော်ပြီး မဟုတ်မဟတ် လုပ်ဇာတ်တွေ ခင်းပြီး ဟောပြောပို့ချနေခြင်းမျိုးဟာ လွတ်လပ်စွာ ကိုးကွယ်ခွင့်ဆိုတဲ့ လူ့အခွင့်ရေးများကို ပြောင်ကျကျ ချိုးဖေါက်နေခြင်းပါ။ မကြာခင်က ကချင်ပြည်နယ်တစ်ဝိုက်မှာ ဗုဒ္ဓဘာသာကို တိုက်ခိုက်ဟောပြောနေတဲ့သူကို ဗုဒ္ဓဘာသာဝင်များက ပြန်လည်ချေပထားတဲ့ "ကမ္ဘာကျော်မည့် ဘာသာရေးလိမ်လည်မှုကြီး" စီဒီခွေကို ကြည့်လိုက်ရခြင်းပါ။

ထိုခွေထဲမှာ အက်စ်ဗွန်အောင် (ခေါ်) ကိုကိုလွင်လို့ခေါ်တဲ့ ခရစ်ယာန်တရားဟောဆရာတစ်ယောက်ဟာ သူ့





ကိုယ်သူ ဘဒ္ဒန္တသုမနာလင်္ကာရ (ဗုဒ္ဓဘာသာကိုးဘွဲ့ရ) အမည်ခံပြီး၊ ဗုဒ္ဓစာပေများကို ရှင်ရဟန်းဝတ်နှင့် သင်ယူခဲ့ဖူးတဲ့အကြောင်း၊ ဘွဲ့တွေ (၉)ဘွဲ့ထိ ရရှိခဲ့ကြောင်း၊ သို့သော် ထိုဘာသာတရား၌ အားကိုးရာ အနှစ်သာရမရှိ၍ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလာခဲ့ရပါကြောင်း စသည်ဖြင့် ဘုရားတရားတော်များကို အပုတ်ချ၍ ဟောပြောနေခဲ့ခြင်းပါ။ လူမှုရေးရှုဒေါင့်မှကြည့်လျှင် ဘာသာရေးကျူးကျော် ရန်စမှုမျိုးကို ကျူးလွန်နေခြင်းပါ။ သို့သော် မြန်မာနိုင်ငံတော်ဟာ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းဆဲကာလမို့ ဘာသာရေးအဓိကရုဏ်းများကို မဖြစ်ရလေအောင် ဗုဒ္ဓဘာသာအဖွဲ့အစည်းများ ပူပေါင်းပြီး ထိုပြဿနာကို ငြိမ်းချမ်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ခြင်းပါ။

ထိုကဲ့သို့သော ဘာသာရေးကျူးကျော်ရန်စမှုမျိုးဟာ နိုင်ငံတော်မှခွင့်ပြုထားတဲ့ ဘာသာရေး လွတ်လပ်ခွင့်ကို လွဲမှားစွာ အသုံးချပြီး လူ့အခွင့်အရေးများကို ပြောင်ပြောင်ကျကျ ချိုးဖေါက်လိုက်ခြင်းပါ။ မှားမှားယွင်းယွင်းဖြင့် မိမိလိုရာကို ဆွဲသွင်းပြီး ဟောပြောခြင်းများဟာ ဘာသာရေးချိုးဖေါက်မှုကြီးဖြစ်နေခြင်းကို ထိုသူကိုယ်တိုင်ကတော့ သိဟန်မတူပါ။ ထိုကဲ့သို့ ဘာသာရေးချိုးဖေါက်မှု၊ ဘာသာရေးစော်ကားမှုမျိုးတွေဟာ ငြိမ်းချမ်းရေးကို ပျက်ပြားစေနိုင်၍



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်တွင်းမှာ နေထိုင်ကြတဲ့ ဘာသာဝင်များအားလုံး ''ဘုတ်ကို ကျီးရှိသေ၊ ကျီးကို ဘုတ်ရှိသေ'' အနေအထားမျိုးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ကြဖို့ပါ။

## ရှုဒေါင့်တစ်ခုတည်း မကြည့်ပါနဲ့

လူ့အခွင့်ရေးနှင့်ဆိုတာ ဘာသာရေးရှုဒေါင့်တစ်ခုတည်းကို ကြည့်ပြီး ပြောလို့မရနိုင်ပါ။ ရှုဒေါင့်အမျိုးမျိုးကနေ မျှမျှတတ ကြည့်တတ်ဖို့ပါ။ ဘာသာခြားတစ်ယောက်က အခြားဘာသာဝင်တစ်ယောက်ရဲ့ သားပျို၊ သမီးပျိုကို မိမိနှင့် အကြောင်းပါ၍ လက်ထက်ခွင့်ရထားတဲ့အခါမျိုးမှာ...။ လူ့အခွင့်အရေး ကြေညာစာတမ်းကြီးမှာ ဖော်ပြထားတဲ့ ''မည်သူမဆို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်၊ မိမိတို့ နှစ်သက်သူကို လွတ်လပ်စွာ အိမ်ထောင်ပြုခွင့်ရှိသည်'' ဟု ဆိုမှုကို ဆုပ်ကိုင်ပြီး ကိုယ်ထင်ရာကို လုပ်လို့မရပါ။ ကိုယ်တိုင်က မိမိအခွင့်ရေးကို ကာကွယ်လို၍ ထိုလူ့အခွင့်ရေး ကြေညာစာတမ်းကြီးကို ကိုးကားပြောဆိုနေသော်လည်း လူ့အခွင့်အရေးများကို လိုက်နာရန် ထိုသူကိုယ်တိုင်က ဖောက်ဖျက်နေခြင်းပါ။

မိမိနှင့် အခြားဘာသာဝင်တစ်ယောက်ရဲ့သမီးပျိုနှင့် လက်ထပ်ပြီးတဲ့အခါ မိမိလက်ထပ်ယူထားတဲ့ အိမ်သူအား

မြကြာခုံတာအုပ်ဒိုက်



မိမိကိုးကွယ်ထားတဲ့ ဘာသာဝင်အဖြစ်သို့ သဘောဆန္ဒမပါပဲ သို့မဟုတ် အလိုမတူပဲ ဇွတ်အတင်း မိမိဘာသာအတွင်းသို့ သိမ်းသွင်းယူနေကြတဲ့ ကိစ္စမျိုးတွေဟာ သိန်းသောင်းချီ၍ ရှိနေခြင်းပါ။ ဗုဒ္ဓဘာသာဝင် အများစုနေထိုင်တဲ့ တိုင်းပြည်အတွင်းမှာ ဤကဲ့သို့ လူမှုရေးကျူးကျော်မှုမျိုးကို အပြုခံနေရခြင်းဟာ လူ့အခွင့်အရေးကို ပြောင်ကျကျ ချိုးဖေါက်ခံနေရခြင်းပါ။ ဒါကို သိလို့ တရားဥပဒေနှင့်အညီ ဖြေရှင်းနိုင်ဖို့ နိုင်ငံတော်ကို တိုင်ကြားတဲ့အခါ နိုင်ငံတော်မှ လူ့အခွင့်အရေးကို ကာကွယ်ပေးသည့် အနေအားဖြင့် ထိုသူအား ခေါ်ယူ၍ သတိပေး တားဆီးခြင်းမျိုးကို ပြုရခြင်းပါ။ လူ့အခွင့်အရေးကို ကာကွယ်ပေးရမဲ့တာဝန်ဟာ နိုင်ငံတော်အစိုးရတိုင်းရဲ့ တာဝန်ဆိုတာ ပြည်သူများ သိနိုင်ဖို့ပါ။

ထိုအခါ ထိုသူနှင့် ထိုသူ၏ အပေါင်းဖေါ်များက လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို တားဆီး ပိတ်ပင်ပါတယ်လို့ ကမ္ဘာသိအောင် ဟစ်အော်ပြခြင်းပါ။ ကိုယ်ထင်ရာ မလုပ်ရတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို တားဆီးပိတ်ပင်တယ်ဆိုတဲ့ စွဲချက်တင်ခြင်းဟာ လူ့အခွင့်အရေးကို ကိုယ်တိုင်က ချိုးဖေါက်နေသူဖြစ်ပါလျှက် ''သူခိုးက လူဗျို့'' ဟု ဟစ်အော်နေခြင်းမျိုးနှင့် တူနေခြင်းပါ။

မြကြာခုံတာအုပ်ဒိုက်

www.burmeseclassic.com

www.burmeseclassic.com



## လွတ်လပ်စွာ ကိုးကွယ်ခွင့်ဆိုတာ

ဒီမိုကရေစီကျင့်ထုံး၌ "လွတ်လပ်စွာ ကိုးကွယ်ခွင့်" ကို အဓိပ္ပါယ်ဖွင့်ဆိုရာမှာ လွတ်လပ်စွာ ကိုးကွယ်ခွင့်ဆိုတာ ပုဂ္ဂိုလ်ရေးရာမှာပဲဖြစ်ဖြစ်၊ ဘာသာရေးအသင်းအဖွဲ့ဆိုင်ရာမှာပဲ ဖြစ်ဖြစ်၊ တစ်ဦးချင်းအတွက်ပဲဖြစ်ဖြစ်၊ အများအတွက်ပဲဖြစ်ဖြစ် ယုံကြည်မှု၊ ကိုးကွယ်မှု၊ ဘာသာတရား၌ ပါဝင်ဆောင်ရွက်မှု များကို စည်းမျဉ်းဥပဒေဖြင့် လူ့အခွင့်အရေးကို အထောက် အပံ့ပြုပေးထားခြင်းပါ။ တစ်ချိန်တည်းမှာပင် ထိုဥပဒေက လွတ်လပ်စွာ ဘာသာကူးပြောင်းခွင့်၊ မိမိယုံကြည်ထားတဲ့ ဘာသာတရားကို လွတ်လပ်စွာ ဆက်လက် ကိုးကွယ်ခွင့် တို့ကို ကာယကံရှင်၏ဆန္ဒအတိုင်း ပြုလုပ်ခွင့် ရနိုင်ရန် ကာကွယ်ပေးထားရခြင်းပါတဲ့။[၁]

သို့သော် လူမှုရေးအမြတ်ထုတ်လိုမှု၊ အိမ်ထောင် ရေး အမြတ်ထုတ်လိုမှု၊ ဘာသာရေး အမြတ်ထုတ်လိုမှုနှင့် လူမျိုးရေးအမြတ်ထုတ်လိုမှုများကို ပြုနေသူတို့အား (၁) လူ့ အခွင့်အရေးဆိုတဲ့ ဘောင်စည်းကို မကျော်ရန်၊ (၂) နိုင်ငံ တော်မှ ဘာသာဝင်များအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ

Freedom of religion is a principle that supports the freedom of an individual or community, in public or private, to manifest religion or belief in teaching, practice, worship, and observance; the concept is generally recognized also to include the freedom to change religion or not to follow any religion.





နေနိုင်ရန်နှင့် (၃) လူ့အခွင့်အရေးများကို လေးစားလိုက်နာနိုင် စေရန်အတွက် မလွဲမသွေ နိုင်ငံတော်မှ ကာကွယ်ပေးရခြင်း ပါ။ ဒီမိုကရေစနစ်အရ လူ့အခွင့်အရေးကို ကာကွယ်ပေးခြင်း ဟာ ဘာသာရေးလွတ်လပ်ခွင့်ကို အထောက်အပံ့ပြုပေးနေ တယ်ဆိုတာ ဘာသာဝင်များအားလုံး သဘောညက်ဖြင့် သက်ဝင်နိုင်ကြဖို့ပါ။

လူ့အခွင့်အရေး ကြေညာစာတမ်းအရ ဘာသာရေး နှင့် နိုင်ငံရေးကိစ္စများသည် သိမ်မွေ့လှ၍ ကိုင်တွယ်ဖြေရှင်း ရန် မလွယ်ကူလှပါ။ အနောက်တိုင်းတက္ကသိုလ်တစ်ခု၌ စာရေးသူ ပညာသင်ကြားနေစဉ်အခါက ပရောဖက်ဆာတစ် ယောက် ပြောခဲ့ဖူးတဲ့ စကားလေးတစ်ခွန်းကို ယနေ့အထိ အမှတ်ရနေဆဲပါ။ သူပြောတာက စာပေဟောပြောပွဲမှာပဲဖြစ် ဖြစ်၊ လူမှုရေးဟောပြောပွဲတွေမှာပဲဖြစ်ဖြစ်၊ မလွဲသာ၊ မရှောင် သာလို့ စကားပြောရတော့မည်ဆိုရင် ဘာသာရေးနှင့် နိုင်ငံ ရေးအကြောင်းကို ပြောဖို့ရှောင်ပါတဲ့။ ဘာကြောင့်လဲဆိုရင် အဲဒီဘာသာရပ်တွေမှာ အငြင်းပွားစရာ အချက်တွေ များစွာ ပါဝင်နေလို့ပါတဲ့။

လက်ခံနိုင်စရာပါ။ ဘာကြောင့်လဲဆိုရင် ဘာသာ တရားဆိုတာ ယုံကြည်လက်ခံတဲ့သူများအပေါ်မှာသာ မူတည် နေလို့ သူတို့ယုံကြည်ချက်ကို မှားတယ်၊ မှန်တယ်ပြောဖို့

www.burmeseclassic.com



ဆိုတာ ခက်ခဲခြင်းတစ်ရပ်ပါ။ ထိုဘာသာဝင်များအတွက် သူတို့ယုံကြည်ချက်ဟာ အမှန်တရားဖြစ်နေပေမဲ့ အခြားဘာသာဝင်များအတွက် အမှန်တရားဖြစ်ချင်မှ ဖြစ်နိုင်တာပါ။ ဥပမာ၊ အတ္တဟာ ဟိန္ဒူဘာသာဝင်များအတွက် အမှန်တရားဖြစ်နေပေမဲ့ ဗုဒ္ဓဘာသာဝင်များအတွက် လက်ခံနိုင်ဖို့ ခဲယဉ်းနေခြင်းပါ။ ထာဝရဘုရားသခင်ကို မယုံကြည်တဲ့ အခြားဘာသာဝင်တစ်ယောက်ရဲ့အသက်ကို ဖိဝိန်ချေခြင်းဟာ ဘာသာရေးကုသိုလ်ဖြစ်တယ်ဆိုတဲ့ အယုံအကြည်မျိုးကို အခြားဘာသာဝင်များအတွက် ဘယ်လိုနည်းနှင့်မှ လက်ခံနိုင်မည်မဟုတ်ပါ။

## အားလုံးငြိမ်းချမ်းစွာ နေဖို့ပါ

မြန်မာနိုင်ငံတော်ဟာ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံပါ။ သို့သော် ဗုဒ္ဓဝါဒကို လက်ခံကျင့်သုံးနေတဲ့ ဗုဒ္ဓဝါဒီတို့ဟာ ငြိမ်းချမ်းခြင်းဟာ ဘာသာတရားများရဲ့ ဓမ္မအမြုတေလို့ လက်ခံထားကြခြင်းပါ။ ငြိမ်းချမ်းစွာနေလိုတဲ့ ဗုဒ္ဓဘာသာဝင်များအတွက် ဘာသာရေးလွတ်လပ်ခွင့်ဆိုတာ မွေးရာပါ အသိလို့ပင် ဆိုနိုင်ခြင်းပါ။ ကိုယ်ယုံကြည်ရာကို လက်ခံခြင်းအတွက် ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် ဘာပြဿနာမှ မရှိနိုင်ပါ။ သို့သော်





အနည်းစုက အများစုကို အနိုင်ကျင့်ချင်တာမျိုး၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို အသုံးချပြီး ဘာသာရေးအမြတ်ထုတ်ချင်တာမျိုးတို့ကို တွေ့ရလျှင်တော့ ဗုဒ္ဓဘာသာဝင်များဟာ သည်းခံနိုင်စွမ်း စွမ်းရည်များ အားနည်းနေခြင်းကို တွေ့ရခြင်းပါ။ စိတ်ဝင်စားစရာပါ။

သို့သော် မြန်မာလူမျိုးအများစုဟာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြတာကတစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကြီး မြန်မာနိုင်ငံ၌ ပီပီပြင်ပြင် ကျင့်သုံးစေချင်တာကတစ်ကြောင်း ဤသို့သော အကြောင်းများကြောင့် လူ့အခွင့်အရေးများ လေးစားလိုက်နာနေကြခြင်းပါ။

သို့သော် ဆူညံစွာကျင်းပလေ့ရှိတဲ့ ဘာသာရေးပွဲတော်များ နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ကြဖို့ကိုတော့ လေးလေးနက်နက် တိုက်တွန်းလိုခြင်းပါ။

အနှစ်ချုပ်၍ဆိုရသော် မြန်မာနိုင်ငံတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် လူ့အခွင့်အရေးများကို ကိုယ်တိုင်လည်း လေးစားလိုက်နာ၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၏ အနှစ်သာရများကို ကိုယ်တိုင်လည်း သိနားလည်အောင် ကြိုးစားကြခြင်းဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ငြိမ်းချမ်းစွာ အရောက်လှမ်းနိုင်ကြဖို့ပါ။ ဆိုလိုရင်းက ကိုယ်တွင်းငြိမ်းချမ်းမှ နိုင်ငံတော်ကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းမှာမို့ လူအခွင့်အရေးများကို လေးစားလိုက်နာလျှက် ကိုယ်ယုံကြည်ရာ ဘာသာတရားကို ပြည်သူ၊ ပြည်သားတိုင်း ငြိမ်းချမ်းစွာဖြင့် လိုက်နာကျင့်သုံး နေထိုင်နိုင်ကြဖို့ပါ။ ချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ။

ဒေါက်တာမမှုပိယ (IBTMU)



www.burmeseclassic.com